# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုး ရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)


၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက် | ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ်(၀၅၅)


## ပုပ်ရဟန်းမင်းကြီး ဖရန့်စစ် မြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး လာရောက်မည်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဖိတ်ကြားချက်အရ ပုပ်ရဟန်းမင်းကြီး ဖရန့်စစ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ မကြာမီ ကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီး လာရောက်မည် ဖြစ်သည်။

**သတင်းစဉ်**

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Abul Hassan Mahmood Ali အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာနဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးကိစ္စနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် ကဏ္ဍများနှင့် အလားအလာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး **H.E. Mr. Abul Hassan Mahmood Ali** အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

## ချို့တဲ့ပြည်သူများအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရန် ဦးစားပေးဆောင်ရွက်မည်


သဝဏ်လွှာ စာ - ၄


## မိန်းကလေးများ အကြမ်းဖက်ခံရမှုကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် တိုက်တွန်းပြောကြား


နိုင်ငံတကာ စာ - ၁၄


### သတင်းထုတ်ပြန်ချက်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများနှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့်အစီအစဉ်ကို လက်မှတ်ရေးထိုးခဲ့ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၏ ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူလ်ဟတ်ဆန်မာမွတ်အလီ ခေါင်းဆောင်သော ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်မှ ၂၃ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပါသည်။

ခရီးစဉ်အတွင်း ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်၊ မွန်းလွဲ ၄ နာရီတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူလ်ဟတ်ဆန် မာမွတ်အလီတို့သည် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများနှင့်စပ်လျဉ်း၍


*စာမျက်နှာ ၃ ကော်လံ ၃* ❀



KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by FinanceAsia 2017

မြန်မာ့အလင်း

# အချိန်အခါမဲ့ မိုးကြောင့် အကျိုးမနည်းကြရလေအောင်

ယခုနှစ် နွေစပါးစိုက်ဧက ၁၈ သိန်းခန့် စိုက်ပျိုးရန်အတွက် ဆည်ရေများ သိုလှောင်ထားနိုင်ပြီဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တောင်သူလယ်သမားများသို့ အသိပေးထားသည်။ ပြီးခဲ့သည့် မိုးကာလတွင် မိုးကောင်းခဲ့၍ တစ်နိုင်ငံလုံးတွင်ရှိသော ရေလှောင်တမံများတွင် စိုက်ပျိုးရေ သိုလှောင်နိုင်မှုလည်း ကောင်းခဲ့ရာ ယမန်နှစ် နွေစပါးစိုက်ရာသီထက် ယခုနှစ်တွင် နွေစပါးစိုက်ဧက နှစ်ဆပို၍ စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။

မိုးရာသီအကုန် ဆောင်းရာသီအဝင် ပြီးခဲ့သည့် ရက်ပိုင်းအတွင်း တစ်ရက် နှစ်ရက်မျှသာ အချမ်းဓာတ်ဖြင့် အေးမြခဲ့သော်လည်း ဘင်္ဂလားပင်လယ်အော် မုန်တိုင်းငယ်နှင့် လေဖိအားနည်းရပ်ဝန်းတို့ ဆက်တိုက်ဖြစ်ပေါ်နေခဲ့သည့်အတွက် မိုးပြတ်သည့်ရက်ဟူ၍ မရှိ။ အချို့နေရာ ကျဲကျဲ၊ အချို့နေရာကွက်ကျား၊ အချို့နေရာတွင် မိုးကြီး စသည်ဖြင့် အနည်းနှင့် အများသာ ကွာခြားသည်။ မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ပြည်သူလူထုတို့ မှီခိုအားထားရာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းက အစိုးမရသည့် ရာသီဥတုအပေါ်တွင် မှီတည်နေသည်။ ရွာသင့်သည့်အချိန် မိုးမရွာ၍ စိုက်ရေးပျိုးရေး အခက်တွေ့ရသလို မရွာသင့်သည့်အချိန်မိုးရွာ၍ ရိတ်သိမ်းမှုလုပ်ငန်းများ နှောင့်နှေးရခြင်း၊ အလေအလွင့် အပျက်အစီးဆုံးရှုံးမှု များခြင်းတို့နှင့် ရင်ဆိုင်ကြရသည်။

ယခုအခါ စပါးစိုက်ဒေသများတွင် ရိတ်သိမ်းရန် ချိန်ခါသင့်နေပြီဖြစ်သည့် ရွှေဝါရောင် စပါးခင်းများ၊ လူအား စက်အားတို့ဖြင့် ရိတ်သိမ်းခြွေလှေ့နေမှုများ တွေ့မြင်နေရသလို ကောင်းကင်တစ်ခွင် မိုးသားတိမ်လိပ်များ၊ အချိန်အခါမဟုတ်ရွာသည့် မိုးများ၊ လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်မှုများနှင့်အတူ မိုးဆက်လက်ထစ်ချုန်းရွာမည့် မိုးလေဝသ သတင်းထုတ်ပြန်ချက်များကိုလည်း မီဒီယာများမှ တစ်ဆင့် တွေ့မြင် ကြားသိနေကြရသည်။ ရိတ်သိမ်းချိန်သီးနှံများ အလေအလွင့်က ရာသီဥတုအပေါ်တွင်လိုက်၍ အနည်းအများ ဖြစ်ပေါ်လေ့ရှိသည်။ စပါးကဲ့သို့သော သီးနှံများ ရိတ်သိမ်းချိန်တွင် မိုးရွာသွန်းမှုနှင့် ကြုံရပါက သမားရိုးကျအတိုင်း လုပ်ကိုင်နေ၍ မရတော့သဖြင့် တောင်သူတို့ အလုပ်ပိုရပြီ။ ခြွေလှေ့စက်၊ အခြောက်ခံစက်များဖြင့် လူအင်အားသုံးနိုင်ဖို့လိုလာပြီ။ မိုးအခြေအနေကိုကြည့်ကာ ထုတ်လှန်းရ၊ ပြန်သိမ်းရနှင့် ဗျာများကြရသည်။ နေရောင်ခြည်လေးရတုန်းရခိုက် စပါးလှန်းကြရာမှ အဝေးပြေးကားလမ်းမကြီးများပေါ်တက်၍ လှန်းကြသည်အထိ ဖြစ်လာသည်။ ဤသို့ စည်းမဲ့ကမ်းမဲ့ လုပ်ရပ်မျိုးကတော့ ရှောင်ကြရပါမည်။ စပါးကောင်းကောင်း မခြောက်ပါက ဆန်ကြိတ်ခဲ့ရာ၌ ဆန်ကောင်းမရ၊ အရည်အသွေးမမီ။ အကျိုးအကြေများ၍ အရည်အသွေးမမီပါက ဈေးကောင်းမရနိုင်။ တစ်ရာသီလုံးလုပ်ခဲ့သမျှ အချိန်အခါမဟုတ်ရွာသည့်မိုးကြောင့် အကျိုးအမြတ်နည်းကြရသည်။

မည်သို့ပင်ဖြစ်စေ ယခုနှစ်တွင် ဆန်ဈေးက အတက်ပြလာသည်။ ရွှေဘိုပေါ်ဆန်းမွှေးဆိုလျှင် နှစ်နှစ်အတွင်း စံချိန်တင် အမြင့်ဈေးသို့ ရောက်လာသလို အခြေခံလူတန်းစားတို့ အားထားရာ ဆန်ကြမ်းဈေးကလည်း တက်လာသည်။ စပါးစိုက်တောင်သူတို့ တစ်မိုးတွင်းလုံး ကြိုးပမ်းခဲ့သမျှ ပင်ပန်းရကျိုးနပ်မည့် ကိန်းဖြစ်သည်။ သီးနှံများ အချိန်မီ ရိတ်သိမ်းခြင်း၊ ရိတ်သိမ်းပြီးသီးနှံများ ရေလွတ်ရာ အမိုးအကာအောက် အချိန်မီပို့ဆောင်ခြင်း၊ ကျန်ရှိသည့် သီးနှံများ မပျက်စီးအောင် အထူးဝီရိယမစိုက် ကာကွယ်ကြခြင်းဖြင့် အခါမဲ့မိုးကြောင့် အကျိုးနည်းရမည့်အဖြစ်မှ ရှောင်လွှဲနိုင်ကြပါစေကြောင်း။ ။

## မြန်မာ့ရုပ်မြင်သံကြား

၂၄-၁၁-၂၀၁၇(သောကြာနေ့)

နံနက်ပိုင်း

| | | |
|---|---|---|
| ၆း၀၀ | - | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၈း၄၅ | - | **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ (၆)** |
| ၁၀း၃၀ | - | **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ (၇)** |
| ၁၃း၀၀ | - | ဆေးရောင်စုံရုပ်ရှင် **လွမ်းနေမယ်မမ** (ဇာတ်သိမ်း) ကျော်ဟိန်း၊ ချိုပြုံး၊ ဆွေဇင်ထိုက်၊ ဒါရိုက်တာ ဦးတင်ယု |
| ၁၈း၂၀ | - | သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် **ဖေ့စ်ဘွတ်ခ်ဘုရင်မ** လူမင်း၊ ကျော်ကျော်ဗိုလ်၊ ရွှေမှုံရတီ၊ ဒါရိုက်တာ ပြည်ဟိန်းသီဟ |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ |
| ၂၀း၃၅ | - | **ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှု** |
| | - | **ပြည်ကြီးမဏ္ဍိုင်အငြိမ့်** မင်းသမီး-ဝင်းသပြေထွန်း၊ လူရွှင်တော်-အရိုင်း၊ ငှက်ပျောကျော်၊ ပန်းသီး၊ ကင်းကောင်၊ ဇီးသီး၊ စိန်သီး၊ ဒါရိုက်တာ ဇာဂနာ |

# နိုင်ငံပြင်ပသို့ စပါးဝယ်ယူတင်ပို့ခြင်းကိစ္စနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၃**

**"နိုင်ငံပြင်ပသို့ တရားမဝင် စပါးဝယ်ယူတင်ပို့ခြင်းကိစ္စနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေး" ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက် အမှာစကားပြောကြားသည်။**



ဒုတိယဝန်ကြီးက ဆန်ပြည်ပတင်ပို့မှုအခြေအနေမှာ နိုဝင်ဘာ ၁၀ ရက်အထိ ဆန်တန်ချိန် (၁ ဒသမ ၉) သန်းကျော် တင်ပို့နိုင်ခဲ့ပြီး ပင်လယ်ရေကြောင်းမှ ဆန်တန်ချိန် တစ်သန်းခန့်နှင့် နယ်စပ်မှ တန်ချိန် ကိုးသိန်းကျော် တင်ပို့နိုင်ခဲ့ပါကြောင်း၊ ပြီးခဲ့သည့် ဘဏ္ဍာနှစ်မှစ၍ ပင်လယ်ရေကြောင်းမှ တစ်ဆင့် ဆန်တင်ပို့မှု တိုးတက်လာခဲ့ပါကြောင်း။

ယခုနှစ်မိုးစပါးပေါ်ချိန် စပါးဈေးနှုန်းများ ကောင်းမွန်သည့်အတွက် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ တိုက်ရိုက်အကျိုးခံစားရသည်ကို တွေ့မြင်ရပါကြောင်း၊ ယခုဖြစ်ပေါ်နေသည့် အခြေအနေကောင်းများကို ရေရှည်ဆက်လက်ထိန်းသိမ်းပြီး ဆန်စပါးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် ဌာနဆိုင်ရာပိုင်းနှင့် ပုဂ္ဂလိကကဏ္ဍပိုင်းအပါ ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးဖို့ တာဝန်ရှိပါကြောင်း၊ လယ်ယာထွက်ကုန် သီးနှံများအား ပြည်တွင်းတွင် လွတ်လပ်စွာဝယ်ယူခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများကို ခွင့်ပြုပေးထားသော်လည်း ပြည်တွင်းတွင် စပါးများကို ဝယ်ယူပြီး ကုန်ကြမ်းအတိုင်း နယ်စပ်မှ တစ်ဆင့် တရားမဝင်တင်ပို့မှုကိစ္စနှင့် ပတ်သက်၍ တားဆီးဆောင်ရွက်နိုင်မည့် နည်းလမ်းများကိုဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များမှ ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအသီးသီးမှ တက်ရောက်လာကြသော ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများမှ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မူဆယ်ဆန်စပါးကုန်သည်ဒိုင်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက စပါးများ တရားမဝင်တင်ပို့ရောင်းချနေမှု အခြေအနေများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level- III ပွဲစဉ် (၄) ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level-III ပြိုင်ပွဲ ပွဲစဉ် (၄) ပြိုင်ပွဲကို နိုဝင်ဘာ ၂၆ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival) ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲကို Level- I ပဏာမ အသံစစ်ဆေးခြင်းများကို မြန်မာနိုင်ငံတစ်ဝန်း မြို့ကြီး ၁၁ မြို့၌ ကျင်းပခဲ့ပြီး Level – II ပြိုင်ပွဲများအား မန္တလေးမြို့နှင့် နေပြည်တော်တို့၌ ကျင်းပခဲ့ပြီးဖြစ်သည်။

ယခုအခါ ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level-III ပြိုင်ပွဲများကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့၌ ကျင်းပလျက်ရှိရာ Level-III ပွဲစဉ်(၄) ပြိုင်ပွဲကို ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မျဉ်းပြိုင်ကွင်းလမ်း ရွှေထွဋ်တင်ဝင်းအတွင်းရှိ Hexagon Complex ၌ နိုဝင်ဘာ ၂၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် နိုဝင်ဘာ ၂၃**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မြန်မာ့ပင်လယ်ပြင်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျရောက်ပြီး ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၃-၁၁-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၅၅/၇၆၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၆၀/၇၇၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၀၅/၈၁၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၈၀/၇၉၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| **အမေရိကန်** | **တစ်ဒေါ်လာ** | **၁၃၆၆ . ၀** |
| **ဥရောပ** | **တစ်ယူရို** | **၁၆၀၄ . ၉** |
| **စင်ကာပူ** | **တစ်ဒေါ်လာ** | **၁၀၀၇ . ၀** |
| **ထိုင်း** | **တစ်ဘတ်** | **၄၁ . ၆၃** |
| **အိန္ဒိယ** | **တစ်ရူပီး** | **၂၁ . ၀** |
| **တရုတ်** | **တစ်ယွမ်** | **၂၀၆ . ၁၃** |
| **မလေးရှား** | **တစ်ရင်းဂစ်** | **၃၂၈ . ၅၂** |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၉/၂၀၁၇**
၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်
(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)
**ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ဝန်ကြီးဌာနအသီးသီးတွင် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန် ပေးလိုက်သည်-

(၁) ဦးသောင်းထွန်း — ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(၂) ဦးကျော်တင် — ပြည်ထောင်စုဝန်ကြီး
အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၃၀/၂၀၁၇**
၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်
(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)
**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဖွဲ့စည်းခြင်း**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(က)အရ အပ်နှင်းသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ **" အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးလိုက်သည်-

(၁) ဦးအောင်ကြည် — ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး(အငြိမ်းစား)
ပြန်ကြားရေးဝန်ကြီးဌာန

(၂) ဦးစိုးတင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး(အငြိမ်းစား)
ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး

(၃) ဦးအောင်လွင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး(အငြိမ်းစား)
ပြည်ထဲရေးဝန်ကြီးဌာန

(၄) ဦးဟန်ညွန့် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(၅) ဒေါ်မြတ်မြတ်စိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)
အမျိုးသားစီမံကိန်းနှင့်စီးပွားရေး
ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(၆) ဦးအောင်သန်းမြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး(အငြိမ်းစား)
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(၇) ဦးခင်မောင်မြင့် — အဖွဲ့ဝင်
တရားလွှတ်တော်ရှေ့နေ

(၈) ဦးမျိုးမြင့် — အဖွဲ့ဝင်
တရားလွှတ်တော်ရှေ့နေ

(၉) ဒေါ်အေးအေးမူ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(၁၀) ဦးဇော်ဝင်း — အဖွဲ့ဝင်
ရဲချုပ်(အငြိမ်းစား)
ပြည်ထဲရေးဝန်ကြီးဌာန

(၁၁) ဒေါ်လဲ့လဲ့သွင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး(အငြိမ်းစား)
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(၁၂) ဦးစန်းဝင်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး(အငြိမ်းစား)
ပြည်ထောင်စုရှေ့နေချုပ်ရုံး

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**



# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၏ ကိုယ်ရေးအကျဉ်း

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့် ဦးသောင်းထွန်းသည် Master in International Public Policy (MIPP)၊ မဟာဝိဇ္ဇာဘွဲ့ (Master in Public Policy) ရရှိခဲ့ပြီး တောင်စွန်းမြို့၌ ၁၉၄၇ ခုနှစ်တွင် မွေးဖွားခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အငြိမ်းစားသံအမတ်ကြီးတစ်ဦးဖြစ်ပြီး လက်ရှိတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သမီးတစ်ဦးရှိသည်။

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၏ ကိုယ်ရေးအကျဉ်း



အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့် ဦးကျော်တင်သည် မဟာသိပ္ပံဘွဲ့ (သင်္ချာ)၊ ဘွဲ့လွန်ဒီပလိုမာ (ပတ်ဝန်းကျင်စီမံခန့်ခွဲရေး) (ဂျာမနီ) ရရှိခဲ့ပြီး ဝန်းသိုမြို့တွင် ၁၉၅၅ ခုနှစ်က မွေးဖွားခဲ့သည်။ လက်ရှိတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်သည် တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နတ်မြစ်နယ်နိမိတ်ဖြည့်စွက်အခြေပြစာချုပ် (၂၀၀၇) လက်မှတ်ရေးထိုးခြင်းနှင့် နတ်မြစ်မြောက်ဘက် ကုန်းပိုင်းနယ်နိမိတ်စာချုပ် အတည်ပြု စာချွန်လွှာ လဲလှယ်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူလ်ဟတ်ဆန်မာမွတ်အလီ ခေါင်းဆောင်သော ဘင်္ဂလားဒေ့ရှ်ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ မြန်မာနိုင်ငံ၌ ရောက်ရှိလျက်ရှိသည်။

ခရီးစဉ်အတွင်း ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးတို့သည် မြန်မာ-ဘင်္ဂလားဒေ့ရှ် နတ်မြစ်မြောက်ဘက် ကုန်းပိုင်းနယ်နိမိတ်စာချုပ်(၁၉၉၈)အား အတည်ပြုသည့် စာချွန်လွှာကို အပြန်အလှန်လဲလှယ်ခဲ့ကြသည်။ **(ယာပုံ)**



ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် H.E. Mr. Md. ShahidulHaque တို့ကလည်း မြန်မာ-ဘင်္ဂလားဒေ့ရှ် နတ်မြစ်နယ်နိမိတ်ဖြည့်စွက် အခြေပြစာချုပ် (၂၀၀၇)အား နှစ်ဖက်လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❁ *ရှေ့ဖုံးမှ*

ဆောင်ရွက်မည့်အစီအစဉ်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

ယင်းနောက် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၂၃ ရက်၊ မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူလ်ဟတ်ဆန် မာမွတ်အလီတို့သည် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများနှင့် စပ်လျဉ်း၍ ဆောင်ရွက်မည့်အစီအစဉ်ကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုးခဲ့ပါသည်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများနှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့်အစီအစဉ်သည် ၁၉၉၂ ခုနှစ်က ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား နိုင်ငံခြားရေးဝန်ကြီးအဆင့်တွင် လက်မှတ်ရေးထိုးခဲ့သည့် ပူးတွဲကြေညာချက်ကို အခြေခံ၍ ရေးဆွဲထားပြီး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများကို စနစ်တကျ စိစစ်လက်ခံရာတွင် လိုက်နာဆောင်ရွက်ရမည့် အထွေထွေမူဘောင်များနှင့် မူဝါဒရေးရာအစီအမံများပါရှိကြောင်း သတင်းရရှိပါသည်။

ရခိုင်ပြည်နယ် နေရပ်စွန့်ခွာသူများကိစ္စနှင့်ပတ်သက်၍ အနောက်နိုင်ငံများက လည်းကောင်း၊ အိုအိုင်စီ အဖွဲ့ကလည်းကောင်း၊ နိုင်ငံတကာတွင် ဖိအားပေးကာ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီတွင်လည်းကောင်း၊ အထွေထွေညီလာခံ၏ တတိယကော်မတီတွင်လည်းကောင်း၊ အဆိုမူကြမ်း ချမှတ်ခဲ့သည့်အပြင် လုံခြုံရေးကောင်စီတွင် သဘာပတိ၏ ထုတ်ပြန်ချက်ဖြင့်လည်းကောင်း ချမှတ်ကာ နိုင်ငံတကာအရေးကိစ္စအဖြစ် ကြိုးပမ်းဆောင်ရွက်နေပါသည်။

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများအကြား အရေးကိစ္စပေါ်ပေါက်လာပါက နှစ်နိုင်ငံချင်း ဆွေးနွေးညှိနှိုင်းခြင်းဖြင့်သာ ဖြေရှင်းရမည်ဟု ခိုင်မာစွာရပ်တည်ခဲ့ပါသည်။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ ယခုကဲ့သို့ နှစ်နိုင်ငံ ချစ်ခင်ရင်းနှီးမှုကို အခြေခံကာ နှစ်ဦးနှစ်ဖက် လက်ခံနိုင်မည့်ရလဒ်ကို ရယူခဲ့ခြင်းဖြင့် မိမိ၏ဆုပ်ကိုင်ထားသော ရပ်တည်ချက်အပေါ် မားမားမတ်မတ် ရပ်တည်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန
နေပြည်တော်။
ရက်စွဲ။ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်



**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူလ်ဟတ်ဆန် မာမွတ်အလီတို့ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများနှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့်အစီအစဉ်ကို လက်မှတ်ရေးထိုးစဉ်။**

# ချို့တဲ့ပြည်သူများအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရန် ဦးစားပေးဆောင်ရွက်မည်

## ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များစာအုပ် မိတ်ဆက်ခြင်း အခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ပေးပို့သည့် သဝဏ်လွှာ

(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)

ယနေ့ကျင်းပသည့် ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များစာအုပ်မိတ်ဆက်ခြင်းအခမ်းအနားသို့ ကြွရောက်လာသူများနှင့်တကွ ကျွန်မတို့ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

ကျွန်မတို့နိုင်ငံကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်တွင် အခြေတကျရပ်တည်နိုင်ရန်အတွက် ကြိုးပမ်းလျက်ရှိရာတွင် ငြိမ်းချမ်းရေးသည် အဓိကကျသကဲ့သို့ ပြည်သူလူထု၏ ကျန်းမာရေးကောင်းမွန်လုံခြုံရေးကိုလည်း အရေးကြီးအခန်းကဏ္ဍတစ်ရပ်အနေနှင့် ဖြည့်ဆည်းဆောင်ရွက်သွားရန် သတ်မှတ်ထားပါသည်။ အထူးသဖြင့် တိုင်းရင်းသားများ၊ ဝေးလံခက်ခဲဒေသများနှင့် ကျေးလက်ဒေသများတွင် နေထိုင်ကြသည့် ပြည်သူများနှင့်တကွ လူမှုစီးပွားချို့တဲ့သူ ပြည်သူများအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဖြည့်ဆည်းပေးနိုင်ရန် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံနိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၁၇-၂၀၂၁)ကို ရေးဆွဲခဲ့ပြီး ဦးစားပေးအစီအစဉ်များ ချမှတ်ထားကာ ယင်းစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သုတေသနတွေ့ရှိချက်များအရ ကျွန်မတို့နိုင်ငံတွင် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါစသည့် နာတာရှည်ရောဂါဖြစ်ပွားမှုများ မြင့်မားနေပြီး၊ နာတာရှည်ရောဂါများကို ဖြစ်ပွားစေသည့် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ အရက်သေစာသောက်စားခြင်း စသည့် ကျန်းမာရေးကိုထိခိုက်စေသော အလေ့အထများရှိနေသည့်အပြင် ကျန်းမာရေးနှင့် ညီညွတ်သည့် စားသောက်နေထိုင်မှုပုံစံများကို လိုက်နာကျင့်သုံးမှု အားနည်းနေသေးကြောင်း တွေ့ရှိနေရပါသည်။ ထို့ကြောင့် ကျန်းမာရေးနှင့် ညီညွတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် လက်ရှိလူနေမှုဘဝပုံစံများကို အရေးတကြီး ပြုပြင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ ထို့အပြင် ကူးစက်ရောဂါပြဿနာများ၊ မိခင်နှင့် ကလေးသေဆုံးမှုများနှင့် ဆယ်ကျော်သက်လူငယ်များ ကျန်းမာဖွံ့ဖြိုးရေးတို့အတွက် မျက်ခြည်မပြတ် ဆောင်ရွက်သွားကြရန်လည်း လိုအပ်နေသေးကြောင်း တွေ့ရှိရပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်အတူ နှီးနွယ်ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်သကဲ့သို့ ပြည်သူလူထုကိုယ်တိုင်၏ ကျန်းမာရေးအသိပညာ မြင့်မားရန်မှာလည်း အလွန်အရေးကြီးပါသည်။ ပြည်သူလူထု၏ကျန်းမာရေး အသိပညာမြင့်မားလာစေရန်အတွက် ပထမဆုံးလိုအပ်ချက်မှာ မှန်ကန်သည့် ကျန်းမာရေးသတင်းအချက်အလက်များ လက်လှမ်းမီရရှိနိုင်ရန် ဖြစ်ပါသည်။ မှန်ကန်သည့် ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ ရရှိပါကလည်း နားလည်လက်ခံရန်နှင့် မှန်ကန်သည့် ဆုံးဖြတ်ချက်များချနိုင်ရန် ကျွန်မတို့အားလုံး အဆင့်ဆင့်ဆက်လက်ကြိုးစားသွားကြရမည်ဖြစ်ပါသည်။ ယခုအခါ တစ်နိုင်ငံလုံးတစ်ပြေးညီ အသုံးပြုနိုင်မည့် ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များစာအုပ်ကို စတင်ထုတ်ဝေဖြန့်ဖြူးတော့မည် ဖြစ်သဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအသိပညာမြှင့်တင်ရန် ခိုင်မာသည့် အုတ်မြစ်ကိုချနိုင်ခဲ့ပြီဟု မှတ်ယူရမည်ဖြစ်ပါသည်။ ကျန်းမာရေးအသိပညာမြင့်မားရန်အတွက် ကျန်းမာရေးစောင့်ရှောက်သူများသည် နည်းလမ်းပြပေးသူများသာဖြစ်ပြီး၊ ကျန်းမာစေသည့်အလေ့အထများကို လိုက်နာကျင့်သုံးရန်မှာမူ ပြည်သူလူထု၏ တာဝန်သာဖြစ်ပါသည်။ လွယ်ကူ ရိုးရှင်းသည့် ကျန်းမာရေးအလေ့အထများကို မိသားစုက စတင်ရမည်ဖြစ်ပါသည်။

> “ ပြည်သူလူထု၏ကျန်းမာရေး အသိပညာမြင့်မားလာစေရန်အတွက် ပထမဆုံးလိုအပ်ချက်မှာ မှန်ကန်သည့် ကျန်းမာရေး သတင်းအချက်အလက်များ လက်လှမ်းမီရရှိနိုင်ရန်ဖြစ် ”

မိသားစုတိုင်းဆောင်ရွက်နိုင်ရန်အတွက် စေတနာ့ဝန်ထမ်း ပရဟိတအဖွဲ့များ၊ ပြည်သူလူထုအခြေပြုအဖွဲ့များ၊ တိုင်းရင်းသားကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ၊ မီဒီယာများ၊ အနုပညာရှင်များ၏ ပူးပေါင်းမှုအင်အားဖြင့် ညီညီညွတ်ညွတ် ဆောင်ရွက်သွားမည်ဆိုပါက အချိန်တိုအတွင်း အောင်မြင်မှုရရှိနိုင်မည်ဟု ယုံကြည်ပါသည်။

ကျွန်မတို့နိုင်ငံသူနိုင်ငံသားများ ကျန်းမာရေးအသိပညာ မြင့်မားရေးအတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

# ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များစာအုပ် မိတ်ဆက်ခြင်း အခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဦးစားပေးကဏ္ဍတစ်ခုဖြစ်သော ပြည်သူများ၏ ကျန်းမာရေးအသိပညာ မြင့်မားလာရေးအတွက် အခြေခံကျန်းမာရေးဝန်ထမ်းများမှ ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ယခုထက် ပိုမိုကျယ်ပြန့်ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ပြုစုရေးဆွဲထားသော ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များစာအုပ် (Version 01) မိတ်ဆက်ခြင်းအခမ်းအနားနှင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ-၂ (MICC-2) တွင် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ၏ဇနီး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်စုစုလွင်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နှီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းမှအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပေးပို့သောသဝဏ်လွှာအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဖတ်ကြားသည်။ ယင်းနောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက ကျန်းမာရေးအဆင့်အတန်းကို ယခုထက် ပိုမိုမြင့်မားလာစေရန် အထူးဦးစားပေးလုပ်ငန်း ၃ ခုဖြစ်သည့် ပြည်သူများကျန်းမာရေး အသိပညာမြင့်မားလာပြီး ကျန်းမာစွာနေထိုင်စားသောက်တတ်စေရန်၊ ကျန်းမာရေးကောင်းမွန်သော ကျောင်းသားထုကြီးမှတစ်ဆင့် ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေရန်၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်ရန်၊ ဆေးရုံတက်သောလူနာများ စိတ်ချမ်းမြေ့စွာရှိစေနိုင်ရေးနှင့် အရည်အသွေးပြည့်ဝသောကုသမှုနှင့် သူနာပြုစုစောင့်ရှောက်နိုင်ရေးအတွက် ဆေးပညာနှင့် နှီးနွယ်ပညာရပ်များ၊ သူနာပြုနှင့် သားဖွားလောကတစ်ခုလုံးဘက်စုံမှ အဆင့်အတန်းမြှင့်တင်ရေးအတွက် ဆေးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာ နှီးနွယ်တက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ် ၂ ခုနှင့် သူနာပြု/သားဖွားကျောင်း ၅၀ တို့မှ သင်ရိုးညွှန်းတမ်းများ ခေတ်နှင့်အညီ လိုက်လျောညီထွေဖြစ်စေရေးနှင့် သင်ကြားပုံ၊ သင်ကြားနည်းစနစ်လက်တွေ့ကျရေး၊ ထိရောက်ပီပြင်စေရေး၊ ဆေးပညာကျင့်ဝတ်၊ သူနာပြုကျင့်ဝတ်နှင့်အညီ ဆောင်ရွက်နိုင်စေရေး၊ ဆရာများ အရည်အသွေးတိုးတက်စေရေးနှင့် enabling teaching environment ရရှိစေရေးတို့ ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပေးပို့သောသဝဏ်လွှာအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဖတ်ကြားစဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ၏ဇနီး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်စုစုလွင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ဧည့်သည်တော်များက ခင်းကျင်းပြသထားသော ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များ စာအုပ် မိတ်ဆက်ခြင်း အခမ်းအနားသည် ပြည်သူများ၏ ကျန်းမာရေးအသိပညာမြှင့်တင်ပေးခြင်းမှတစ်ဆင့် ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း ယခုထက် ပိုမိုမြင့်မားလာစေရေး ဆောင်ရွက်ခြင်းလုပ်ငန်းဖြစ်သည့်အတွက် အဓိကကျသည့်လုပ်ဆောင်ချက်တစ်ခု၊ အောင်မြင်မှုတစ်ခုလည်းဖြစ်ပါကြောင်း၊ ကျန်းမာရေးအသိပညာမြင့်မားလာလျှင် အလွယ်တကူကာကွယ်နိုင်သောရောဂါများ၊ မဖြစ်သင့် မဖြစ်ထိုက်သောရောဂါများ ဖြစ်ပွားမှုကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ ဆေးရုံတက်ရောက်ကုသရသောလူနာဦးရေလည်း လျော့ကျလာမည်ဖြစ်ပြီး အရည်အသွေးပြည့်ဝသောကုသမှုများကို ပိုမိုပေးအပ်နိုင်မည်ဖြစ်ပါကြောင်း။ ယခုစာအုပ်တွင် ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များကို တစ်နေရာတည်း၌ စုစည်းထားသည့်အတွက် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူများအကြား အိမ်တိုင်ရာရောက် ကွင်းဆင်းရာတွင် ပိုမို၍ကျယ်ပြန့်ထိရောက်စွာ အသုံးချနိုင်မည်ဖြစ်ကြောင်း၊ ၎င်းစာအုပ်ကို ကွင်းဆင်းရာတွင် အလွယ်တကူ သယ်ယူနိုင်ရန်အတွက် Tablet များတွင်လည်း ထည့်သွင်းပြီး အခြေခံကျန်းမာရေးဝန်ထမ်းများအားလုံးကို ဖြန့်ဝေရန် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ် Dr. Stephan Paul Jost နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. June Kunugi တို့က အသီးသီးအမှာစကားပြောကြားကြပြီး အခမ်းအနားသို့ တက်ရောက်လာသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ဇနီး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်စုစုလွင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ဧည့်သည်တော်များက ခင်းကျင်းပြသထားသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြခန်းနှင့် ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်း၏ ပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ မိတ်ဆက်သောစာအုပ်တွင် အပိုင်းကြီး ၁၂ ပိုင်း၊ စာမျက်နှာ ၂၇၂ မျက်နှာပါရှိ၍ အခြေခံကျန်းမာရေးဝန်ထမ်းများအားလုံး စုစုပေါင်း ၂၆၀၀၀ ခန့်ကို ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ မူလတန်း၊ အလယ်တန်း ကျောင်းအုပ်များနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနရှိကျောင်းများတွင် ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ)၊ တိုင်းရင်းသားကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် တွေ့ဆုံ

**နေပြည်တော်  နိုဝင်ဘာ ၂၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် Ling Guang Si ဘုရားကျောင်းရှိ ဗုဒ္ဓမြတ်စွယ်တော်သို့ သွားရောက်ဖူးမြော် ကြည်ညိုပြီး ဘုရားကျောင်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တရုတ်နိုင်ငံ ဗဟို စစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ Lt. Gen. Xi Qiliang နှင့် ပေကျင်းမြို့ ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးကြသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ Lt. Gen. Xi Qiliang နှင့် တွေ့ဆုံစဉ်။** သတင်းစဉ်

# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၁၈)ကြိမ်မြောက် အာဆီယံ ကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး တက်ရောက်



**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မလေးရှားတပ်မတော် ကြည်းတပ်ဦးစီးချုပ် General Datuk Zulkiple Kassim နှင့် တွေ့ဆုံဆွေးနွေးစဉ်။** သတင်းစဉ်

**နေပြည်တော်  နိုဝင်ဘာ ၂၃**

(၁၈)ကြိမ်မြောက် အာဆီယံ ကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး (18th ASEAN Chiefs of Army Multilateral Meeting ACAMM XVIII) ကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် စင်ကာပူနိုင်ငံ Swissotel Stamford Hotel ၌ ကျင်းပရာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အာဆီယံ ကြည်းတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စင်ကာပူ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် Lieutenant General Lim Cheng Yeow Perry နှင့် စင်ကာပူ ကြည်းတပ်ဦးစီးချုပ် Major General Melvyn Ong Su Kiat တို့က အဖွင့်အမှာစကား ပြောကြားကြပြီး ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆင်းရဲနွမ်းပါးမှု၊ လူမျိုးစုအကြမ်းဖက်မှု၊ ကူးစက်ရောဂါပြန့်ပွားမှု၊ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု၊ နိုင်ငံတကာအကြမ်းဖက်မှု၊ မူးယစ်ဆေးဝါး မှောင်ခိုကုန်ကူးမှုနှင့် တရားမဝင် လက်နက် မှောင်ခိုကုန်ကူးမှုဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် စင်ကာပူကာကွယ်ရေးဝန်ကြီး Dr. Ng Eng Hen နှင့် စင်ကာပူကာကွယ်ရေးဝန်ကြီးဌာနရှိ MINDEF Level 5 ၌ တွေ့ဆုံသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မလေးရှားတပ်မတော် ကြည်းတပ်ဦးစီးချုပ် General Datuk Zulkiple Kassim၊ ဖိလစ်ပိုင် တပ်မတော် ကြည်းတပ်ဦးစီးချုပ် Lieutenant General Rolando Joselito Delizo Bautista၊ စင်ကာပူတပ်မတော် ကြည်းတပ်ဦးစီးချုပ် Major General Melvyn Ong Su Kiat တို့နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေး၊ သင်တန်းပိုင်း ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးတို့အား အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် စင်ကာပူ ကြည်းတပ်ဦးစီးချုပ် Major General Melvyn Ong က Swissotel Stamford Hotel Level 14 ၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့ဘဏ္ဍာငွေကြေး ထိန်းကျောင်းတည့်မတ်ပေးရေးအတွက် အဓိကတာဝန်ရှိသည်နှင့်အညီ ထိရောက်စွာ စစ်ဆေးဖော်ထုတ်ရန်လိုအပ်

**နေပြည်တော်  နိုဝင်ဘာ ၂၃**

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် စာရင်းစစ်ချုပ်များ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ (၃/၂၀၁၇) ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးမော်သန်း တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**



ဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက မိမိတို့အနေဖြင့် ပြည်သူ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးရေး၊ ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု ကောင်းမွန်စေရေး၊ ပြည်သူ့ဘဏ္ဍာငွေကြေး ထိန်းကျောင်းတည့်မတ်ပေးရေးအတွက် အဓိကတာဝန်ရှိသည်နှင့်အညီ ထိရောက်စွာ စစ်ဆေးဖော်ထုတ် ရန်လိုအပ်ပါကြောင်း၊ စစ်ဆေးရေးဝန်ထမ်းများအနေဖြင့် စစ်ဆေးရေးအရည်အသွေး ပြည့်ဝရန်ဖြစ်သည့် အတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးပွဲများ၊ သင်တန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စစ်ဆေးရေးလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်းများထံမှ အကူအညီရယူ၍ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများနှင့်အညီ တွေ့ကြုံရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ် ကျော်လွှားဖြေရှင်းနိုင်မှုများ၊ စစ်ဆေးဖော်ထုတ်မှုများကိုလည်း အချင်းချင်း အတွေ့အကြုံဗဟုသုတများ မျှဝေဖလှယ်သွားကြရန်နှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်း ပီပြင်စွာ ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြောင်းလဲရေးအတွက် မိမိတို့အနေဖြင့် အရအသုံးခန့်မှန်းခြေ ဘတ်ဂျက်များ အချိန်မီပြုစုရေးဆွဲရေး၊ စစ်ဆေးရေးအတွက် ကြိုတင်ပြင်ဆင် စီမံထားရှိရန် လိုအပ်ကြောင်း၊ စစ်ဆေးရေး မဟာဗျူဟာစီမံချက် ရေးဆွဲရေးတွင် ပါဝင်ဆောင်ရွက်ပြီး ရေးဆွဲထားသည့်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့မှ စာရင်းစစ်ချုပ်များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က တင်ပြမှုများ အပေါ် ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၄ ရက်ထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့မှ စာရင်းစစ်ချုပ်များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆက်လက်ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲနှင့် ပတ်သက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက “လုပ်ငန်းညှိနှိုင်း အစည်းအဝေး ရည်ရွယ်ချက်နဲ့အညီ ပြည်ထောင်စု စာရင်းစစ်ချုပ်က တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်တွေကို လမ်းညွှန်မှုလုပ်တဲ့ အစည်းအဝေးပါ၊ အထူးသဖြင့် စာရင်းစစ်ချုပ်အရည်အသွေး အာမခံချက်ရှိဖို့ဖြစ်ပါတယ်၊ မဟာဗျူဟာစီမံကိန်းရေးဆွဲဖို့လည်း ပါပါတယ်။ ဘဏ္ဍာနှစ်ပြောင်းတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဒီဘက်မှာ ပေါ်ပေါက်လာမယ့် အကျိုးဆက်တွေကိုလည်း ပြင်ဆင်ဆောင်ရွက်ဖို့တွေ ပါပါတယ်၊ လုပ်ငန်းညှိနှိုင်း အစည်းအဝေးဖြစ်တဲ့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်စာရင်းစစ်ချုပ်တွေရဲ့ ပြီးခဲ့တဲ့ ခုနစ်လအတွင်း လုပ်ကိုင်ဆောင်ရွက်တဲ့အခါမှာ တွေ့ရှိချက်တွေ၊ အခက်အခဲတွေကို တင်ပြတာဖြစ်ပါတယ်၊ သူတို့ တင်ပြချက်တွေကလည်း အလွန်အကျိုးရှိပါတယ်”ဟု ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်က “ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုကောင်းတစ်ခုဆိုတာ ပြည်သူတွေက သူတို့ဆောင်ထားတဲ့ အခွန်ရဲ့ ရငွေတွေနဲ့ သုံးစွဲတဲ့ငွေတွေဟာ တကယ်အကျိုးသက်ရောက်မှုရှိလား၊ ခြိုးခြံချွေတာစွာ သုံးစွဲမှုရှိလား၊ အကျိုးရှိစွာ၊ စွမ်းအင်ပြည့်ဝစွာသုံးလား၊ ထိရောက်စွာသုံးလားဆိုတာ ပြည်သူက စိတ်ဝင်စားမှာဖြစ်ပါတယ်၊ ပြည်သူစိတ်ဝင်စားတဲ့ ကိစ္စရပ်ဟာ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုကောင်းတစ်ခုရဲ့ အင်္ဂါရပ်တစ်ခုဖြစ်တယ်၊ ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု စနစ်ကောင်းတစ်ရပ်ဖြစ်အောင် တည့်မတ်ပေးတယ်၊ လမ်းကြောင်းပေးတယ်”ဟု တိုင်းဒေသကြီး၊ ပြည်နယ်များ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ပြောကြားသည်။

**သတင်းစဉ်**

# စိတ်ဝိညာဉ် အညစ်အနွမ်းနှင့် မဟာအမှားတော်ပုံ

## အယ်ဒီတာတစ်ဦး

“စာနယ်ဇင်းဆရာတိုင်းသည် တည်ကြည်ရိုးသားမှု၊ သမ္မာဓမ္မရှိမှု၊ ဗျတ္တိရှိမှုတို့ဖြင့် သတင်းကိစ္စတို့ကို အဓိပ္ပာယ်ဖွင့်ခြင်း၊ ရယူစုဆောင်းခြင်း၊ ပေးပို့ခြင်းတို့ကို ပြုရမည်။

၁။ အယုတ်အလတ် အမြတ်မရွေးသော သတင်းတိုင်းကို မှန်ကန်တိကျစေရန်နှင့် အမှားအယွင်းကင်းစေရန် ဆောင်ရွက်နေရမည့်အပြင် သတင်း၏ မူလဉပမိကို မပျက်စီးစေရန် အထူးဂရုပြုရမည်။

၂။ မူလသတင်းရင်းမြစ် လူပုဂ္ဂိုလ်တို့ကို တွေ့ဆုံ၍ သူတို့၏ ဆန္ဒနှင့် အမြင်၊ ခံစားချက်တို့ကို ပြောပိုင်ခွင့် (ဖြေရှင်းခွင့်)ပေးရမည်”

အထက်ပါ ကောက်နုတ်ချက်မှာ ၁၉၉၇ ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် ထုတ်ပြန်ခဲ့သော အမေရိကန်စာနယ်ဇင်းကျင့်ဝတ် ၂၅ ချက်မှ ပထမဦးဆုံး ကျင့်ဝတ်နှစ်ချက်ဖြစ်သည်။ စာနယ်ဇင်းကျင့်ဝတ်တို့ကို ခေတ်နှင့်အညီ ပြင်ဆင်ရေးဆွဲ ပြဋ္ဌာန်းမှုများ ပြုလုပ်လေ့ရှိကြစေကာမူ အထက်ဆိုခဲ့ပါ အချက်နှစ်ချက်မှာမူ မပြောင်းမလဲတည်မြဲနေမည်ဟု ယုံကြည်မိသည်။ ထို့ပြင် သတင်းအချက်အလက် တိကျမှန်ကန်ရေးနှင့် အမှားအယွင်းကင်းစင်ရေးသည် ထိပ်တန်းဦးစားပေးနေရာ၌ပင် ရှိနေလိမ့်ဦးမည်။

အီလက်ထရွန်နစ် မီဒီယာခေတ်တွင် သတင်း၏ အချိန်ကန့်သတ်ချက် (Time Limit)မှာ ကျဉ်းသည်ထက် ကျဉ်းလာသည်။ သတင်းဌာနတစ်ခုနှင့် တစ်ခုသတင်းဦး၊ သတင်းထူးတင်ပြရာတွင် ပြိုင်ဆိုင်မှုမှာ စက္ကန့်ပိုင်းမျှအထိ ကျဉ်းကျုံ့လာသည်။ သို့ရာတွင်... မည်မျှပင် အချိန်လု၍ တက်သုတ်ရိုက်တင်ပြရစေကာမူ ကျင့်ဝတ်အရ သတင်းအချက်အလက်များ မှန်ကန်တိကျရမည်သာဖြစ်သည်။ “ဘာကြောင့် မှန်ကန်တိကျမှုကို ဦးစားပေးရသလဲ” ဟု အမေးရှိပါမူ “သတင်းများကို မှန်သည်ဟု ပြည်သူများက ယုံကြည်ယူဆခြင်းနှင့်အတူ ဩဇာသက်ရောက်မှုများရှိနေခြင်းကြောင့်ဖြစ်သည်”ဟု ဖြေဆိုရမည်ဖြစ်သည်။ မီဒီယာက ကမ္ဘာကျော်ဩဇာကြီးမားသည့် မီဒီယာဖြစ်ပြီး ၎င်း၏ သတင်းအချက်အလက်များကို ယုံယုံကြည်ကြည်ရယူ လက်ခံသူများမှာ နိုင်ငံအစိုးရများ၊ မူဝါဒရေးဆွဲပြဋ္ဌာန်းသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည်ဆိုပါက သတင်း၏ ဩဇာသက်ရောက်မှုမှာ ကြီးမားနက်ရှိုင်းမည်ဖြစ်သည်။ ထိုအခါ သတင်းမှားလျှင် မှားသလောက် သတင်းမှား၏ သားကောင်ဘဝ ကျရောက်ရသူမှာ ထိခိုက်နစ်နာမှု၊ ဆုံးရှုံးမှု ကြီးမားမည်ဖြစ်သည်။

“အမှုမဲ့ အမှတ်မဲ့ပဲ မှားမှား၊ ရည်ရွယ်ချက်နဲ့ပဲမှားမှား၊ မှားသွားပြီ။ မှားသွားပြီဆိုရင် သတင်းဌာနကြီးတစ်ခုအနေနဲ့ ဒါက သိက္ခာကျစရာ ဖြစ်ပါတယ်။”

(၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အင်္ဂလိပ်ဘာသာဖြင့် ပြောကြားခဲ့သော အဖွင့်မိန့်ခွန်းကို အေပီသတင်းဌာနက အင်္ဂလိပ်ဘာသာဖြင့် ပြန်လည်ရေးသားဖော်ပြရာ၌ အနက်အဓိပ္ပာယ် တလွဲဖော်ပြခဲ့သည့်အပြင် ရခိုင်ပြည်နယ် မြောက်ပိုင်းအရေးနှင့်ပါဆက်စပ်၍ လိုရာဆွဲဝေဖန်ခဲ့ခြင်းနှင့် ပတ်သက်၍ သံအမတ်ကြီးဦးကျော်ဇေယျက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အေပီ၏ သတင်းအမှားကို TIME, The New York Times, The Washington Post, Sun Francisco Chronicle တို့အပါအဝင် နိုင်ငံတကာသတင်းဌာနများက ပြန်လည်ကိုးကားကြရာမှ သတင်းမှားက ဆက်လက်ပျံ့နှံ့ခဲ့သည့်အပြင် သတင်းအမှား၏ အကျိုးဆက်များကလည်း မိမိတို့ နိုင်ငံအပေါ် ဆိုးဆိုးရွားရွား ဆက်လက်ဖြစ်ပေါ်လာသည်။

“နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ အပေါ်မှာရော၊ ကျွန်တော်တို့တစ်မျိုးသားလုံးအပေါ်မှာပါ အင်မတန်ကြီးမားတဲ့ဆိုးကျိုးကြီးတွေ ဖြစ်လာစေနိုင်ပါတယ်၊ ဖြစ်လည်းဖြစ်နေပါပြီ၊ အေပီဟာ အမေရိကန်မှာအခြေစိုက်တဲ့ ကမ္ဘာ့ဩဇာအကြီးမားဆုံးသတင်းဌာနတွေထဲက တစ်ခုဖြစ်ပါတယ်၊ ကမ္ဘာ့နိုင်ငံတွေနဲ့ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းတွေဟာ သူတို့ရဲ့မူဝါဒတွေ ချမှတ်တဲ့အခါ နိုင်ငံတကာသတင်းဌာနကြီးတွေရဲ့ရေးသားဖော်ပြထားတာတွေကို အားကိုးတကြီး ကိုးကားအခြေခံတတ်ကြပါတယ်။

“အဲဒီလိုကာလရှည်လျားစွာ နိုင်ငံတကာသတင်းဌာနကြီးတွေက အလွဲလွဲအမှားမှား ရေးသားဖြန့်ချိခဲ့တဲ့ သတင်းအချက်တွေပေါ်မှာ အခြေခံချမှတ်လိုက်တဲ့ မူဝါဒတွေကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ပုံရိပ်ဟာ လုံးဝပျက်စီးခဲ့ရပြီး ဖိအားပေးမှုအမျိုးမျိုး၊ အကျပ်ကိုင် ခြိမ်းခြောက်မှု အမျိုးမျိုးကို ဒီနေ့ကြုံတွေ့နေရတာဖြစ်ပါတယ်” ဟူ၍ အေပီ၏အလွဲကြောင့် ဖြစ်ပေါ်လာရသည့် တစ်မျိုးသားလုံးနှင့် ဆိုင်သည့် ဆိုးကျိုးကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်းက ထောက်ပြခဲ့သည်။

မြန်မာစာနယ်ဇင်းသမဂ္ဂကလည်း အေပီသတင်းဌာန၏ သတင်းဖော်ပြချက်နှင့် စပ်လျဉ်း၍ ယခုကဲ့သို့ တလွဲသတင်းရေးသားမှုသည် ကြီးမားသော ဆိုးကျိုးနှင့် တိုင်းပြည်၏ ဂုဏ်သိက္ခာကို ထိခိုက်စေပြီး ထိလွယ်ရှလွယ် အခြေအနေတစ်ရပ်တွင် နိုင်ငံတကာအသိုင်းအဝိုင်းအကြား မြန်မာနိုင်ငံအပေါ် ပိုမို၍နားလည်မှုလွဲမှားစေနိုင်ကြောင်း၊ ကမ္ဘာကျော်သတင်းဌာနတစ်ခုဖြစ်သည့် အေပီအနေဖြင့် တစ်ရက်ကြာပြီးမှ သတင်းမှားပြင်ဆင်ချက်လုပ်သော်လည်း ကမ္ဘာကြီး၏ အမြင်တွင် မြန်မာနိုင်ငံသားများ၏ နစ်နာမှုအတွက် တောင်းပန်သင့်ကြောင်း သတင်းထုတ်ပြန်ကြေညာချက်တစ်ရပ်ထုတ်ပြန်ကာ ပြင်းပြင်းထန်ထန်ရှုတ်ချခဲ့သည်။

> ❒ **မြန်မာစာနယ်ဇင်းသမဂ္ဂက အေပီသတင်းဌာန၏ သတင်းဖော်ပြချက်နှင့် စပ်လျဉ်း၍ ယခုကဲ့သို့ တလွဲသတင်းရေးသားမှုသည် ကြီးမားသော ဆိုးကျိုးနှင့် တိုင်းပြည်၏ ဂုဏ်သိက္ခာကို ထိခိုက်စေပြီး ထိလွယ်ရှလွယ် အခြေအနေတစ်ရပ်တွင် နိုင်ငံတကာအသိုင်းအဝိုင်းအကြား မြန်မာနိုင်ငံအပေါ် ပိုမို၍ နားလည်မှုလွဲမှားစေနိုင်ကြောင်း၊ ကမ္ဘာကျော် သတင်းဌာနတစ်ခုဖြစ်သည့် အေပီအနေဖြင့် တစ်ရက်ကြာပြီးမှ သတင်းမှား ပြင်ဆင်ချက်လုပ်သော်လည်း ကမ္ဘာကြီး၏အမြင်တွင် မြန်မာနိုင်ငံသားများ၏ နစ်နာမှုအတွက် တောင်းပန်သင့်ကြောင်း သတင်းထုတ်ပြန်ကြေညာချက်တစ်ရပ် ထုတ်ပြန်ကာ ပြင်းပြင်းထန်ထန် ရှုတ်ချခဲ့**

ယခုဖြစ်ရပ်နှင့် ဆက်စပ်၍ ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်းက ဖြစ်စဉ်တစ်ခုကို ပြန်လည်အမှတ်ရမိသည်။ ထိုစဉ်က ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဉပဒေစိုးမိုးရေးတို့အတွက် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့် တာဝန်ရှိအဖွဲ့အစည်း အဆင့်ဆင့်တို့က အထူးဝါယမစိုက်ကာ ကြိုးပမ်းနေရချိန်ဖြစ်သည်။ အေပီသတင်းဌာန၏ ရုံးခွဲတစ်ခု ရန်ကုန်တွင် ဖွင့်လှစ်ပြီးခဲ့ချိန်လည်းဖြစ်သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်း၏ အခြေအနေသည် ထိခိုက်ကွဲရှလွယ်သည့် အခြေအနေ၌ ရှိနေချိန်တွင် “မြန်မာလူရမ်းကားအုပ်စုကြီးတစ်ခုက တစ်ဒါဇင်မကသော အရေအတွက်ရှိသည့် မွတ်စလင် အမျိုးသမီးများနှင့် ကလေးများကို ထိုးခုတ်သတ်ဖြတ်လိုက်သည်”ဟူသော သတင်းကို အေပီက ရေးသားဖော်ပြခဲ့သည်။ သို့ရာတွင် သတင်းသည် တိကျခိုင်လုံမှုမရှိ၊ ရေရေရာရာလည်းမဟုတ်၊ သေဆုံးသည်ဟုဆိုသော အရေအတွက်များလည်း အကွဲကွဲအပြားပြား၊ တာဝန်ရှိသူများကလည်း ဖြစ်ရပ်မှန်မဟုတ်ကြောင်း ငြင်းဆိုသည့်အပြင် ဒေသခံမွတ်စလင်အမျိုးသားတစ်ဦးကလည်း အဆိုပါအကြမ်းဖက်မှု ဖြစ်ပွားခဲ့သည်မှာမဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ သတင်းအချက်အလက် တိကျမှန်ကန်မှုနှင့်စပ်လျဉ်း၍ မေးခွန်းထုတ်ဖွယ်ရာရှိနေသကဲ့သို့ သတင်းကို ရေးသားဖော်ပြခဲ့သည့် သတင်းထောက်နှင့် သတင်းဌာနတို့၏ ရည်ရွယ်ချက်နှင့် စေတနာတို့အပေါ်တွင်လည်း စောကြောဖွယ်ရာဖြစ်နေသည့် အဆိုပါသတင်းကိုပင် နိုင်ငံတကာသတင်းစာအချို့က ဆက်လက်ကိုးကားဖော်ပြခဲ့ကြပြီး အမေရိကန်နှင့်ဗြိတိန်တို့ကဲ့သို့သော နိုင်ငံများကလည်း (အမှန်တကယ် ဖြစ်ပေါ်ခဲ့ခြင်း မရှိသော) အဆိုပါဖြစ်ရပ်ကို စုံစမ်းပေးရန် ထိုစဉ်က မြန်မာနိုင်ငံတော်အစိုးရကို တိုက်တွန်းမှုများ ပြုလုပ်ခဲ့ကြသည်။ တကယ့်ဖြစ်ရပ်မှန်မှာမူ ဒေသလုံခြုံရေးအတွက် ကင်းလှည့်ဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်တစ်စုကို လူအုပ်စုတစ်စုက တိုက်ခိုက်ခဲ့ခြင်းနှင့် အဆိုပါဖြစ်ရပ်အတွင်း ရဲတပ်ကြပ်ကြီးတစ်ဦး ပျောက်ဆုံးလျက်ရှိရာ သေဆုံးသွားပြီဟု ယူဆရခြင်းဟူသော သတင်းပင်ဖြစ်သည်။ ထိုစဉ်က အမှန်တကယ်ဖြစ်ပွားခဲ့သော သတင်းအမှန်ကို သတင်းအမှားက ဖုံးအုပ်သွားခဲ့ပြီး မုသား၏အောက်တွင် အမှန်တရားက ပျောက်ဆုံးသွားခဲ့သည်။

သည်တစ်ခါ အေပီ၏အမှားက အာရှနှင့် ဉရောပတိုက်ကြီးနှစ်တိုက်မှ နိုင်ငံ ၅၁ နိုင်ငံ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၊ ဉရောပ ကော်မရှင်စသည့် မိတ်ဖက်များမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ ရှေ့မှောက်၌ မှားယွင်းသွားခြင်းပင်ဖြစ်သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၏ အဖွင့်မိန့်ခွန်းမှ အပြုသဘော အနက်အဓိပ္ပာယ်ကို အပျက်သဘောအဖြစ် တလွဲရေးသားခဲ့ခြင်းကို အဆိုပါ အခမ်းအနားသို့ တက်ရောက်ခဲ့သည့် နိုင်ငံတကာဧည့်သည်တော်များ ကိုယ်တွေ့သိရှိကြမည်ဖြစ်ရာ သတင်းဌာနအနေဖြင့် အရှက်ရဖွယ်ရာဟု ဆိုရမည်ဖြစ်သည်။

(၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ ပြည်တွင်းပြည်ပ မီဒီယာများမှ စာနယ်ဇင်း အများအပြား တက်ရောက်၍ တိုက်ရိုက်သတင်းရယူခဲ့ကြသည်။ ယင်းသို့သောပွဲတွင် အေပီ၏ အမှားက မြန်မာနိုင်ငံနှင့် ပတ်သက်လျှင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပတ်သက်လျှင် ၎င်းတို့စွဲကိုင်ထားသည့်အမြင်ကို ချွတ်ခွာမချနိုင်ခဲ့၍ ဖြစ်ပေါ်လာရခြင်းဖြစ်သည်ဟု ရှုမြင်မိသည်။ အမှားတစ်ရပ်ကို စိတ်နှလုံးထဲထိ သို့မဟုတ် ဝိညာဉ်ထဲထိ စွဲကပ်သိမ်းဆည်းမိသောအခါ အမှန်ကိုပင် အမှားအဖြစ်၊ အအေးကိုပင် အပူအဖြစ်၊ မေတ္တာကိုပင် ဒေါသအဖြစ် မြင်ယောင်ကြားယောင် ဖြစ်ခဲ့ပါသလောဟု စောကြောမိပါကြောင်း။ ။

---

## သစ်တောစီမံအုပ်ချုပ်မှုအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်ကြားမှု သင်ရိုးညွှန်းတမ်းရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရေရှည်တည်တံ့သည့် သစ်တောစီမံအုပ်ချုပ်မှုအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်ကြားမှု သင်ရိုးညွှန်းတမ်းရေးဆွဲခြင်းဆိုင်ရာ ကနဦးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော်ရှိ အမရာဟိုတယ်၌ ကျင်းပသည်။ ဆွေးနွေးပွဲတွင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က အမှာစကားပြောကြားသည်။ **(ယာပုံ)**




မြန်မာနိုင်ငံ သစ်တောကျောင်းနှင့် ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာနတို့တွင် လက်ရှိသင်ကြားပို့ချလျက်ရှိသော သင်ရိုးညွှန်းတမ်းများ၏ လိုအပ်ချက်များကို ဆွေးနွေးရန်နှင့် အကြံပြုချက်များပေးနိုင်ရန် ရည်ရွယ်၍ ဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

သစ်တောဦးစီးဌာနသည် သစ်တောပညာသင်တန်းများကို မြန်မာနိုင်ငံသစ်တောကျောင်း (ပြင်ဦးလွင်)၊ ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးဌာန CFDTC(မှော်ဘီ) နှင့် (ပုသိမ်ကြီး)တို့တွင် ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

## ၁၃၇၉ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲ ဖိတ်စာထုတ်ယူနိုင်ကြောင်းသိရ

**နေပြည်တော် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ကြီးမှူးကျင်းပမည့် ၁၃၇၉ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲကို ဒီဇင်ဘာ ၂ ရက် စနေနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

သက်ကြီးစာပေပညာရှင်များနှင့် မြို့နယ်စာရေးဆရာအသင်းများ တက်ရောက်နိုင်ရေးအတွက် မြို့နယ်ဉက္ကဋ္ဌ၊ အတွင်းရေးမှူးများသည် နိုဝင်ဘာ ၂၇ ရက်မှစ၍ အမှတ်(၁၇၃/၁၇၅)(၇)လွှာ ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ်ရှိ မြန်မာနိုင်ငံစာရေးဆရာအသင်းရုံးတွင် ဖိတ်စာများ ထုတ်ယူနိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် IDEA မြန်မာတို့ အသိပညာဖလှယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၃**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်သည် International IDEA Myanmar ၏ အကြီးအကဲ Mr.Mark Mc Dowell အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်း ဆောင်ရွက်မှုများအတွက် အထောက် အကူဖြစ်စေမည့် ကိစ္စရပ်များဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်း အခြေခံမူများနှင့် လုပ်ငန်းစဉ်များ၊ ဖက်ဒရယ်စနစ်ရှိ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးများ၏ လွတ်လပ်မှုရှိခြင်းနှင့် ဘက်လိုက်မှုမရှိခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြဋ္ဌာန်းဥပဒေများကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း အကြောင်းအရာများနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် IDEA မြန်မာတို့ အသိပညာဖလှယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ခုံရုံးအဖွဲ့ဝင် ဦးမြင့်ဝင်း၊ ဦးခင်မောင်ချို၊ ဦးတွာလ်ကျင်ပေါင်နှင့် ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့် International IDEA Myanmar ၏အကြီးအကဲ Mr.Mark Mc Dowell နှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

---

✻ *ကျော်ဖုံးမှ*

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အိန္ဒိယ သမုဒ္ဒရာကမ်းခြေနိုင်ငံများအဖွဲ့သို့ မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရေးကိစ္စ**နှင့် စပ်လျဉ်း၍ ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်း၊ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်ထွန်းနှင့် ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်တို့က ဆွေးနွေးကြသည်။

မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစောက အိန္ဒိယနှင့် တရုတ်သည် အိမ်နီးချင်း အင်အားကြီးနိုင်ငံများဖြစ်ပါကြောင်း၊ အမျိုးသားယဉ်ကျေးမှုကြီးမားသည့် ဂန္ထဝင်နိုင်ငံများဖြစ်ပြီး ၎င်းတို့သည် ရခိုင်ပြည်နယ်ပြဿနာတွင် မိမိတို့ဘက်က မိတ်ဆွေများအဖြစ် ကုလသမဂ္ဂတွင် ရပ်တည်ပေးခဲ့ကြပါကြောင်း၊ IORA ထဲတွင် အိန္ဒိယနိုင်ငံကဲ့သို့ အိမ်နီးချင်း မိတ်ဆွေများပါသကဲ့သို့ ရန်သူ၊ မိတ်ဆွေ မသဲကွဲသည့် ရပ်ဝေးမြေခြားဘာသာခြားနိုင်ငံများလည်း ပါဝင်ပါကြောင်း၊ ပထဝီနိုင်ငံရေးတွင် အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားပြီး နိုင်ငံ့ဂုဏ်သိက္ခာကို အစော်ကားမခံ အချုပ်အခြာအာဏာကို ထိပါးမခံရန်သည် real politics ဖြစ်ပါကြောင်း၊ အပြန်အလှန်လေးစားရန်၊ နှစ်ဦးနှစ်ဖက် အကျိုးရှိရန် win win သဘောတရားနှင့်အညီ မိတ်ဆွေသစ်များရှာရန် အမျိုးသားရေးမူဝါဒအခြေခံနှင့် နိုင်ငံရေးမူဝါဒပိုင်းဆိုင်ရာတွင် ရပ်တည်ချက်ပြတ်သားပြီး နည်းဗျူဟာများ ပျောက်မသွားရန် လိုပါကြောင်း။

မိမိတို့နိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် ဂုဏ်သိက္ခာရှိသည့် နိုင်ငံတစ်ခုဖြစ်ရန် ကြိုးစားရန်းကန်နေသည့်အချိန်တွင် အမျိုးသားရေးစိတ်ဓာတ်နှင့် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ရန် လိုပါကြောင်း၊ ထို့ကြောင့် မိတ်ဆွေသစ်၊ အကျိုးစီးပွားသစ်များကို ဆောင်ကြဉ်းပေးနိုင်မည့် IORA သို့ ဝင်ရောက်ရေးကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က ယင်းအဖွဲ့တွင် မြန်မာနိုင်ငံဝင်ရောက်ခြင်းအားဖြင့် နိုင်ငံရေးအရ၊ စီးပွားရေးအရ အကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်သောကြောင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးပါရန် ရှင်းလင်းပြောကြားသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များအား ခန့်အပ်တာဝန်ပေးရန်** ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်သမ္မတ တင်ပြထားသည့် ဦးအောင်ကြည်၊ ဦးစိုးတင့်၊ ဦးအောင်လွင်၊ ဦးဟန်ညွန့်၊ ဒေါ်မြတ်မြတ်စိုး၊ ဦးအောင်သန်းမြင့်၊ ဦးစန်းဝင်း၊ ဦးခင်မောင်မြင့်၊ ဦးမျိုးမြင့်၊ ဒေါ်အေးအေးမူ၊ ဦးဇော်ဝင်း၊ ဒေါ်လဲ့လဲ့သွင်တို့ပါဝင်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ၁၂ ဦးအနက် ဦးအောင်ကြည်ကို ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဦးစန်းဝင်းကို အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ကျန်ပုဂ္ဂိုလ် ၁၀ ဦးကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနနှစ်ခု တိုးချဲ့ဖွဲ့စည်းခြင်း**နှင့်စပ်လျဉ်း၍ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးစိုးသိန်းက ထောက်ခံဆွေးနွေးသည်။

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက **ပြည်ထောင်စုဝန်ကြီးဌာနနှစ်ခု တိုးချဲ့ဖွဲ့စည်းခြင်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဖွဲ့စည်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီး ခန့်အပ်တာဝန်ပေးမည်ဆိုပါက ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို အစိုးရအဖွဲ့ရုံးဝန်ကြီးအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များကို ပြည်သူလူထုသို့ အသိပေးရှင်းလင်းတင်ပြရမည့် ကိစ္စများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ အလားတူ နိုင်ငံတော်၏ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးဆိုင်ရာ အခြေအနေများကို ပြည်သူလူထုသို့ အချိန်နှင့်တစ်ပြေးညီ အသိပေးရှင်းလင်းနိုင်မည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်တို့က ဖိတ်ကြားသည့်အခါ လာရောက်ရှင်းလင်း တင်ပြနိုင်မည်ဖြစ်သည့်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ ပိုမိုထိရောက်မြန်ဆန်လာမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် နိုင်ငံတကာအရေးကိစ္စများတွင်

**“မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂမျက်နှာစာတွင် နိုင်ငံ၏ အကျိုးစီးပွားကို မြှင့်တင်ကာကွယ်ရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံခြားရေးမူဝါဒနှင့်အညီ ပိုမိုအားဖြည့်ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိ”**

---

**“နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့ အဆောက်အအုံတစ်ခုတည်းတွင် နီးကပ်စွာ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာဆက်ဆံရေး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို နိုင်ငံခြားရေးမူဝါဒနှင့်အညီ ပိုမိုအဆင်ပြေထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်”**

တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ နိုင်ငံတကာကလည်းကောင်း၊ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများကလည်းကောင်း ကူညီပံ့ပိုးမှုများ တိုးမြှင့်လာခြင်း၊ နိုင်ငံအများမှ ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်လာရောက်မှုများ၊ ထိတွေ့ဆက်ဆံမှုများ တိုးတက်လာခြင်းတို့ကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လုပ်ငန်းများသည် ယခင်ထက် တိုးတက်များပြားလာခဲ့ပါကြောင်း။

ထို့အပြင် ရခိုင်ပြည်နယ်တွင် ပေါ်ပေါက်ခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများနောက်ပိုင်းတွင် အစုလိုက် အပြုံလိုက် တိမ်းရှောင်မှုများ ဖြစ်ပေါ်လာခဲ့သည်ကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီသာမက အခြားအပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ နိုင်ငံရေးအရ ဖိအားပေးမှုများ အများဆုံး ဖြစ်ပေါ်နေသည့် အချိန်ဖြစ်ပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂမျက်နှာစာတွင် နိုင်ငံ၏ အကျိုးစီးပွားကို မြှင့်တင်ကာကွယ်ရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံခြားရေးမူဝါဒနှင့်အညီ ပိုမိုအားဖြည့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ တာဝန်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တာဝန်ယူဆောင်ရွက်လျက်ရှိရာ “အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး” တစ်ဦး သီးခြားတာဝန်ပေးခြင်းဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် အခြားအရေးကြီးသည့် ပြည်တွင်းတာဝန်များကို ပိုမိုအာရုံစိုက်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ထို့ပြင် ကုလသမဂ္ဂ၊ အာဆီယံ၊ ဘင်းမ်စတက်၊ မဲခေါင်ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် စသည့်ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းများတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက ကိုယ်စားပြုတက်ရောက်နိုင်မည် ဖြစ်ပါကြောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့ အဆောက်အအုံတစ်ခုတည်းတွင် နီးကပ်စွာ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာဆက်ဆံရေး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို နိုင်ငံခြားရေးမူဝါဒနှင့်အညီ ပိုမိုအဆင်ပြေထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနနှစ်ခု တိုးချဲ့ဖွဲ့စည်းရန်** ကိစ္စကို သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် **ပြည်ထောင်စုလွှတ်တော်နာယကက ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးဌာနနှစ်ခု တိုးချဲ့ဖွဲ့စည်းခြင်းကို လွှတ်တော်က သဘောတူပြီးဖြစ်သည့်အပြင် ဦးကျော်တင်ကို အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန်** လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် ပြည်ထောင်စုအစိုးရအဖွဲ့ ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းအား ခန့်အပ်တာဝန်ပေးရန် လျာထားမှုအပေါ် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်းက ကန့်ကွက်ရာ ပြည်ထောင်စုလွှတ်တော်နာယကက ကန့်ကွက်ကြောင်း အမည်စာရင်းတင်သွင်းထားသည့် ဦးစိုးသိန်းသည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ သတ်မှတ်အရည်အချင်းများနှင့် မပြည့်စုံကြောင်း၊ ခိုင်လုံသည့် သက်သေအထောက်အထား ပူးတွဲတင်ပြနိုင်ခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုသည့် ဦးသောင်းထွန်းအား ကန့်ကွက်ခြင်းသည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်ကိုက်ညီမှု မရှိကြောင်း တွေ့ရှိရသည့်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေတို့နှင့် အညီ ဆက်လက်ဆောင်ရွက်သွားရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတက တင်ပြထားသည့် ဦးသောင်းထွန်းအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်ကသဘောတူကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံနယ်စပ်ဖြတ်ကျော် ခရီးသည်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး မူဘောင်သဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စ**နှင့် စပ်လျဉ်း၍ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးမောင်မောင်လတ်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးနေကျော်၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးဇုန်လှယ်ထန်းနှင့် ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦးတို့က ဆွေးနွေးကြသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်းက ယင်းစာချုပ်ကို မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ထိုးလျှင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာမည်ဖြစ်ပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကုန်းလမ်းမှ အလွယ်တကူ သွားလာနိုင်မည် ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများမှ ပြည်သူများသာမက ကမ္ဘာလှည့်ခရီးသွားများအနေဖြင့်လည်း အာဆီယံနိုင်ငံများ၏ ဒေသန္တရဗဟုသုတများနှင့် ယဉ်ကျေးမှု၊ ရိုးရာ၊ ဓလေ့ထုံးစံများအတိုင်း လာရောက်လေ့လာနိုင်မည်ဖြစ်ကြောင်း။

ယင်းစာချုပ်ပါ အဖွဲ့အစည်းများနှင့် အစွမ်းကုန်ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန် ထောက်ပံ့ကူညီမှုများ ဖြစ်ပေါ်စေရန် စာချုပ်ဝင်နိုင်ငံများက ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ Home Country အနေဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်သူများအတွက် လုပ်ငန်းဆောင်ရွက်မှု စတင်သည့်နိုင်ငံနှင့် မော်တော်ယာဉ်များအတွက် မှတ်ပုံတင်ပြုလုပ်ရမည့် နိုင်ငံဖြစ်သကဲ့သို့ Host Country သဘောတူစာချုပ်အောက်၌ နယ်စပ်ဖြတ်ကျော်၊ သယ်ယူပို့ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရပြီး ခရီးသည်များ ဆင်းမည့်နိုင်ငံလည်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက **အာဆီယံနယ်စပ်ဖြတ်ကျော် ခရီးသည်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးမူဘောင် သဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စ**ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးပါရန် ရှင်းလင်းပြောကြားသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၂ ရက် မြောက်နေ့ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလတွင် ဥပဒေပြုရေးမဏ္ဍိုင်၏ အခန်းကဏ္ဍသည် အလွန်အရေးကြီး

**နေပြည်တော် နိုဝင်ဘာ ၂၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး၏ **လမ်း၊ တံတားများကို အကောင်အထည် ဖော်ရာတွင် လုပ်ငန်းခွင်နှင့် အင်ဂျင်နီယာ၊ စက်ယန္တရားပြည့်စုံမှု၊ ကျွမ်းကျင်အလုပ်သမားကိစ္စ၊ အချိန်မီပြီးစီးနိုင်ရေးနှင့် သတ်မှတ်အရည်အသွေးအတိုင်း ပြည့်မီရေးတို့အတွက် မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ရာတွင် အကောင်အထည်ဖော်ဆောင်ရွက်သော အဖွဲ့များနှင့် လုပ်ငန်းသုံးပစ္စည်းများ အရည်အသွေးပြည့်မီစေရန် အရည်အသွေးစစ်ဆေးရေးဌာနခွဲ အဖွဲ့များကို သီးသန့်ဖွဲ့စည်းထားရှိပြီး စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဌာနမှ သီးခြားစစ်ဆေးခြင်းအပြင် စာရင်းစစ်ချုပ်ရုံးမှလည်း စာရင်းစစ်ဆေးခြင်း၊ မြေပြင်မျက်မြင် စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ စတင်၍ Third Party စနစ်ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များထံ ညှိနှိုင်းအကြောင်းကြားစာ ပေးပို့ထားပြီး ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် Third Party စနစ် ဆောင်ရွက်နိုင်ရန် ခိုင်မာသော Institution များ မရှိသေး၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (MES) လက်အောက် Chapter များရှိ MICEG(Myanmar International Consultant Engineering Group) အဖွဲ့များအား တာဝန်ပေးအပ်နိုင်ကြောင်း ဝန်ကြီးချုပ်များအား အကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ ထို့အပြင် ပစ္စည်းများ အချိန်မီရရှိစေရေး၊ အရည်အသွေးမှန်ကန်ရေးနှင့် လုပ်ငန်းခွင်တွင် အပြည့်အဝအသုံးပြုရေးကိုလည်း ကော်မတီများဖွဲ့စည်းလျက် တာဝန်ရှိသူအဆင့်ဆင့်မှ စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းဆောင်ရွက်ခြင်းမပြုမီ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့မှ ဒီဇိုင်းအဖွဲ့များက ကွင်းဆင်းတိုင်းတာပုံထုတ်ထားသော ဒီဇိုင်းများအရသာ လုပ်ငန်းများကို ဆောင်ရွက်စေလျက်ရှိပြီး တာဝန်ခံအင်ဂျင်နီယာများအနေဖြင့် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်း၏ ရန်ပုံငွေစာရင်း၊ ခန့်မှန်းခြေစာရင်း၊ ဒီဇိုင်းများကို စစ်ဆေးခံပြသနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိရန် ညွှန်ကြားထားပါကြောင်း ရှင်းလင်းဖြေကြားသည်။

စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ **စေတုတ္တရာမြို့နယ် ဖျင်ကြီးကျေးရွာမှ ငဖဲ-စေတုတ္တရာ-ဆော ခရိုင်ချင်းဆက်လမ်းသို့ ရာသီမရွေးသွားလာနိုင်သော မြေသားလမ်းဖောက်လုပ်ပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ဖျင်ကြီးကျေးရွာနှင့် ခရိုင်ချင်းဆက်လမ်းသို့ ဆက်သွယ်သောလမ်းသည် စေတုတ္တရာမြို့နယ်တွင် တစ်မိုင် တစ်ဖာလုံနှင့် ဆောမြို့နယ်တွင် ငါးမိုင် တစ်ဖာလုံ စုစုပေါင်းအရှည် ခြောက်မိုင် နှစ်ဖာလုံရှိပြီး လမ်း၏လက်ရှိအခြေအနေမှာ နန်းမြေအမျိုးအစားဖြစ်သဖြင့် မြေသားလမ်းဆောင်ရွက်မည်ဆိုပါက နန်းမြေများအား ဖယ်ထုတ်ပြီး ပြင်ပမှ မြေသယ်ယူ၍ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ကုန်ကျစရိတ်များပြားမည် ဖြစ်ပါကြောင်း၊ လမ်းအရှည် ခြောက်မိုင် တစ်ဖာလုံအား ဂျင်း လေးလက်မထု မြေသားလမ်းနှင့် Box Culvert သုံးစင်း ထည့်သွင်း တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ကျေးလက် လမ်း၊ တံတားများအတွက် ရန်ပုံငွေလျာထား တောင်းခံရာတွင် ဒေသန္တရလမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီမှ အတည်ပြုသတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ လျာထား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး National Strategy For Rual Roads and Access ပါ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်အရ လမ်း၊ တံတားလုပ်ငန်းများအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဦးစားပေးရေးဆွဲတင်ပြလာသည့် လုပ်ငန်းများအပေါ်တွင် စိစစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားတင်ပြသွားမည်ဖြစ်ပါကြောင်း နှင့် ရန်ပုံငွေတောင်းခံရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ထီးချိုင့် မဲဆန္ဒနယ်မှ ဦးမောင်မောင်၊ သံဖြူဇရပ် မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်းနှင့် မော်လိုက် မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းဖြေကြားသည်။

ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်သက်သက်ခိုင်၏ **မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ် ဇူလိုင်လမှာ အကြိုအဖွဲ့ဝင်(Candidate) အနေဖြင့် ဝင်ရောက်ခဲ့သည့် Extractive Industries Transparency Initiative(EITI) ဆိုသည့် သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေး၊ ဆောင်ရွက်နေသည့် အဖွဲ့ကြီး၏ တိုက်တွန်းချက်နှင့်အညီ သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ခြင်းကဏ္ဍမှ ရရှိသည့် နိုင်ငံတော်၏ ဝင်ငွေများကို နိုင်ငံသားများသို့ ပွင့်လင်းမြင်သာစွာ ချပြပြီး ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေသို့ အလုံးစုံ ဝင်ရောက်နိုင်ရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မြောက်ဦး မဲဆန္ဒနယ်မှ ဦးဦးလှစောက EITI သည် နိုင်ငံတော်တည်ဆောက်ရေး၏ ဒီမိုကရေစီ အခြေခံအုတ်မြစ် ဖြစ်ပါကြောင်း၊ မိမိတို့ တည်ဆောက်နေသည့် နိုင်ငံသည် တိုင်းရင်းသားပေါင်းစုံဖြင့် စည်းလုံးသည့် ချစ်ချစ်ခင်ခင်နေကြသည့် ဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပါကြောင်း၊ ပွင့်လင်းမြင်သာသည့် သယံဇာတ တူးဖော်ရေးလုပ်ငန်းများ မရှိဘဲ၊ ပွင့်လင်းမြင်သာသည့် ခံအဖွဲ့မရှိဘဲ ဖက်ဒရယ် ဒီမိုခေတ်ကို တည်ဆောက်ရန် ခက်ခဲပါကြောင်း၊ သယံဇာတ ခွဲဝေသည့် နေရာတွင် ဖက်ဒရယ်နိုင်ငံများနှင့် မတူညီကြပါကြောင်း၊ အဆိုထဲတွင်ပါသည့် ပြည်ထောင်စုဘဏ္ဍာငွေထဲကို အပြည့်အဝ မရောက်ခဲ့ပါက ၄၀ ရာခိုင်နှုန်းသည် ၄ ရာခိုင်နှုန်းတောင် ရရှိမည် မဟုတ်ကြောင်း၊ အပြည့်အဝရောက်ရှိရေး EITI မူဝါဒနှင့်အညီ ပြည်နယ်လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော် အစိုးရရှင်သန်ရန် အလွန်ကြီးသောကြောင့် ထောက်ခံရခြင်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

အလားတူ နွားထိုးကြီး မဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင်၊ ချောက် မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ လှိုင်ကော် မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်စည်သူ၊ ဖားကန့်

> “ဥပဒေကြမ်းများအနေဖြင့် ဆွေးနွေးဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်း ၂၃ ခုရှိပြီး ဥပဒေကြမ်း ခုနစ်ခုကို အတည်ပြုနိုင်ခဲ့ကြောင်း၊ အတည်ပြုနိုင်ခဲ့သည့် ဥပဒေကြမ်းများထဲတွင် နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်သည့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းကို အတည်ပြုနိုင်ခဲ့ခြင်းသည် လွှတ်တော် အခန်းကဏ္ဍအတွက် သမိုင်းမှတ်တိုင်တစ်ခုဟု ဆိုရမည်ဖြစ်”

မဲဆန္ဒနယ်မှ ဦးတင့်စိုး၊ သန်လျင် မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ်နှင့် သရက် မဲဆန္ဒနယ်မှ ဦးကံမြင့်တို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မြန်မာနိုင်ငံ၏ EITI အစီရင်ခံစာ ထုတ်ပြန်ခြင်း လုပ်ငန်းစဉ်များကို စံချိန်စံညွှန်းများ၊ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန် အစိုးရကိုယ်စားလှယ် ခုနစ်ဦး၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ် ခုနစ်ဦး၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ကိုးဦး စုစုပေါင်း ကိုယ်စားလှယ် ၂၃ ဦး ပါဝင်သည့် ဒုတိယအကြိမ် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး(ငြိမ်း) ကျွမ်းကျင်သူတစ်ဦးက ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း တာဝန်ယူ ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒုတိယအကြိမ် အစီရင်ခံစာကို ၂၀၁၈ ခုနှစ် မတ်လတွင် နောက်ဆုံးထား တင်သွင်းရမည်ဖြစ်သည့်အတွက် အဆိုပါအစီရင်ခံစာတွင် ဒုတိယအကြိမ်အစီရင်ခံစာမှာ ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်များ၏ ဝင်ငွေများကို ဖော်ပြသွားရန်၊ ရေနံ နှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၊ သတ္တုကဏ္ဍနှင့် ကျောက်စိမ်း၊ ကျောက်မျက်ကဏ္ဍများကို ဆက်လက်ဖော်ပြမည်ဖြစ်ပြီး ပထမအကြိမ် အစီရင်ခံစာတွင် ကျောက်စိမ်း၊ ကျောက်မျက်နှင့် စပ်လျဉ်းပြီး Emporium က ရရှိသည့် အချက်အလက်များကိုသာ ဖော်ပြခဲ့သော်လည်း ဒုတိယအကြိမ် အစီရင်ခံစာတွင် တွင်းဝခွန် အပါအဝင် ကျောက်စိမ်း၊ ကျောက်မျက်ကဏ္ဍ၏ ဝင်ငွေအားလုံးကို ဖော်ပြရန်၊ သစ်တောကဏ္ဍ၏ ဝင်ငွေနှင့် လုပ်ငန်းဆောင်ရွက်မှုများကို Scoping Study ပြုလုပ်သွားမည်ဖြစ်ပြီး အချိန်မီပြီးစီးနိုင်ပါက ဒုတိယအကြိမ်အစီရင်ခံစာတွင် နောက်ဆက်တွဲဖြင့် ထည့်သွင်းဖော်ပြသွားရန်နှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ အချက်အလက်များအား ကနဦး လေ့လာချက်အဖြစ် နောက်ဆက်တွဲဖြင့် ထည့်သွင်းဖော်ပြနိုင်ရေး ဆောင်ရွက်သွားရန်တို့ကို အဓိကထားပြီး ထည့်သွင်းဖော်ပြသွားရန် သဘောတူထားကြပါကြောင်း။

EITI လုပ်ငန်းများနှင့်ပတ်သက်ပြီး ဒုတိယအကြိမ်အစီရင်ခံစာကို ၂၀၁၈ ခုနှစ် မတ်လတွင် အချိန်မီတင်ပြနိုင်ရေး ဆောင်ရွက်နေပါကြောင်း၊ အစီရင်ခံစာကို အတည်ပြုပြီးပါက စာနယ်ဇင်းရှင်းလင်းပွဲများပြုလုပ်၍ အများပြည်သူသို့ ပွင့်လင်းမြင်သာစွာ ချပြသွားမည်ဖြစ်ကြောင်း၊ အကြံပြုဆွေးနွေးမှုများကို လက်ခံရယူ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် EITI Standard ပါ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် အဆိုကို မှတ်တမ်းတင်ထားရှိပေးပါရန် ရှင်းလင်းဖြေကြားသည်။

ထို့နောက် ယင်းအဆိုနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဆက်လက် ရှင်းလင်းဖြေကြားသည်။

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ယင်းအဆိုကို မှတ်တမ်းတင်ထားရှိရန် လွှတ်တော်သို့တင်ပြပြီး အဆိုရှင် ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်သက်သက်ခိုင်က ယင်းအဆိုကို အတည်ပြုပေးရန် တင်ပြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ သဘောထား မတူညီသောကြောင့် စက်ခလုတ်ဖြင့် မဲခွဲဆုံးဖြတ်ရာ ထောက်ခံသူဦးရေ ၃၂၅ ဦး၊ ကန့်ကွက်သူ ဦးရေ ၆၈ ဦး၊ ကြားနေဦးရေ သုံးဦးဖြင့် ထောက်ခံသူဦးရေများသဖြင့် အဆိုကို အတည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အစည်းအဝေးကာလအတွင်းတွင် ကြယ်ပွင့်ပြမေးခွန်း ၈၈ ခု မေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း ၂၀၈ ခု ဖြေကြားခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အဆို ရှစ်ခု တင်သွင်းနိုင်ခဲ့ပြီး အတည်ပြုအဆို လေးခု၊ မှတ်တမ်းတင်အဆို သုံးခုနှင့် ဆက်လက်ဆွေးနွေးရန် ကျန်အဆို တစ်ခုတို့ဖြစ်ကြောင်း၊ ဥပဒေကြမ်းများအနေဖြင့် ဆွေးနွေးဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်း ၂၃ ခုရှိပြီး ဥပဒေကြမ်း ခုနစ်ခုကို အတည်ပြုနိုင်ခဲ့ကြောင်း၊ အတည်ပြုနိုင်ခဲ့သည့် ဥပဒေကြမ်းများထဲတွင် နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်သည့် မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေကြမ်းကို အတည်ပြုနိုင်ခဲ့ခြင်းသည် လွှတ်တော်အခန်းကဏ္ဍအတွက် သမိုင်းမှတ်တိုင်တစ်ခုဟု ဆိုရမည်ဖြစ်ကြောင်း၊ ဆက်လက်ဆောင်ရွက်ရန် ကျန်ဥပဒေကြမ်းများအနေဖြင့် ၁၆ ခု ကျန်ရှိကြောင်း၊ အစည်းအဝေးကာလအတွင်းတွင် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရှစ်ဦး အပြောင်းအလဲရှိကြောင်း၊ ၎င်းတို့ကို ကတိသစ္စာပြုခြင်း၊ လွှတ်တော်အခွင့်အရေး ကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့တွင် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးစီကို အစားထိုးဖွဲ့စည်းခြင်း၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီနှင့် ပညာရေးမြှင့်တင်ကော်မတီတို့တွင် တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် နှစ်ဦးတို့ကို လေ့လာသူများအဖြစ် အစားထိုး တာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများကို ကိုယ်စားလှယ်များအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြသည့်အတွက် ယခုလို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြသလို ဥက္ကဋ္ဌ အနေဖြင့် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် ဥပဒေပြုရေးမဏ္ဍိုင်၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ မိမိတို့ ဥပဒေပြုရေး လုပ်ငန်းစဉ်များသည် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် လောကပါလတရားများ ထွန်းကားရန်အတွက် တရားဥပဒေတွင် အခိုင်အမာပြဋ္ဌာန်းနိုင်ကြရန်အတွက် လိုပါကြောင်း၊ ဒီမိုကရေစီ၏ အသက်သွေးကြောဖြစ်သည့် လွှတ်တော်၏လုပ်ငန်းစဉ်များ မှန်ကန်စွာ လည်ပတ်နိုင်ရန်အတွက်၊ အပြန်အလှန် ထိန်းညှိနိုင်ရန်အတွက် မိမိတို့ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်ရှိမှုပေါ်တွင် မူတည်နေကြောင်း၊ မိမိတို့သည် ပြည်သူများကို ကိုယ်စားပြုပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ ထွန်းကားရန် ဆောင်ရွက်ခွင့် ရရှိနေကြသူဖြစ်ကြောင်း၊ အစည်းအဝေး ရပ်နားစဉ်ကာလအတွင်းတွင် လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပေးခြင်း၊ ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည့် ပြည်သူကိုဗဟိုပြုသည့်၊ ပြည်သူကို အကျိုးပြုသည့် ဒေသဖွံ့ဖြိုးရေးနှင့် လယ်ယာမြေနှင့် အခြားမြေများ ပြန်လည်စိစစ်ရေး စသည့်လုပ်ငန်းများကို လွှတ်တော်ကိုယ်စားလှယ်များက ဦးစားပေး ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲဆန္ဒရှင် ပြည်သူလူထုထံ ပြန်လည်ရောက်ရှိသည့်အခါ ပြည်သူများဆီကို ထဲထဲဝင်ဝင်သွားရောက်ကြပြီး ပြည်သူ့အသံနှင့် ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားများကို အလေးအနက်ထားမှတ်သားနာထောင်ပေးကြပါ။ ပြည်သူလူထုက အားကိုးယုံကြည်ရသည့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြပါ။ ပြည်သူ့ဆန္ဒသဘောများကို အကောင်အထည်ဖော်နိုင်အောင် စိတ်ကောင်း စေတနာအမှန်နှင့် ကြိုးစားဆောင်ရွက်ပေးကြပါ။ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ပျက်ပြားစေသည့် အန္တရာယ်များကိုလည်း မျက်ခြည်မပြတ်သတိချပ်ကြပါ။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးအတွက် အနှောင့်အယှက် အဟန့်အတားများကိုလည်း ကာကွယ်ပေးကြစေလိုကြောင်း ပြောကြားသည်။

**အေးအေးသန့်**



# ပြည်သူလူထု၏ မျှော်လင့်ချက်များ၊ ဆန္ဒများကို အကောင်အထည်ဖော်နိုင်ရန် မဲဆန္ဒရှင် ပြည်သူများနှင့် တွေ့ဆုံပြီး ဆက်လက်ဆောင်ရွက်




နေပြည်တော် နိုဝင်ဘာ ၂၃

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ၁၆ ရက် မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးကျော်သန်း၏ **ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ် သိမ်ကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းနှင့် ကုက္ကိုလ်ရွာ + ကျွန်းတုံးရွာ အခြေခံပညာ မူလတန်းကျောင်းများကို ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက မာန်အောင်မြို့နယ်အတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကျောင်းဆောင် ဆောက်လုပ်ခြင်းများ ဆောင်ရွက်ရန် ငွေကျပ်သိန်းပေါင်း ၁၇၉၃ သိန်း ခွဲဝေပေးထားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း၊ မာန်အောင်မြို့နယ် သိမ်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ပေ (၄၀×၃၀) သွပ်မိုး၊ ပျဉ်ကာ တစ်ထပ်ဆောင် တစ်ဆောင်သာရှိပြီး ကျောင်းသားကျောင်းသူဦးရေအနေဖြင့် ၁၉ ဦးရှိပါကြောင်း၊ ကုက္ကိုလ်ရွာ + ကျွန်းတုံးကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် (၂၅×၁၅) ပေ သွပ်မိုး၊ ပျဉ်ကာ တစ်ထပ်ဆောင်သာရှိပြီး ကျောင်းသားကျောင်းသူဦးရေအနေဖြင့် ၁၈ ဦးရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

အဆိုပါ ကျောင်းနှစ်ကျောင်းသည် ဥပဓိရုပ်အားဖြင့် အားနည်းနေသည်ကို စိစစ် တွေ့ရှိရသည့်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် Type – C အနေဖြင့် တည်ဆောက်ပေးနိုင်ရေး ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးငွန်ဟေး၏ **ချင်းပြည်နယ် ဟားခါးမြို့ ဈေးသစ်ရပ်ကွက် (ချင်းဦးစီး)ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် ဟားခါးမြို့နယ်တွင် အခြေခံပညာမူလတန်းကျောင်း တစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) သုံးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း လေးကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) တစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း တစ်ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၁၀ ကျောင်း တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ဟားခါးမြို့နယ် ဈေးသစ်ရပ်ကွက် အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)တွင် အလယ်တန်းအဆင့်သင် ကျောင်းသား ကျောင်းသူ ၁၃၅ ဦးသာ ရှိသည့်အပြင် ပင်မကျောင်းဖြစ်သော ဟားခါး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် တစ်မိုင်ခန့်သာ ကွာဝေးသည်ကို တွေ့ရှိရပါကြောင်း။

ချင်းပြည်နယ် ဟားခါးမြို့နယ် ဈေးသစ်ရပ်ကွက် (ချင်းဦးစီး) အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)သည် လာမည့်နှစ် ကျောင်းအဆင့်တိုးမြှင့်ပေးရေးအတွက် ဦးစားပေးအစီအစဉ်တွင် မပါရှိပါကြောင်းနှင့် လက်ရှိတွင်လည်း ကျောင်းသား ကျောင်းသူများအားလုံးကို အလယ်တန်းပညာရပ်များ သင်ကြားခွင့်ရရှိနေသည့် အခြေအနေတွင် ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဝင်းမောင်၏ မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော် က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကြည်ဝင်းက တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံ့ဝန်ထမ်းများ ဖြစ်သော်လည်း ယင်းတို့၏ လုပ်ငန်းသဘာဝအရ ဤဥပဒေကိစ္စများနှင့် အကျုံးမဝင်စေရ စာသားကို ပယ်ဖျက်ပေးရမည် ဖြစ်ပါကြောင်း၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် လုပ်ငန်းသဘောသဘာဝနှင့် တာဝန်များ မတူသော်လည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ သတ်မှတ်ပြဋ္ဌာန်းသည့်အတိုင်း တန်းတူညီမျှ အခွင့်အရေး၊ လွတ်လပ်မှုနှင့် တရားမျှတမှု အခွင့်အရေးရှိသည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ဥပဒေ၏ အရာတွင် တန်းတူညီမျှဖြစ်ရမည်ဟုဆိုသောကြောင့် ပြည်သူ့ဝန်ထမ်းဖြစ်သည့်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေအတိုင်း တန်းတူညီမျှသည့် အခွင့်အရေးများ ရှိရမည် ဖြစ်ပါကြောင်း။

မည်သည့်အဖွဲ့အစည်းမျှ အခွင့်ထူးခံစားခွင့် မရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်း ဥပဒေတွင် နိုင်ငံတော်၏ ရိက္ခာ၊ လစာစားသူများသည် နိုင်ငံ့ဝန်ထမ်းများ ဖြစ်ကြပါကြောင်း၊ ၁၉၅၉ တပ်မတော် ဥပဒေသည်လည်း တည်ဆဲဖြစ်ပါကြောင်း၊ တပ်မတော်ဥပဒေနှင့် သက်ဆိုင်သည့် ဥပဒေနှင့် အခွင့်အရေးများကို ပြဋ္ဌာန်းပြီး ဖြစ်ပါကြောင်း၊ စစ်မှုထမ်းခြင်းဆိုင်ရာ အကျိုးကျေးဇူးလည်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် ဆက်စပ်သည့် တာဝန်များကိုလည်း နိုင်ငံ့ဝန်ထမ်းများအဖြစ် လိုက်နာရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

**“မည်သည့်အဖွဲ့အစည်းမျှ အခွင့်ထူးခံစားခွင့် မရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်း ဥပဒေတွင် နိုင်ငံတော်၏ရိက္ခာ၊ လစာစားသူများသည် နိုင်ငံ့ဝန်ထမ်းများ ဖြစ်ကြပါကြောင်း၊ ၁၉၅၉ တပ်မတော် ဥပဒေသည်လည်း တည်ဆဲဖြစ်ပါကြောင်း၊ တပ်မတော်ဥပဒေနှင့် သက်ဆိုင်သည့် ဥပဒေနှင့် အခွင့်အရေးများကို ပြဋ္ဌာန်းပြီးဖြစ်”**

အဆိုပါ ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးနိုင်မြင့်က ဆက်လက်ဆွေးနွေးသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော် က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇) အား လွှတ်တော်သို့ တင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီဝင် ဒေါ်နန်းနီနီအေးက အဆိုပါ ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး နှုတ်ဆက်စကား ပြောကြားရာတွင် ဆဋ္ဌမပုံမှန် အစည်းအဝေး ကာလအတွင်း မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်း ဆွေးနွေးခြင်း၊ ဥပဒေကြမ်းများ အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းတို့အပြင် ပြည်ထောင်စုလွှတ်တော်တွင် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ် ပြောင်းလဲပြင်ဆင် သတ်မှတ်သည့် ကိစ္စ၊ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးစိစစ်ခြင်း ကိစ္စရပ်ကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်ကြီးများ အနေဖြင့် အစည်းအဝေးပြီးဆုံးပြီး မိမိတို့၏ မဲဆန္ဒနယ်မြေ အသီးသီးကို ပြန်ရတော့မည် ဖြစ်ပါကြောင်း၊ မိမိတို့ မဲဆန္ဒနယ်မြေများကို ပြန်လည်ရောက်ရှိသည့်အခါ မိမိတို့ နယ်မြေဒေသဖွံ့ဖြိုးရေး ကိစ္စရပ်များ၊ ပြည်သူလူထု၏ မျှော်လင့်ချက်များ၊ ဆန္ဒများကို အကောင်အထည်ဖော်နိုင်ရန်အတွက် မဲဆန္ဒရှင် ပြည်သူများနှင့် တွေ့ဆုံပြီး ဆက်လက်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ နိုင်ငံ၏အကျိုး၊ မဲဆန္ဒရှင် ပြည်သူများ၏ အကျိုးသယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်းနှင့် မိမိတို့ နေရပ်သို့ ဘေးမသီရန်မခ ချောမောစွာ ရောက်ရှိကြပါစေကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

**အောင်ရဲသွင်**

# အထောက်အထား ခိုင်လုံခြင်းမရှိဘဲ နိုင်ငံရေးပါတီအချို့၏ ပြောကြားချက်များသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အပေါ် အများပြည်သူတို့အနေဖြင့် အထင်မှား အမြင်မှား ဖြစ်စေနိုင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းသာဖြစ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**

**သတင်းထုတ်ပြန်ချက်**

**၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်**

၁။ နိုင်ငံရေးပါတီများသည် ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့် ပါတီဖြစ်ပါက ပါတီဝင်ဦးရေအနည်းဆုံး ၁၀၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေအနည်းဆုံး ၅၀၀ ကိုလည်းကောင်း စည်းရုံးရမည်ဖြစ်ကြောင်းနှင့် လျော့နည်းသွားပါက ပါတီဝင်အင်အားပြည့်မီအောင် မည်သို့ထပ်မံ၍ စည်းရုံးရမည်ဖြစ်ကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၅(စ)နှင့် ပုဒ်မ ၁၃၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၃(က) နှင့် ၁၃(ခ)တို့တွင် ပြဋ္ဌာန်းထားပါသည်။

၂။ သို့ရာတွင် နိုင်ငံရေးပါတီများသည် အဆိုပါ ဥပဒေ၊ နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ခဲ့ကြခြင်းမရှိသဖြင့် နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အား အခြေအနေကို ဥပဒေနှင့်နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ကြစေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၆-၁၀-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၅ / နငရ - ကြီးကြပ် (၂)/ကမရ ဖြင့် အကြောင်းကြားခဲ့ခြင်း ဖြစ်ပါသည်။

၃။ ထို့ပြင် နိုင်ငံရေးပါတီများသည် အများပြည်သူတို့သိရှိနိုင်ရန် သဘောထားထုတ်ပြန်ချက်များ၊ ကြေညာချက်များ ပြုလုပ်နေသည်ဖြစ်ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့်လည်း သိရှိထားရမည့် ကိစ္စဖြစ်ပါသည်။ ထို့ကြောင့် ထုတ်ပြန်ပြီးသော သဘောထားထုတ်ပြန်ချက်၊ ကြေညာချက်များ၏ မိတ္တူတစ်စောင်ကိုသာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့ရန် ၂၅-၁၀-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၅ / နငရ- ကြီးကြပ် (၁) / ကမရ ဖြင့် နိုင်ငံရေးပါတီများသို့ တောင်းခံခဲ့ခြင်း ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများအား သဘောထားထုတ်ပြန်ချက်များ၊ ကြေညာချက်များမပြုလုပ်ရန် တားဆီးခြင်း၊ ပိတ်ပင်ခြင်း၊ ကန့်သတ်ခြင်း၊ ချုပ်ချယ်ခြင်း တစ်စုံတစ်ရာ အလျှင်းမပါရှိပါ။

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီဆောင်ရွက်ခြင်းအပေါ် ပါတီအချို့နှင့် လူပုဂ္ဂိုလ်အချို့တို့က အပြုသဘောအသွင် မဆောင်ဘဲ သဘောထားကြေညာချက်များ ထုတ်ပြန်ခြင်း၊ သတင်းမီဒီယာများသို့ ပြောကြားခြင်းများ ရှိခဲ့ပါသည်။

၅။ ထို့ကြောင့် အထောက်အထားခိုင်လုံခြင်းမရှိဘဲ နိုင်ငံရေးပါတီအချို့၏ ပြောကြားချက်များသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အပေါ် အများပြည်သူတို့အနေဖြင့် အထင်မှား အမြင်မှား ဖြစ်စေနိုင်ပါသည်။

၆။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါသဖြင့် နိုင်ငံရေးပါတီများအားလုံးသည် အပိုဒ်(၁)တွင် ဖော်ပြထားသောဥပဒေ၊ နည်းဥပဒေများနှင့်အညီသာ လိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ဘင်္ဂလားဒေ့ရှ်အစိုးရက ရခိုင်ပြည်နယ်အတွက် လူနာတင်ယာဉ် သုံးစီး လွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရခိုင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသော လူနာတင်ယာဉ် သုံးစီးနှင့် စာရွက်စာတမ်းများကို ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး H.E Mr. Abul Hassan Mahmood က ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်သည်။

**လွှဲပြောင်းပေးအပ်**

အဆိုပါ လူနာတင်ယာဉ် သုံးစီးကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ဆက်လက်လွှဲပြောင်း ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




**ရခိုင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသော လူနာတင်ယာဉ် သုံးစီးနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးထံ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေး ဝန်ကြီးက ပေးအပ်စဉ်။** သတင်းစဉ်

# မောင်တောမြို့နယ်၌ စပါးများ ရိတ်သိမ်းမှုနှင့် နေအိမ်တည်ဆောက်မှု ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှု

မောင်တော နိုဝင်ဘာ ၂၃

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် နိုဝင်ဘာ ၂၂ရက် နှင့် ၂၃ ရက်နေ့တို့တွင် မောင်တောမြို့နယ်အတွင်း စက်မှု လယ်ယာဦးစီးဌာနမှ ရိတ်သိမ်းသူမဲ့ စပါးများ ရိတ်သိမ်းနေမှု၊ ရိတ်သိမ်းပြီး စပါးများ အခြောက်လှန်းထားရှိမှု၊ တိုင်းရင်းသားနေအိမ်များ အသစ်တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများသည် မောင်တောမြို့နယ် စပယ်ကုံးကျေးရွာ အနီး စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းသူမဲ့ စပါးများအား ခြွေလှေ့စက်များဖြင့် ရိတ်သိမ်းနေမှုကို ကြည့်ရှုပြီး



**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ စပယ်ကုံးကျေးရွာ အနီး ရိတ်သိမ်းသူမဲ့ စပါးများအား ခြွေလှေ့စက်များဖြင့် ရိတ်သိမ်းနေမှုကို ကြည့်ရှုစဉ်။**

သတ်မှတ်ချိန်အတွင်း အချိန်မီ ရိတ်သိမ်းရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တောင်ပြိုလက်ဝဲမြို့ ပြန်လည်လက်ခံရေး စခန်းတွင် အဆောက်အအုံများ ပြန်လည်ပြင်ဆင်တည်ဆောက်နေမှုနှင့် ကမ်းပါးပြိုရေတိုက်စားမှုကြောင့် ပဲ့ပါသွားသည့် မင်းကြီးရွာ ပြန်လည်တည်ဆောက်မည့် မြေနေရာနှင့် စာသင်ကျောင်း ဆောက်လုပ်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ မင်းကြီးရွာသစ်ကို ဝက်ကျိန်းဘုရားသို့ သွားရာ တောင်ပြို-ကြိမ်ချောင်း ကားလမ်းဘေးတွင် တည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ခုံတိုင်(မြို)ကျေးရွာသစ် တည်ဆောက်မည့် နေရာတွင် ကျေးရွာသားများနှင့်တွေ့ဆုံပြီး တင်ပြလာသည့် အခက်အခဲများကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး မြိုလူမျိုးများအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နေအိမ်များ တည်ဆောက်နေမှုနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ နေအိမ်တည်ဆောက်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရေဝတီတိုင်းဒေသကြီးအစိုးရမှ ဆောက်လုပ်လှူဒါန်းသည့် မောင်တောမြို့နယ်အတွင်း သွားလာရေးခက်ခဲသည့် ခရုချောင်း၊ မျောက်ခေါင်းတောင်၊ ပန်းချောင်း၊ အင်းချောင်း (အောက်) မြိုတိုင်းရင်းသားကျေးရွာများကို စုစည်း၍ သစ်တုံးနားခွဆုံကျေးရွာအနီးတွင် နေအိမ်များ ပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီ အချိန်မီ ပြီးစီးအောင် တည်ဆောက်ရန် မှာကြား၍ သမန်းသားကျေးရွာအတွင်း လမ်းဖောက်လုပ်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် မောင်တောမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ယာယီကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေသည့် ဟိန္ဒူဘာသာဝင်များအား ယာယီထားရှိရန် မောင်တောမြို့ မြို့မအရှေ့ရပ်ကွက်တွင် တည်ဆောက်နေသည့် နေအိမ်အဆောင်များ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မောင်တော-အင်္ဂူမော် ကားလမ်းဘေး ကိုင်းကြီး(မြို) ကျေးရွာသစ် တည်ဆောက်သည့် နေရာတွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရမှ ဆောက်လုပ်လှူဒါန်းသည့် စာသင်ကျောင်းဆောင်သစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး (ဓဲပုံ) အလယ်သံကျော် ကျေးရွာအနီး ရိတ်သိမ်းပြီး စပါးများ စက်ယန္တရား၊ လူအင်အားတို့ဖြင့် အခြောက်လှန်းနေမှုများကို ကြည့်ရှုသည်။

**သတင်းအဖွဲ့**
**ဓာတ်ပုံ-နေလင်း**

# စက်မှုလယ်ယာဦးစီးဌာနမှ ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံးကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၂၂ ရက်အထိ စုစုပေါင်း ၂၅၉၁ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဘနက်၊ ကြို့တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂၂ ရက်အထိ စုစုပေါင်း ၂၀၂ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလု၊ ဆင်ရိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံ၊ လေညှင်းသာကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ၂၂ ရက်အထိ စုစုပေါင်း ၂၀၂ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

မင်းပြားမြို့နယ်အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက် ကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့ စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ၂၂ ရက်အထိ စုစုပေါင်း ၁၀၂ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ် အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၂၂ ရက်အထိ စုစုပေါင်း ဧက ၁၀၀ ရိတ်သိမ်းပြီးဖြစ်သည်။



ရသေ့တောင်မြို့နယ် အတွင်းရှိ ချိန်ခါလိန်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၂၂ ရက်အထိ စုစုပေါင်း ၁၂၆ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ဘူးသီးတောင်မြို့နယ် အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ၂၂ ရက်အထိ စုစုပေါင်း ၄၆ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၃**

မောင်တောမြို့နယ်ရှိ မြို့နယ် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ရွှေရင်အေး(တိုင်းရင်းသား)ကျေးရွာတွင် ဆိတ် တစ်ကောင်၊ ခုံတိုင်စခန်း ပတ်ဝန်းကျင်ရှိ သမန်းသား(တိုင်းရင်းသား) ကျေးရွာတွင် နွား တစ်ကောင်၊ ငါးခူရ ပတ်ဝန်းကျင်ရှိ ရေမျက်တောင်(တိုင်းရင်းသား)ကျေးရွာတို့တွင် ဆိတ်နှစ်ကောင်တို့အား ကာကွယ်ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားတစ်ကောင်အား ကာကွယ်ကုသပေးခြင်း၊ ဆိတ် သုံးကောင်တို့အား ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်း သုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၂၉၇ ကောင်တို့အား ကာကွယ်ကုသဆေး ထိုးနှံပေးခြင်း၊ ဆိတ် ၆၅၇ ကောင်တို့အား ဆေးကုသ ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**မောင်တောမြို့နယ်ရှိ မြို့နယ် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရေး အဖွဲ့က တိရစ္ဆာန်များအား ကာကွယ်ကုသဆေး ထိုးနှံပေးစဉ်။**

# အမျိုးသား မူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒ အတည်ပြုရေးဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၃**

အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒအတည်ပြုရေး ဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေး ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက မူးယစ်ဆေးဝါး တရားမဝင်ထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုနှင့် သုံးစွဲမှုများသည် လူသားများ၏ ကျန်းမာရေးနှင့် အေးချမ်းစွာ နေထိုင်မှုကို ဆိုးရွားစွာ ခြိမ်းခြောက်လျက်ရှိကြောင်း၊ အလားတူ လူ့အဖွဲ့အစည်းများ၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးအခြေခံအုတ်မြစ်များကို လိုက်စားလာကြောင်း၊ ၂၀၁၇ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါး အစီရင်ခံစာအရ ကမ္ဘာ့လူဦးရေ၏ ငါးရာခိုင်နှုန်းသည် တစ်နှစ်အတွင်း မူးယစ်ဆေးဝါး အနည်းဆုံး တစ်ကြိမ် သုံးစွဲမှုရှိပြီး လူဦးရေအနေဖြင့် ၂၅၅ သန်းရှိကြောင်း၊ ၎င်းတို့အနက် ၂၉ ဒသမ ၅ သန်းသော လူဦးရေမှာ မူးယစ်ဆေးဝါး ကုသမှုခံယူရန် လိုအပ်နေသူများ ဖြစ်ပါကြောင်း၊ ၎င်းတို့အနက် ၁၂ သန်းမှာ မူးယစ်ဆေးဝါး အကြောတွင်း ထိုးသွင်းသူများဖြစ်ပြီး တစ်နှစ်ထက်တစ်နှစ် မူးယစ်ဆေးလွန်သေဆုံးမှုများ မြင့်တက်လာကြောင်းနှင့် မူးယစ်ဆေးစွဲမှုကြောင့် ကူးစက်ခံရသော HIV ရောဂါ၊ အသည်းရောင်အသားဝါ “B” “C” နှင့် TB ရောဂါဖြစ်ပွားမှုများမှာလည်း မြင့်တက်လာသည်ကို တွေ့ရှိရကြောင်း၊ ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာသည် ယခင်ကထက် ပိုမိုရှုပ်ထွေးလာပြီး ပြည်သူ့ကျန်းမာရေး၊ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ကောင်းမွန်သော အုပ်ချုပ်မှုယန္တရား တည်ဆောက်ရေး၊ ငြိမ်းချမ်းတည်ငြိမ်ရေး စသော လုပ်ငန်းစဉ်များကို တိုက်ရိုက်တစ်မျိုး သွယ်ဝိုက်၍တစ်ဖုံ ခြိမ်းခြောက်လာကြောင်း၊ ၂၀၁၆ ခုနှစ် ဧပြီလတွင် ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာဆိုင်ရာ အထူးအစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ရာ ၎င်းအစည်းအဝေးမှ လက်ရှိဖြစ်ပေါ်နေသော မူးယစ်ဆေးဝါး ပြဿနာကို ဘက်ပေါင်းစုံ ချဉ်းကပ်မှုများနှင့် တုံ့ပြန်ရေးကို ဆွေးနွေးနိုင်ခဲ့ကြကြောင်း၊ မူးယစ်ဗဟိုအဖွဲ့အနေဖြင့် ၂၀၁၆ ခုနှစ် UN-GASS အစည်းအဝေး၏ လုပ်ငန်းအကြံပြုချက်များနှင့်အညီ ၂၀၁၆ ခုနှစ် စက်တင်ဘာလမှ စတင်ပြီး အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်တစ်ရပ် ပေါ်ထွက်လာရေးအတွက် လမ်းပြမြေပုံ ( Road Map ) တစ်ခုကို ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ Road Map ပါ လုပ်ငန်းစဉ်များအတိုင်း စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ကြရာမှာ လုပ်ငန်းအဖွဲ့ဆွေးနွေးမှုများ၊ ကျွမ်းကျင်သူအဖွဲ့ ဆွေးနွေးမှုများ၊ အစိုးရဌာနများအတွင်း ဆွေးနွေးမှုများစသည့် ဆွေးနွေးမှုအဆင့်ဆင့်ကို ဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း။

ယခုရေးဆွဲထားသောမူဝါဒသည် ပြည်သူ့ကျန်းမာရေးကို ဦးစားပေးသည့် ချဉ်းကပ်မှုများ၊ ဖွံ့ဖြိုးရေးကို ဦးစားပေးသည့် ချဉ်းကပ်မှုများကို အလေးပေးရေးဆွဲခဲ့ခြင်းဖြစ်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးရည်မှန်းချက် SDG များ အောင်မြင်ရေးအတွက် အထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း၊ ယခုမူဝါဒနှင့် အပြန်အလှန် အထောက်အကူဖြစ်စေရန် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကိုလည်း ပြင်ဆင်ရေးဆွဲနေပြီး ယခုဆိုလျှင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့တွင် အတည်ပြုနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ယနေ့ ဆွေးနွေးမှုသည်လည်း အထက်တွင် တင်ပြခဲ့သည့်အတိုင်း လူထုအခြေပြုအဖွဲ့အစည်း အသီးသီး ပါဝင်ဆွေးနွေးမှုများမှ ပေါ်ထွက်လာတဲ့ရလဒ်များအပေါ် အခြေခံ ရေးဆွဲထားသည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်ကို Policy Level ဝိုင်းဝန်းအကြံပြု ဆွေးနွေးပြီး အတည်ပြုသွားမည် ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် မူဝါဒရေးဆွဲ အတည်ပြုပြီးနောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းစီမံချက်တစ်ခုကို ကာလနှစ်နှစ် သတ်မှတ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြပြီး ဆွေးနွေးပွဲတွင် အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒအား အတည်ပြုခဲ့ကြကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# မတူတာတွေကို လေးစား တန်ဖိုးထားသလို တစ်ဖက်ကလည်း တို့နိုင်ငံကို တိုးတက်အောင် လုပ်ဆောင်ကြဖို့ တိုက်တွန်းချင်တယ်

**ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်**

**နေပြည်တော် နိုဝင်ဘာ ၂၃**

ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် မတူကွဲပြားမှုများကို စီမံခန့်ခွဲခြင်း(Diversity Management in the Age of Globalization) ဆိုင်ရာ ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပခဲ့သည်။

ပထမနေ့ ဆွေးနွေးပွဲတွင် ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်၏ ဆွေးနွေးပြောကြားမှုများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်တို့ ဒီအကြောင်းအရာကို ဘာသာစကား နှစ်မျိုးနဲ့ တစ်ပြိုင်တည်း ပြောသွားမှာပါ။

အခုလို ပြောကြားခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ ပထမဦးစွာ ကိုးကားတဲ့ စကားလေး ပြောချင်ပါတယ်။

ဂျွန်အက်ဖ်ကနေဒီ က “We can make the world safe for us.” လို့ ပြောခဲ့ပါတယ်။



ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

### လူငယ်တွေ အနာဂတ်ကို ဖန်တီးနိုင်

Diversity ကိုလက်ခံဖို့ လူငယ်တွေကို ပန်ကြားချင်ပါတယ်။ လူငယ်တွေ မတူတာကို လက်ခံထားရမယ်။ အတိတ်ကို ပြုပြင်လို့မရသော်လည်း လူငယ်တွေ အနာဂတ်ကို ဖန်တီးနိုင်တယ်။ ကိုယ့်ကြောင့် ကိုယ့်နိုင်ငံကြီး ထူးခြားလာမယ်။ အခြေခံကိုပြောရင် ဆရာတို့ အားလုံးသည် တစ်ကမ္ဘာထဲမှာ နေတာဖြစ်တယ်။ ဒီရေ၊ ဒီမြေ၊ ဒီကမ္ဘာမြေကြီးမှာ ကိုယ့်ကလေးတွေအတွက် အနာဂတ်ကို မစဉ်းစားမိတဲ့သူ မရှိပါဘူး။ လူတိုင်းစဉ်းစားပါ။ နောက်ဆုံးအနေနဲ့ လူတိုင်းဟာ တူတာကို ကြည့်ပါ။ မတူတာကို ခဏထားလို့ရတယ်။

ဒါကြောင့်မို့ ကနေ့ နိုင်ငံသားကိုပြောမယ်၊ ပြည်နယ်ကို ပြောမယ်၊ ယဉ်ကျေးမှု မတူတာကို လက်ခံထားရမယ်။ ကိုယ့်ယဉ်ကျေးမှုကို မြတ်နိုးတယ်၊ ကြည်ညိုတယ်ဆိုရင် သူများ ကြည်ညိုမှုကိုလည်း Respect လက်ခံထားရမယ်။ ကိုယ့်နိုင်ငံကို ချစ်သလို တစ်ကမ္ဘာလုံးကိုလည်း အသိအမှတ်ပြုမှုရမယ်။ ကိုယ့်အနာဂတ်ကို ဖန်တီးနိုင်တာ ကိုယ့်လက်ထဲရှိတယ်။ လူငယ်တွေ၊ မတူတဲ့ ယဉ်ကျေးမှုတွေ အများကြီးရှိတာ။ ဟောဒီ အခန်းထဲမှာ အဝတ်အစားတွေ မတူ၊ တိုင်းရင်းသားတွေ၊ နိုင်ငံခြားသားတွေ ရှိတယ်။ အဲဒီလိုစဉ်းစားတဲ့အခါမှာ ယုံကြည်မှု အပြုအမူတွေ မတူကြပါဘူး။ ပြည်ထောင်စုဝန်ကြီး ပြောသွားပါတယ်။ We need to respect၊ တိုင်းရင်းသားရေးရာ၊ ယဉ်ကျေးမှုတွေ မတူပါဘူး။ တန်ဖိုးထားမှု၊ လူမှုယဉ်ကျေးမှု မတူညီတာတွေ တန်ဖိုးထားရမှာ။ ဒါကို အသိအမှတ်ပြုစေချင်ပါတယ်။

အဲဒီလိုစဉ်းစားရင်တော့ အခွင့်အရေးပေးဖို့ လုပ်ဆောင်ပေးဖို့ လိုပါတယ်။ အားလုံးက အတူတူပဲလို့ လက်ခံထားဖို့ လိုပါတယ်။ မြန်မာ့လူ့အဖွဲ့အစည်းမှာ ဝန်ကြီး ပြောသွားသလို တိုင်းရင်းသားတွေရှိတယ်၊ မတူကြဘူး။ ဒါဟာရှင်သန်လေ၊ တန်ဖိုးထားဖို့ လိုတယ်လို့ သတိထားဖို့လိုတယ်။ Respect ရှိဖို့ လိုတယ်။ ကိုယ့်ကိုယ်ကိုယ် လေးစားသလို သူများကိုလည်း လေးစားဖို့၊ သူများ ယဉ်ကျေးမှုကို အသိအမှတ်ပြုဖို့ လိုပါတယ်။ ကိုယ်လည်းသွားခွင့်ရှိသလို သူမှာလည်း သွားခွင့်ရှိတယ်။ အသိအမှတ်ပြုပါ။ ကိုယ့်အနေနဲ့ မျှော်လင့်တာကတော့ ဒီမှာရှိတဲ့လူအားလုံး စုပေါင်းပြီးတော့ တို့လူ့အဖွဲ့အစည်းကို ဘယ်လိုလုပ်မလဲ၊ စဉ်းစားပေးဖို့ လိုပါတယ်။ အတူတကွ ပေါင်းစည်းမှုရဖို့ ။ မတူရင် ရန်သူလို့ ခေါ်တဲ့ အယူအဆကို ပယ်ရမှာဖြစ်ပါတယ်။ (Reject rejection)

ဒီမှာရှိတဲ့ လူတွေအားလုံးပေါင်းနိုင်ရင် ကိုယ့်နိုင်ငံမှာ လူငယ်တွေဟာ အရည်အချင်းတွေ အများကြီးရှိကြပါတယ်။ အတူတကွ တိုးတက်နိုင်တဲ့ အဖွဲ့အစည်းဖြစ်အောင် ကြိုးစားကြရအောင်။ လူတိုင်းမှာ အလားအလာတွေ အများကြီး၊ အထူးသဖြင့် လူငယ်တွေမှာ အများကြီး။ သူတို့တွေ အားလုံးပါမှရမှာ။ ကိုယ့်နဲ့ မတူရင် အပြစ်တင်ချင်တဲ့၊ အသက်ကြီးတဲ့ သူ၊ ငယ်တဲ့သူ၊ ကျား၊မ၊ လူ့အဖွဲ့အစည်း၊ ပါတီမှာ မတူတဲ့သူတွေ ရှိပါတယ်။

### မတူကွဲပြားခြင်းကို လက်ခံဖို့လို

ဒါကြောင့်မို့ ဒီနေ့တော့ စဉ်းစားတဲ့အခါ အားလုံး ဝိုင်းစဉ်းစားဖို့ လိုပါလိမ့်မယ်။ မြင်သာတဲ့ဟာတွေ ပြောပါ။ မမြင်တာလည်း ရှိပါတယ်။ အယူအဆတွေက မတူကြဘူး။ အားလုံးထက်ပိုပြီး တိုးတက်အောင်လုပ်ကြရမယ်။ တစ်ယောက်ထဲ လုပ်နေတာထက်စာရင် ပေါင်းလုပ်ရင် မအောင်မြင်ဘူးလား၊ တစ်ယောက်ချင်းစီ မလုပ်ကြပါနဲ့၊ တစ်ယောက်ချင်း၊ တစ်ဦးချင်း လုပ်ဖို့လိုသလို လူ့အဖွဲ့အစည်း အဆင့်မှာလည်း လုပ်ဖို့ လိုပါတယ်။ မတူကွဲပြားခြင်းကို လက်ခံဖို့ လိုပါတယ်။ တစ်ယောက်နဲ့ တစ်ယောက်က အပြည့်အဝ လေးစားမှုသာ ရမှာပါ။ ကျွန်တော်တို့မှာရှိတဲ့ တိုင်းရင်းသားတွေ ရှမ်း၊ ကချင်၊ ကရင်၊ မွန် အားလုံး တစ်ယောက်နဲ့တစ်ယောက် လေးစားဖို့ လိုပါတယ်။ လူတိုင်းနဲ့ ဆက်ဆံတဲ့အခါ ကိုယ့်လိုဆက်ဆံသလို ဆက်ဆံစေဖို့ လိုပါတယ်။

ပဋိပက္ခ ဘာလို့ဖြစ်သလဲ၊ သူ့ရဲ့ယဉ်ကျေးမှု၊ သူ့ရဲ့အသက်ကို မလေးစားလို့ ဖြစ်ပါတယ်။ (Conflict happens because of lack of respect.)

မတူပေမယ့် ညီညွတ်မှုရှိရမယ်။ ဒါကြောင့်မို့ ဆရာ့အနေနဲ့ မှာချင်တာက မတူတာတွေကို လေးစားမယ်။ တန်ဖိုးထားသလို တစ်ဖက်ကလည်း တို့နိုင်ငံကို တိုးတက်အောင် လုပ်ဆောင်ကြဖို့ တိုက်တွန်းချင်တယ်။ အစွန်းနှစ်ခုကို ရှောင်မှုရမယ်။ အားလုံးညီညွတ်တာကို စဉ်းစားပြီး မတူတာကို အသိအမှတ်ပြုရအောင် ပန်ကြားချင်ပါတယ်။ တစ်ဖက်က မတူတာကို ပြောနေတယ်။ တစ်ဖက်ကလည်း မင်းနဲ့ငါနဲ့ ကွက်တိ။ မတူတဲ့လူကို ဖယ်ထား။ အဆုံးနှစ်ခုကို ကြည့်ပြီး အလယ်ရောက်အောင် ကြည့်ကြရအောင်။ ကိုယ့်နိုင်ငံမှာ လူတစ်မျိုး (human being) ပဲရှိတယ်။ လူတိုင်းကို လူငယ်၊ လူကြီး၊ တိုင်းရင်းသား မခွဲဘဲနဲ့ ကြည့်ဖို့လိုတယ်။ လူငယ်တွေကို မှာချင်တယ်၊ တစ်ယောက်ချင်း တာဝန်ရှိတယ်။

Managing diversity ဆောင်ရွက်ရာမှာ ပြင်ပက ပြင်ပေးလို့မရ၊ လူတိုင်းက မိမိစိတ်ကို ပြုပြင်ပြောင်းလဲမှုရမယ့် intrinstric approach ဖြစ်တယ်။ မှာချင်တာကတော့ လူတွေအားလုံးစဉ်းစားပြီးတော့ Other ကို မမေ့နဲ့နော်။ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ကြပါ။ လူတိုင်းစိတ်ထဲမှာ ဘက်လိုက်မှု (bias) တွေ ရှိတယ်နော်။ သူများအပေါ် မြင်တဲ့ အမြင်တွေကို ပြင်ပေးပါ။ အသားအရောင်တွေ မတူတာကို လက်ခံထားရမယ်။ အားလုံးပြီးသွားတဲ့အခါ အားလုံးက တစ်ပုံစံတည်း မဟုတ်ဘူးနော်။ ဒါကြောင့်မို့ အစိုးရသစ်လက်ထက်မှာ အခွင့်အရေး၊ တာဝန်ယူမှု၊ အခွင့်အရေး လိုချင်ရင် တာဝန်ပါတယ်နော်။ အခွင့်အရေးတောင်းတဲ့သူ အားလုံးကို အခွင့်အရေးနဲ့အတူပါလာတဲ့ တာဝန်အားလုံးကိုယူဖို့ သတိထားရပါမယ်။

ကိုယ့်မှာရှိတဲ့ ယဉ်ကျေးမှု၊ အယူအဆ၊ အတွေးအခေါ်တွေ လက်ခံပြီးတော့ စဉ်းစားပေးပါလို့ ပြောချင်ပါတယ်။

### အနာဂတ်တွေ လှပလာလိမ့်မယ်

အားလုံးဟာ လူသားတွေ ဖြစ်ပါတယ်။ နယ်မခြားနဲ့ အားလုံးဟာ same planet မှာ နေသူတွေ ဖြစ်ပါတယ်။ အဲ့ဒါကိုစဉ်းစားရင်တော့ ဒီမှာရှိတဲ့လူငယ်တွေ သူများကို မေတ္တာထားပြီး ခရစ်ယာန်၊ မူဆလင်တွေလည်း အားလုံးပါတယ်။ ဒီလိုဆွေးနွေးပြီးတဲ့အခါ ရလာတဲ့ ရလဒ်တွေက အင်မတန်မှ အကျိုးရှိပါတယ်။ မတူတဲ့လူတွေ အားလုံး ပေါင်းစည်းလိုက်ရင်တော့ ကိုယ့်နိုင်ငံ အနာဂတ်တွေ လှပလာလိမ့်မယ်လို့ ထင်ပါတယ်။

Strength lies in Differences, Not in similarities.

# တရုတ်နိုင်ငံ Blue Sky Rescue အဖွဲ့က သဘာဝဘေး အရေးပေါ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သင်တန်းပို့ချ

**ရန်ကုန် နိုဝင်ဘာ ၂၃**

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို)နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Blue Sky Rescue အသင်းတို့ ပူးပေါင်း၍ ယနေ့ နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ဦးရှိ နိုင်ငံခြားသားများ အဝင်ပေါက် FE အဆောင်တွင် သဘာဝဘေး အရေးပေါ်ကူညီကယ်ဆယ်ရေး သင်တန်းကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်နှင့် Blue Sky Rescue မှ သင်တန်းနည်းပြ ဆရာများက သင်တန်းနှင့်ပတ်သက်၍ လည်းကောင်း၊ လာနီညာ၊ အယ်နီညိုနှင့် ငလျင်ပြတ်ရွှေ့များစသည့် သဘာဝဘေး အန္တရာယ်များနှင့် ဆက်စပ်၍ လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် Blue Sky Rescue အသင်းက ရွှေတိဂုံစေတီတော်အတွက် အမေရိကန်ဒေါ်လာ ၅၀၀ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးသောင်းထိုက်က လက်ခံသည်။

အဆိုပါ သင်တန်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Blue Sky Rescue မှ သင်တန်းနည်းပြများက နိုဝင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ သုံးရက်ကြာ သရုပ်ပြ သင်ကြားပို့ချသွားမည်ဖြစ်ပြီး မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းနှင့် ရွှေတိဂုံ ဘုရားတွင် တာဝန်ထမ်းဆောင်နေသည့် လုံခြုံရေး အဖွဲ့ဝင်များနှင့် လုံခြုံရေးကုမ္ပဏီများမှ သင်တန်းသား ၆၄ ဦး တက်ရောက်ကြောင်း သိရသည်။

ယခုသင်တန်းမှ သင်တန်းသားတချို့ကို တရုတ်နိုင်ငံသို့ ဖိတ်ခေါ်၍ သင်တန်းပေးမည့်အပြင် မြန်မာ-တရုတ် ချစ်ကြည်ရေး အသင်းခွဲရုံး တည်ရှိရာ မြို့ငါးမြို့တွင်လည်း ဆက်လက်သင်တန်း ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Blue Sky Rescue ကယ်ဆယ်ရေးအဖွဲ့သည် တစ်ကမ္ဘာလုံးတွင် အဖွဲ့ခွဲပေါင်း ၂၀၀ ကျော်၊ အသင်းဝင်ပေါင်း သုံးသောင်းကျော်ရှိကြောင်း သင်တန်းနည်းပြ Mr. Yu Pu Zhang က ပြောကြားသည်။

**သတင်းစဉ်**

# မိတ္ထီလာ၌ ကားနောက်ဖုံးအတွင်း လူနှစ်ဦးသေဆုံးမှုနှင့် ပတ်သက်၍ မသင်္ကာသူတစ်ဦးအား စစ်ဆေး

**မိတ္ထီလာ နိုဝင်ဘာ ၂၃**

နိုဝင်ဘာ ၁၆ ရက်က သတ်ဖြတ်ခြင်းခံခဲ့ရသည့် စိုင်းစိုးအောင်(၃၀ နှစ်)နှင့် ဇနီး မလင်းလင်း(၃၀နှစ်)တို့ ကားနောက်ဖုံးအတွင်း သေဆုံးနေသည်ကို တွေ့ရှိမှုနှင့် စပ်လျဉ်း၍ မသင်္ကာသူတစ်ဦးအား ဖမ်းဆီးစစ်ဆေးနေကြောင်း သိရသည်။

မိတ္ထီလာမြို့၌ နိုဝင်ဘာ ၁၇ ရက် ညက ဈေးအရှေ့ပြင်နယ်မြေ ကန်ပတ်လမ်း ဖွဲ့ရုံတောင်ဘက် ခရစ်ယာန်ဘုရားကျောင်းအနီး အုတ်ခုံအား FUGA နစ်ဆန်း ဆလွန်းယာဉ်က ဝင်ရောက်တိုက်မိကာ ရပ်တန့်ထားသည်ကို ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ယာဉ်တံခါးဖွင့်မရ၍ ရွှေဘုံသာဘုရားဝင်း ကားဝပ်ရှော့ပိုင်ရှင် ကိုပု(ခ)ကိုမြသိန်းထံ ခေတ္တအပ်နှံထားခဲ့သည်။

ယင်းနောက် ကားဝပ်ရှော့ပိုင်ရှင်က နိုဝင်ဘာ ၁၈ ရက် နံနက်တွင်ကားအတွင်းမှ အပုပ်နံ့ရ၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲတပ်ဖွဲ့ဝင်များအား အကြောင်းကြားသဖြင့် ကားနောက်ခန်းအား ဖွင့်လှစ်စစ်ဆေးရာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့က စစ်ဆေးခဲ့ရာ ဒဏ်ရာများဖြင့် သေဆုံးသူများမှာ မန္တလေးမြို့တွင် နေထိုင်သည့် စိုင်းစိုးအောင် (၃၀နှစ်)နှင့်ဇနီး မလင်းလင်း (၃၀နှစ်)တို့ဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ မိတ္ထီလာမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးခဲ့သည်။

နိုဝင်ဘာ ၂၁ ရက်က မိတ္ထီလာမြို့မရဲစခန်းမှူး ရဲမှူး ခင်မောင်စိုးက သေဆုံးသူ နေထိုင်သည့် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာမြိုင် ၈ ရပ်ကွက် ၃၇ လမ်း ၆၈×၆၉ ကြားရှိနေအိမ်အား သွားရောက်စစ်ဆေးခဲ့ရာ လူသတ်မှုမှာ နိုဝင်ဘာ ၁၆ ရက်က မန္တလေးရှိ နေအိမ်တွင် ဖြစ်ပွားခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စိုင်းစိုးအောင်၏တပည့် အရောင်းအဝယ်ပြုလုပ်သူ ကိုကိုမောင် (၃၈နှစ်)အား မသင်္ကာသဖြင့် ဖမ်းဆီးစစ်ဆေးနေပြီး ၎င်းအား မန္တလေးမြို့ အမှတ် ၉ ရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# မကွေးမြို့၌ ရေနံစိမ်းဂါလန် ၃၅၀၀ ခန့် တရားမဝင်သယ်ဆောင်လာသော ယာဉ်တစ်စီးဖမ်းမိ

**မကွေး နိုဝင်ဘာ ၂၃**

မကွေးမြို့မကွေး-နတ်မောက်ကားလမ်းတွင် နိုဝင်ဘာ ၂၂ ရက်က ရေနံစိမ်းများတရားမဝင် သယ်ဆောင်လာသော ယာဉ်တစ်စီးအား ဖမ်းဆီးရမိခဲ့ကြောင်း မကွေးမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မကွေးခရိုင်ရဲတပ်ဖွဲ့မှ ရဲအုပ်အေးမင်းထွန်း ဦးစီးသောပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၂ ရက် နံနက် ၂ နာရီခွဲက မကွေးမြို့အဝင် မြောက်ဂိတ်၌ မကွေးဘက်မှ နတ်မောက်လမ်းအတိုင်း မောင်းနှင်လာသော YGN-8F/---- ၁၂ ဘီး ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့သည်။ အဆိုပါယာဉ်ကို ယာဉ်မောင်း ဇော်လတ် (၃၉နှစ်) အမှတ်(၁) ရပ်ကွက် မင်းလှမြို့နေသူမောင်းနှင်ပြီး ယာဉ်နောက်လိုက် နိုင်ထွန်း(၄၀နှစ်) တောင်ကွေ့ ချောင်းကျေးရွာ မကွေးမြို့နယ်နေသူနှင့် အေးမင်းထွန်း(၃၈နှစ်) ရွာတော်ကျေးရွာ မင်းလှမြို့နယ်နေသူတို့လိုက်ပါလာကာ ယာဉ်ပေါ်တွင် ရေနံစိမ်း စည် ၇၀ (ဂါလန် ၃၅၀၀ )ခန့်အား တင်ဆောင်လာသည်ကို တွေ့ရှိရပြီး သယ်ဆောင်ခွင့် လက်မှတ်တွင် ပါရှိသော ယာဉ်မောင်းအမည်လွဲနေခြင်း၊ ၎င်းယာဉ်၏ အောက်ခံကားနံပါတ်ပြား MDY-1D/----ပေါ်တွင် YGN-8F/----နံပါတ်ပြားအား ကပ်ခွာဖြင့် ကပ်ထားသည်ကို တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ တရားမဝင် သယ်ဆောင်လာကြောင်း စစ်ဆေးသိရှိခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရေနံစိမ်းများ တရားမဝင်သယ်ဆောင်လာသူ ဇော်လတ်၊ နိုင်ထွန်းနှင့်အေးမင်းထွန်းတို့အား မကွေးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# ရေပူ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ မူဆယ်သွားမည့်ယာဉ်ပေါ်မှ ပိတောက်စားရွှေတုံးများ ဖမ်းမိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၂၂ ရက်၌ မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၁၈ စီး ၊ သွင်းကုန် ၉၄၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၈ စီး၊ သွင်းကုန် ၁၂၇ စီး ကုန်စည်များ သယ်ယူ ပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၂ ရက်က ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုရှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀ ဒသမ ၇၈၁ သန်းခန့် ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၂၂ ရက်က မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူ အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မူဆယ်သို့ သွားရောက်မည့် Honda Stream ယာဉ်တစ်စီးအား တားဆီးစစ်ဆေးခဲ့ရာ ယာဉ်၏နောက်ခန်း၌ ကတ္တီပါစဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် ပိတောက်စားရွှေသစ် ၁၀ တုံး (၀ ဒသမ ၂၁၀၆ တန်)နှင့် ပစ္စည်း သယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၁၉၁ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင်သစ်များနှင့် သစ်ခွဲသားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် နိုဝင်ဘာ ၁၄ ရက် ည ၁၀ နာရီ ၁၇ မိနစ်က ဖြူးမြို့နယ် ဇေယျဝတီမြို့သစ် သွင်ထူးဆီဆိုင်နေရာအနီး၌ တရားမဝင် ပျဉ်းကတိုးခွဲသား ၉၁ ချောင်း(၇ ဒသမ ၅၂၄ တန်) တင်ဆောင်ထားသော ဟီးနိုး ၁၂ ဘီးယာဉ်တစ်စီးနှင့်အတူ လူသုံးဦး၊ သိမ်ကုန်းရပ်ကွက် တေဇာရာမ ဘုန်းကြီးကျောင်းနေရာအနီး၌ တရားမဝင် ပျဉ်းကတိုးခွဲသား ၅၂ ချောင်း(၅ ဒသမ ၈၀၆၄ တန်) တင်ဆောင်ထားသော ဟီးနိုး ၁၂ ဘီး ယာဉ်တစ်စီးနှင့်အတူ ပြစ်မှုကျူးလွန်သူ တစ်ဦး ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက် ဖော်ထုတ်ချက်အရ တောင်ငူခရိုင်နှင့် ဖြူးမြို့နယ် သစ်တောဝန်ထမ်းများနှင့်အတူ နိုဝင်ဘာ ၁၅ ရက်တွင် ဖြူးမြို့နယ် သိမ်ကုန်းရပ်ကွက် တေဇာရာမ ဘုန်းကြီးကျောင်းဝင်း အတွင်း တရားမဝင် ကျွန်းခွဲသား ၄၃ ချောင်း(၂ ဒသမ ၂၃၄၂တန်)၊ ပျဉ်းကတိုးခွဲသား ၆၂ ချောင်း (၆ ဒသမ ၈၁၄၄ တန်)၊ လေသာဘုန်းကြီးကျောင်းဝင်း အတွင်း တရားမဝင် ပျဉ်းကတိုးခွဲသား ၅၉ ချောင်း(၅ ဒသမ ၁၇၆၈ တန်)၊ သိမ်ကုန်းရပ်ကွက် သချိုင်းကုန်းအနီး ဦးသိန်းဇော်ဦး ခြံအတွင်း တရားမဝင် ပျဉ်းကတိုးခွဲသား အချောင်း ၄၀(၃ ဒသမ ၄၆၁ တန်)၊ ရွှေမဟာဘောဓိဘုန်းကြီး ကျောင်းဝင်းအတွင်း တရားမဝင် ကျွန်းခွဲသား ၈၇ ချောင်း (၅ ဒသမ ၄၀၁၆ တန်)၊ ပျဉ်းကတိုးခွဲသား ၅၅ ချောင်း (၃ ဒသမ ၁၀၄ တန်)၊ တရားမဝင် သစ်ခွဲစက် အင်ဂျင်တစ်လုံး၊ သုံးပေ လွှဝိုင်းတစ်ဝိုင်း၊ သုံးပေခွဲ လွှဝိုင်းတစ်ဝိုင်း၊ ဆက်စပ်ပစ္စည်းများ၊ အဆိုပါ သိမ်ကျောင်းဆောင် အတွင်း တရားမဝင်ကျွန်းခွဲသား ၃၃၃ ချောင်း (၃ ဒသမ ၄၆၇၄ တန်)၊ ကျောင်းဆောင် အခန်းငယ်အတွင်း တရားမဝင် ကျွန်းခွဲသား ၅၅၃ ချောင်း (၃ ဒသမ ၀၈၄၂ တန်)၊ ဖြူးမြို့ပေါ်တွင် နှစ်ရက်အတွင်း စုစုပေါင်း တရားမဝင် သစ် ၄၆ ဒသမ ၀၇၄၀ တန် ၊ ယာဉ် နှစ်စီး၊ ပြစ်မှုကျူးလွန်သူ ငါးဦး၊ တရုတ် အင်ဂျင်တစ်လုံး၊ လွှဝိုင်းနှစ်ဝိုင်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိပြီး ပြစ်မှုကျူးလွန်သူများအား သက်ဆိုင်ရာ ရဲစခန်းများတွင် အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ ဉတ္တရခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းနှင့် ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ဉတ္တရခရိုင်အတွင်း ပန်းတင်ဘိနယ်၊ လဲဝန်း(၂) ဘိနယ်နှင့် နေပြည်တော် -ကံပြား-မကွေး ကားလမ်းတစ်လျှောက်မှ သစ်အလုံး ၅၀ စုစုပေါင်း ၉ ဒသမ ၄၅၀၆ တန်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ ကွန်ဟိန်းမြို့နယ် ကာလိနယ်မြေအတွင်း နိုဝင်ဘာ ၁၃ ရက်က ကာလိ-ကျိုင်းလွန်းကားလမ်း ဝမ်ဖီးနှင့် နမ့်ပါမန်းကျေးရွာနှစ်ခုကြားရှိ နေရာငါးနေရာတွင် တရားမဝင် ကျွန်းခွဲသား ၆၁ ချောင်း၊ အခြားသစ် ၅၃၅ လုံး၊ တကျွန်းနှင့် ပိတောက်ခွဲသားများ၊ ကရိန်းကား နှစ်စီး၊ သုံးပေ ရှစ်လက်မ လွှဝိုင်းတစ်ဝိုင်းနှင့် ဆက်စပ်ပစ္စည်းများ၊ နမ့်ပါမန်းကျေးရွာမှ တောလမ်းခရီး ငါးမိုင်ကျော်ခန့်အကွာ ကြိုးပြင်တော နှစ်နေရာ၌ ပိတောက် ၁၄၂ လုံး၊ အခြားကျွန်းနှင့် ပိတောက်သစ်များ ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့သဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တရားမဝင်သယ်ဆောင်လာသော နွားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် နဂါးပေါက် ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၂ ရက် ည ၇ နာရီခွဲက နဂါးပေါက်ကျေးရွာ ညောင်ပင်ဆိပ်မြစ်ကမ်းဘေးတွင် “ဝင်းနိုင်ထွန်း”အမည်ရှိ စက်လှေအား စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် စက်လှေပေါ်တွင် ထုံးကြိုင်ကျေးရွာနေ မိုးမိုး(ခ)ကျော်နိုင်မိုး (၃၀နှစ်)၊ ဖြိုးဝေအောင်(၃၀နှစ်)၊ ရဲဇော်အောင် (၂၅နှစ်)၊ နန်းခိုင်(ခ)အောင်နိုင်ဦး (၄၁နှစ်)တို့လေးဦးအား နွားထီး ရှစ်ကောင်နှင့်အတူ တွေ့ရှိသဖြင့် စစ်ဆေးရာ အဆိုပါ နွားများအား ခွင့်ပြုချက်အထောက်အထား တစ်စုံတစ်ရာမပါဘဲ တရားမဝင်သယ်ဆောင်လာခြင်းဖြစ်ကြောင်း တွေ့ရှိသဖြင့် ၎င်းတို့လေးဦးအား မြောင်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

**EVER ENGLISH** Nov-Dec
မြန်မာ့ပထမဆုံး DVD ခွေပါ 5 Skills မဂ္ဂဇင်း
Audioနှင့် Video ဖိုင်(၆၀)ကျော် ပါရှိသည်
၂၀၀၀ ကျပ် | ချမ်းဇော်ထက်စာပေ 09775148014

**နှစ်ပွင့်ဆိုင်** ဗီဒီယိုအင်္ဂလိပ်စကားပြော
**English in a Minute**
ဆရာချမ်းဇော်ထက်
စာအုပ် + DVD ၃၀၀၀ ကျပ်



ဦးဦးသာထွန်း ၊ ဦးကျော်ထွန်းအောင်
**ရခိုင်ကျောက်စာ** ပေါင်းချုပ်
ကတ်ထူဖုံးဖြင့်အထူးခန့်ချုပ်
■ တန်ဖိုး-၁၀၀၀၀
ဖြန့်ချိရေး - ကောင်းထွန်းကျော်
09-450592751,09-257766055
ထွက်ပြီ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ဆည်မြောင်းနှင့် ရေ အသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊**
**စက်မှုတိုင်း(၁)**
**(၈)မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ရန်ကုန်မြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုတိုင်း (၁)၊ စက်မှုလုပ်ခွင် သင်တန်းကျောင်း သင်ထောက်ကူ စက်ပစ္စည်းများထားသည့် အဆောက်အအုံပြုပြင်ခြင်း၊ အခန်းဖွဲ့ပြုပြင်ခြင်း၊ ရေလိုင်း၊ လျှပ်စစ်လိုင်းနှင့် မျက်နှာကြက် တပ်ဆင်ခြင်းနှင့် စက်မှုလုပ်ခွင်သင်တန်းကျောင်း(မူလ)မျက်နှာစာပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို လုပ်ငန်းခွင်အရောက် ဝယ်ယူခြင်း၊ လုပ်ငန်းအပ်နှံခြင်းများအတွက် မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူအပ်နှံလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာ ၂၆ရက်ဖြစ်ပြီး ပိတ်ချိန်မှာ မွန်းလွဲ ၂ နာရီ ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**စက်မှုတိုင်း(၁)၊**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**(၈)မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၅၅၈၉၇**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 8C/4407 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖခင်အမည်မှန်**
ဟားခါးမြို့၊ ပြည်တော်သာရပ်ကွက်နေ မောင်ကျဲအိုကျင်းထန်၏ ဖခင်အမည်မှန်မှာ ဦးမန်ဟေး ၄/ဟခန(နိုင်)၀၀၀၅၃၄ ဖြစ်ပါကြောင်း။
**ဦးမန်ဟေး**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ဦးဇော်ဝင်း ၁၂/ဗတထ(နိုင်)၀၂၅၅၆၀ပိုင် သံခွန်ရေယာဉ် အမှတ်-၁၀၁၅ (အလျား -၅၉ ဒသမ ၁၃မီတာ၊ အနံ-၁၅ ဒသမ ၂၄မီတာ၊ အနက်-၂ဒသမ ၉၇မီတာ)၏ လုပ်ငန်းလိုင်စင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၁-၃၈၀၂၂၂**

**ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း**
ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂၀)၊ ကွင်းအမှတ် ၆၇၄၊ ဦးပိုင်အမှတ် ၁၄၇၊ ဧရိယာ ၁ဒသမ ၀၀ဧကရှိ ပုံစံ-၇ ရရှိထားခြင်းမရှိသေးသည့်မြေကွက်အား ဒေါ်ဝါဝါနွယ်ခင် ၉/ပသက(နိုင်)၀၄၁၄၁၇က လယ်ယာမြေအခြားနည်းအသုံးပြုခွင့်(ပုံစံ-၁၀/ခ) လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကြည် LL.B**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၂၃၂၊ နှင်းဆီလမ်း၊ ကွက်ပြင်(၃)မြောက်၊ ပြင်ဦးလွင်မြို့**

**ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း**
ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ အကွက်အမှတ်(RA-1)အုတ်စက်ကွင်း၊ ဦးပိုင်အမှတ် ၇၁၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိမြေကွက်ကို ဒေါ်သီတာလွင် ၉/ပဥလ(နိုင်) ၀၂၂၄၂၀က မြို့မြေဂရန်သစ် လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကြည် LL.B**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၂၃၂၊ နှင်းဆီလမ်း၊ ကွက်ပြင်(၃)မြောက်၊ ပြင်ဦးလွင်မြို့**

**မိဘအမည်မှန်**
ရမည်းသင်းမြို့ အထက(၁) သတ္တမတန်းမှ မအေးအာကာမိုးမြင့်မော်(ခ) မအေးမော်သန်း၏ မိဘအမည်မှန်မှာ ဦးမြတ်ထွန်းအောင် ၉/ရမသ(နိုင်)၀၀၆၂၄၈နှင့် ဒေါ်မေသီမြင့် ၉/ရမသ(နိုင်)၀၀၆၂၀၈ ဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 8D/8158, Shwe Light Truck p/u(4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ချိုချိုဝင်း ၁၃/ကလန(နိုင်)၀၀၁၂၉၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၂၂ယ/၉၄၅၇၈ Wonjan 110 ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်ဦး ၈/ပခက(နိုင်) ၁၁၁၈၀၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ပြည်)**

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ကြေညာချက်

## ကရင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရန် ဖိတ်ခေါ်ခြင်း

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျ မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖိတ်ခေါ်၍ မြင့်တင်ဆောင်ရွက်နိုင်ရန် အလို့ငှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရင်းနှီးမြှုပ်နှံမှု ပြပွဲများကို နှစ်စဉ်အလှည့်ကျ ကျင်းပဆောင်ရွက်ပေးလျက်ရှိရာ ယခုနှစ်တွင် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကို ဘားအံမြို့တွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့၌ ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ကရင်ပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းများရှိသော ပြည်နယ်ဖြစ်ပါသဖြင့် ကရင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်းသည် အကျိုးအမြတ် ဖြစ်ထွန်းစေသည်သာမက ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း များစွာအထောက်အကူပြုစေမည်ဖြစ်ပါသည်။

၃။ သို့ပါ၍ ကရင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရန် စိတ်ဝင်စားသူနိုင်ငံသား၊ နိုင်ငံခြားသား လုပ်ငန်းရှင်များအနေဖြင့် အောက်ပါဦးစားပေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများ။
(ခ) အာမခံကုန်လှောင်ရုံလုပ်ငန်းများ။
(ဂ) စက်မှုဇုန် တည်ထောင်သည့်လုပ်ငန်းများ။
(ဃ) ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အဦလုပ်ငန်းများ။
(င) စက်မှုကုန်ထုတ်လုပ်ငန်းများ။
(စ) စိုက်ပျိုးရေးလုပ်ငန်းများ။
(ဆ) ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ။

၄။ အထက်ပါလုပ်ငန်းများနှင့် ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြလာပါက ဆောလျင်စွာ စိစစ်ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၆၅၈၁၂၉
ဖက်စ်-၀၁-၆၅၈၁၃၇
e-mail-emeraldsanda20@gmail.com
invthree @ gmail.com

## မြန်မာ ယူ-၂၁ နှင့် မွန်ဂိုလီးယားလက်ရွေးစင် ယနေ့ ခြေစမ်း ယှဉ်ပြိုင်မည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေသည့် မြန်မာလူငယ်အသင်းများသည် ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် မွန်ဂိုလီးယားလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး နိုဝင်ဘာ ၂၄ ရက် ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ မြန်မာ ယူ-၂၁ အသင်းနှင့် မွန်ဂိုလီးယားလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာလူငယ် လက်ရွေးစင်အသင်းများဖြစ်သော ယူ-၂၃ အသင်းနှင့် ယူ-၂၁ အသင်းတို့သည် မွန်ဂိုလီးယားလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲများ ကစားမည်ဖြစ်ပြီး ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် သုဝဏ္ဏဘောလုံးကွင်းရှိ သတင်းစာရှင်းလင်းပွဲ ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က "ကျွန်တော်တို့အသင်းက လာမယ့် ဒီဇင်ဘာမှာ ယှဉ်ပြိုင်မယ့် M-150 Cup ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ မွန်ဂိုလီးယားလက်ရွေးစင်အသင်းနဲ့ ခြေစမ်းပွဲ ကစားတာဖြစ်ပါတယ်၊ မွန်ဂိုလီးယားအသင်းက လက်ရွေးစင်အသင်းဖြစ်တာကြောင့် ခက်ခက်ခဲခဲ ကစားရမှာပါ၊ အောင်သူမကစားနိုင်တာ ကျွန်တော်တို့အတွက် ခက်ခဲပေမယ့် မောင်မောင်လွင်၊ ဝင်းနိုင်ထွန်းတို့က တိုက်စစ်နေရာမှာ ကစားနိုင်ပါတယ်၊ မွန်ဂိုလီးယားအသင်းက ကျွန်တော်တို့ထက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာ နိမ့်ပေမယ့် ကစားပုံမတူညီတဲ့အသင်းနဲ့ ကစားရမှာဖြစ်လို့ အများကြီး အကျိုးရှိမှာပါ"ဟု ပြောကြားသည်။

မွန်ဂိုလီးယား လက်ရွေးစင်အသင်းနည်းပြချုပ် မိုက်ကယ်ဝီးက "အင်ဒိုနီးရှားမှာ ကျင်းပမယ့် ဆူနာမီဖလားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်တဲ့ အနေနဲ့ လာရောက် ကစားတာ ဖြစ်ပါတယ်၊ မြန်မာအသင်းဟာ ကြံ့ခိုင်မှုကောင်းသလို အာဆီယံမှာလည်း အဆင့်တစ်ခုရထားတာကြောင့် လာကစားတာပါ၊ ကျွန်တော်က အရင်တုန်းက ဖိလစ်ပိုင်အသင်းကို ကိုင်တွယ်ခဲ့တာကြောင့် မြန်မာအသင်းအကြောင်းကို သိထားပါတယ်၊ ကျွန်တော်တို့အတွက် အကျိုးရှိတဲ့ ခြေစမ်းပွဲဖြစ်ပြီး ပြဿနာကတော့ ရာသီဥတုကွာခြားမှုဖြစ်ပါတယ်၊ ကျွန်တော်တို့ဆီမှာ အလွန်အေးပေမယ့် ဒီမှာ အလွန်ပူပါတယ်၊ ရာသီဥတုနဲ့ အသားကျဖို့ ကြိုးစားရမှာပါ"ဟု ပြောကြားသည်။

ခြေစမ်းပွဲများအဖြစ် နိုဝင်ဘာ ၂၄ ရက်တွင် မြန်မာ ယူ-၂၁ အသင်းနှင့် မွန်ဂိုလီးယားလက်ရွေးစင်အသင်း၊ နိုဝင်ဘာ ၂၆ ရက်တွင် မြန်မာ ယူ-၂၃ အသင်းနှင့် မွန်ဂိုလီးယား လက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင် ကစားမည်ဖြစ်ပြီး ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်
လူငယ်
ဘက်စုံဖွံ့ဖြိုးရေးပွဲတော်
၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၊ ၂၊ ၃)ရက်၊ (သောကြာ၊ စနေ၊ တနင်္ဂနွေ)
နံနက် (၉)နာရီမှ ညနေ (၅)နာရီအထိ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

## ပန်းတဥ်းတန်း အရုဏ်တော်ဝတ်အသင်း ရွှေစင်တစ်ပိဿာ သုံးဆယ်ကျပ်သား လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၃**



ကြည့်မြင်တိုင်မြို့နယ် ပန်းတဥ်းတန်း အရုဏ်တော်ဝတ်အသင်းကြီးက ကြီးမှူး၍ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ (၇၆)ကြိမ်မြောက်အဖြစ် တန်ဖိုးငွေကျပ် ၁၀၅၃ သိန်းတန်ဖိုးရှိ အလေးချိန်တစ်ကျပ်သားစီရှိသော ရွှေပြားသင်္ကန်းတော် ၁၃၀ (ရွှေစင်ရွှေသားအလေးချိန်တစ်ပိဿာ သုံးဆယ်ကျပ်သား) လှူဒါန်းရေစက်ချပွဲကို နိုဝင်ဘာ ၂၃ ရက်က ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် တော်ဝင်လမ်းရှိ ပန်းတဥ်းတန်း အရုဏ်တော်ဝတ်အသင်း ဓမ္မာရုံရှေ့ အလှူတော်မင်္ဂလာ မဏ္ဍပ်၌ ပြုလုပ်သည်။

အခမ်းအနားတွင် အသင်းကြီး၏ ဩဝါဒါစရိယဆရာတော် စမ်းချောင်းမြို့နယ် ဗားကရာကျောင်းတိုက် ရွှေလှိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသံဝရဗောဓိ အရှင်သူမြတ်ထံမှ အလှူရှင်များက ငါးပါးသီလ ခံယူစောင့်တည်ခဲ့ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ အလှူရှင်များက မိမိတို့လှူဒါန်းထားသော ရွှေပြားသင်္ကန်းတော်များကို ပေးအပ်လှူဒါန်းရာ ကြည့်မြင်တိုင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နန္ဒအောင်နှင့် ဦးခင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး မောင်မောင်အောင်နှင့်အသင်းမှ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ပန်းတဥ်းတန်းအရုဏ်တော်ဝတ်အသင်းကြီးမှ ယခုနှစ်လှူဒါန်းမှုအစုစုမှာ ငွေကျပ် ၁၀၇၉ သိန်းဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# အီရတ်အင်အားစုများက ဆီးရီးယားနယ်စပ် ကန္တာရဒေသရှိ လက်ကျန်စစ်သွေးကြွများကို ရှင်းလင်းရန် ထိုးစစ်ဆင်



**ဘဂ္ဂဒက် နိုဝင်ဘာ ၂၃**

အီရတ်အင်အားစုများသည် ဆီးရီးယားနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ကန္တာရဒေသကို အိုင်အက်စ်စစ်သွေးကြွတို့လက်မှ ဖယ်ထုတ်ရန် စစ်ဆင်ရေးတစ်ရပ် ဆင်နွှဲခဲ့ကြောင်း သိရသည်။ စစ်သွေးကြွများအား အီရတ်မှ အပြီးဖယ်ရှားပစ်ရန် နောက်ဆုံး ထိုးစစ်ဆင်နွှဲမှုဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာက ဖော်ပြခဲ့သည်။

အီရတ်နှင့် လူသိများသည့် ရှီးယိုက်လှုပ်ရှားမှုအဖွဲ့ (PMF) မှ တပ်ဖွဲ့ဝင်များသည် နယ်စပ်တွင် ပုန်းအောင်းကျန်ရှိနေသည့် စစ်သွေးကြွများကို နှိမ်နင်းတိုက်ထုတ်ရန် ထိုးစစ်ဆင်နွှဲမှုအတွင်း ပါဝင်ခဲ့ကြကြောင်း အီရတ်တပ်မတော် အာဏာပိုင်များက ပြောကြားခဲ့သည်။

ထိုးစစ်ဆင်နွှဲမှု၏ နောက်ကွယ်မှ ရည်ရွယ်ချက်မှာ ကျန်ရစ်နေသည့် ဒက်ရှ်အုပ်စုများ ကန္တာရဒေသအတွင်း စိမ့်ဝင်မလာစေရေးအတွက် ကာကွယ်ရန်နှင့် ယင်းနေရာကို အခြေစိုက်စခန်းအဖြစ် အသုံးချကာ နောင်တစ်ချိန်တွင် တိုက်ခိုက်မှုများ ပြုလုပ်မလာစေရန် ထိုးစစ်ဆင်ရခြင်းဖြစ်ကြောင်း ကြည်းတပ်ဗိုလ်မှူးကြီး ဆာလက် ကာရင်မ်က ပြောကြားခဲ့သည်။

အီရတ်ဝန်ကြီးချုပ် ဟိုက်ဒါအယ်လ် အဘာဒီက အင်္ဂါနေ့က ပြောကြားခဲ့သည်မှာ အိုင်အက်စ်စစ်သွေးကြွများသည် တပ်မတော်က နှိမ်နင်း တိုက်ခိုက်မှုအတွင်း ရှုံးနိမ့်ခဲ့ပြီးဖြစ်ကြောင်း၊ သို့သော်လည်း ၎င်းအနေဖြင့် သဲကန္တာရအတွင်း ပုန်းအောင်းကျန်ရှိနေသည့် အိုင်အက်စ် စစ်သွေးကြွများအား တိုက်ခိုက်နှိမ်နင်းပြီးမှသာ နောက်ဆုံး အောင်ပွဲကို ကြေညာမည်ဖြစ်ကြောင်း အီရတ်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

အီရတ်အင်အားစုများသည် ပြီးခဲ့သည့် သောကြာနေ့က အိုင်အက်စ်တို့၏ ထိန်းချုပ်မှုအောက်တွင် နောက်ဆုံး ကျန်ရှိနေသည့် နယ်စပ်မြို့ဖြစ်သည့် ရာဝါမြို့ကို ပြန်လည်ရရှိခဲ့သည်။

**ရိုက်တာ**

# ရောဝတ်ဘုရားရှိခိုးကျောင်း ဗုံးပေါက်ကွဲမှုတွင် ပူးပေါင်းပါဝင်ခဲ့သည်ဟု သံသယရှိသူ ထိုင်းအမျိုးသမီးတစ်ဦးကို ဖမ်းဆီး

**ဗန်ကောက် နိုဝင်ဘာ ၂၃**

လွန်ခဲ့သော ၂၀၁၅ ခုနှစ် ရောဝတ် ဘုရားရှိခိုးကျောင်း ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်ပြီး ပူးပေါင်းပါဝင်ခဲ့သည်ဟု သံသယရှိသူ ထိုင်းအမျိုးသမီးတစ်ဦးကို ဗန်ကောက်လေဆိပ်တွင် ယမန်နေ့က ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ရဲများသည် တူရကီမှ သုဝဏ္ဏဘူမိလေဆိပ်သို့ ရောက်လာသော အသက် ၃၀ နှစ်ရှိ ဝဏ္ဏဆူအန်ဆန်ကို စောင့်ကြည့်နေခဲ့ကြောင်း ဒေသတွင်း သတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

သုံးနှစ်အရွယ်ခန့်ရှိ သားတစ်ဦးနှင့် ၁၈ လအရွယ်ရှိ သားတစ်ဦးကို ခေါ်ဆောင်လာသော ဝဏ္ဏသည် လေဆိပ်တွင် ဆွေမျိုးများနှင့် နှုတ်ဆက်နေစဉ် ရဲများက ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။

၎င်း၏ယောက်မဖြစ်သူ အမ်အွန်က ၂၀၁၅ ခုနှစ်ကတည်းက တူရကီနိုင်ငံသို့ ရောက်ရှိနေသော ဝဏ္ဏသည် အပြစ်မရှိကြောင်း သက်သေပြရန် ထိုင်းနိုင်ငံသို့ ပြန်လာခြင်းဖြစ်ကြောင်း ပြောခဲ့သည်။ ဝဏ္ဏနှင့် သူ၏ခင်ပွန်းတို့ကိုလည်း တူရကီရဲများက ဗန်ကောက်ဗုံးပေါက်ကွဲသည့် ကိစ္စနှင့် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ၎င်း၏ယောက်မဖြစ်သူက ပြောခဲ့သည်။



ထိုင်းရဲများက ဝဏ္ဏသည် ရောဝဏ်ဘုရားရှိခိုးကျောင်း တိုက်ခိုက်မခံရခင်တွင် ညှိနှိုင်းဆောင်ရွက်သူအဖြစ် အလုပ်လုပ်ခဲ့ပြီး ဗုံးပေါက်ကွဲမှုတွင် သံသယရှိသူ ၎င်း၏ ခင်ပွန်း တူရကီလူမျိုး အမ်ရာ့ဟ်ဒါဗူတိုဂလူ၏ သူငယ်ချင်းများကို အခန်းများ ငှားရမ်းပေးခဲ့ကြောင်း ပြောသည်။

၎င်း၏ခင်ပွန်းမှာလည်း ဗုံးလုပ်သည့် ပစ္စည်းများ လက်ဝယ်တွေ့ရှိမှုဖြင့် စွပ်စွဲခံနေရကာ ၎င်းတို့ဇနီးမောင်နှံနှစ်ဦးသည် လသားအရွယ်ကလေးနှင့်အတူ ဖူးခက်မှ တူရကီသို့ လွန်ခဲ့သောနှစ်နှစ် ဩဂုတ်လ ၁၇ ရက်က ထွက်ခွာသွားခဲ့ကြောင်း သိရသည်။ ရောဝဏ်ဗုံးပေါက်ကွဲမှုတွင် နိုင်ငံခြားသား ၁၂ ဦးအပါအဝင် လူ ၂၀ သေဆုံးခဲ့ပြီး ၁၂၀ ကျော်ဒဏ်ရာရရှိခဲ့သည်။

ဝဏ္ဏက ၎င်းတွင် အပြစ်မရှိကြောင်း ပြောသော်လည်း ဒုတိယရဲချုပ် ဆရီဗာရာက ဝဏ္ဏကို လူသတ်မှု၊ ဗုံးပေါက်ကွဲမှု၊ ဗုံးများပိုင်ဆိုင်မှု၊ ပူးပေါင်းကြံစည်မှုတို့ဖြင့် တရားစွဲမည်ဖြစ်ကြောင်း ဒေသတွင်းမီဒီယာများအား ပြောခဲ့သည်။

ဝဏ္ဏသည် နိုဝင်ဘာ ၂၃ ရက်တွင် တရားရင်ဆိုင်ရန် တရားရုံးသို့ လာရောက်မည်ဖြစ်ကြောင်း သိရသည်။ ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်သော သံသယရှိသည့် လူနောက်ထပ် ၁၄ ဦးကို ဖမ်းဆီးရန် ရဲများက ဆက်လက် ရှာဖွေလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ဆော်ဒီ၏ ပိတ်ဆို့မှုများက ကာတာ၏ ပြည်တွင်းရေးကို ကြားဝင်စွက်ဖက်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ကာတာဝန်ကြီးချုပ် ပြောကြား

**ဒိုဟာ နိုဝင်ဘာ ၂၃**

ဆော်ဒီဦးဆောင်၍ ကာတာနိုင်ငံအပေါ် ချမှတ်လိုက်သည့် ပိတ်ဆို့မှုများသည် ကာတာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ရန် ဖန်တီးခဲ့ခြင်းသာဖြစ်ကြောင်း ကာတာဝန်ကြီးချုပ်လည်းဖြစ်၊ ပြည်ထဲရေးဝန်ကြီးလည်းဖြစ်သည့် ရှိတ်ခ်အဗ္ဗဒူလာ ဘင်နာဆာ ခါလီဖာအယ်လ် တာနီက ကြာသပတေးနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ယင်းလုပ်ရပ်သည် လက်ခံနိုင်ဖွယ်မရှိကြောင်းနှင့် ကာတာပြည်သူများအတွက် စိုးရိမ်ဖွယ်ဖြစ်ကြောင်း ကာတာရုပ်သံအစီအစဉ် တင်ဆက်ထုတ်လွှင့်မှုသို့ ပြောကြားခဲ့စဉ် အယ်တာနီက ထိုသို့ ဝေဖန်မှတ်ချက်ချခဲ့သည်။

ပင်လယ်ကွေ့နိုင်ငံများက ကာတာနိုင်ငံအပေါ် အကြမ်းဖက်မှုများကို အားပေးထောက်ပံ့သည်ဟု စွပ်စွဲခဲ့မှုနှင့် ပတ်သက်၍ ပြောဆိုဆွေးနွေးရာတွင် ဝန်ကြီးချုပ်က ယင်းစွပ်စွဲချက်များအားလုံး မှားယွင်းနေကြောင်းနှင့် ထိုသို့ စွပ်စွဲရခြင်း၏ ရည်ရွယ်ချက်များရှိနေသည်ကို လူတိုင်းက သိရှိကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ဒေသတွင်း၌ ကာတာသည် အကြမ်းဖက်အဖွဲ့အစည်းများကို စုံစမ်းထောက်လှမ်းရာတွင် တစ်ထောင့်တစ်နေရာက ပါဝင်ဆောင်ရွက်နေသည့် နိုင်ငံသာဖြစ်ကြောင်း ဝန်ကြီးချုပ်က ဆိုသည်။ ကာတာအနေဖြင့် ပါတီများအားလုံးအတွင်း အပြုသဘောဆောင်သည့် ပြောဆိုဆွေးနွေးမှုများအတွက် လမ်းဖွင့်ထားကြောင်း၊ သို့သော် နိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားရန်နှင့် ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# မိန်းကလေးများ အကြမ်းဖက်ခံရမှုကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်းပြောကြား

**ဂျီနီဗာ နိုဝင်ဘာ ၂၃**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က မိန်းကလေးများ အကြမ်းဖက်ခံရမှုကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ကြောင်း လေးလေးနက်နက် တိုက်တွန်းပြောကြားခဲ့သည်ဟု ဆင်ဟွာ သတင်းတစ်ရပ်တွင် မကြာသေးမီက ဖော်ပြခဲ့သည်။

“အမျိုးသမီးတိုင်း၊ မိန်းကလေးတိုင်း အကြမ်းဖက်မှုကင်းတဲ့ ဘဝရရှိရမယ်၊ ယဉ်ကျေးမှုမတူညီတဲ့ အသိုင်းအဝိုင်းတွေမှာ လူ့အခွင့်အရေးနဲ့ ပတ်သက်တဲ့ သဘောထား ကွဲလွဲမှုတွေ ရှိပါတယ်။ အကြမ်းဖက်မှုတွေဟာ ပုံမှန်အားဖြင့် ဘေးဖယ်ခံရသော၊ အင်အားနည်းသော မိန်းကလေးများမှာ အဖြစ်များတတ်ပါတယ်” ဟု ဂူတာရက်စ်က ပြောကြားခဲ့သည်။

လာမည့် နိုဝင်ဘာ ၂၅ ရက်တွင် ကျရောက်မည့် အမျိုးသမီးများအား ဆန့်ကျင်သည့် အကြမ်းဖက်မှု တိုက်ဖျက်နှိမ်နင်းရေး အပြည်ပြည်ဆိုင်ရာနေ့ အခမ်းအနားအတွက် မှတ်ချက်ပြု ပြောကြားခဲ့ခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်း မိန်းကလေး သုံးဦးလျှင် တစ်ဦးသည် သူတို့၏ဘဝတွင် အကြမ်းဖက်မှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း၊ သန်း ၇၅၀ ပမာဏရှိသော မိန်းကလေးများသည် အသက် ၁၈ နှစ်အရွယ်တွင် လက်ထပ်ခဲ့ရကြောင်း ၎င်းက မှတ်ချက်ပြု ပြောကြားခဲ့သည်။

**ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### အိုင်အက်စ်တို့အား ချေမှုန်းနိုင်ခဲ့ကြောင်း ရူဟာနီပြော

**တီဟီရန် နိုဝင်ဘာ ၂၃**

အီရန်နိုင်ငံ အစိုးရတပ်ဖွဲ့အနေဖြင့် အိုင်အက်စ်အစွန်းရောက် အဖွဲ့အစည်းကို အလုံးစုံချေမှုန်းနိုင်ခဲ့ပြီဖြစ်ကြောင်း အီရန်နိုင်ငံသမ္မတ ဟက်ဆန် ရူဟာနီက မကြာသေးမီက ပြောကြားခဲ့သည်။

အီရတ်နိုင်ငံ အစိုးရတပ်ဖွဲ့အဆင့်မြင့် တပ်မမှူးက အီရန်နိုင်ငံ အမြင့်ဆုံးခေါင်းဆောင် အလီခါမေနီထံသို့ အိုင်အက်စ် တပ်ဖွဲ့အား ချေမှုန်းနိုင်ခဲ့သည့် သတင်းကို ပေးပို့ခဲ့ကြောင်း ရုပ်မြင်သံကြားမိန့်ခွန်းတွင် ပြောကြားခဲ့သည်။

အီရန်နိုင်ငံအနေဖြင့် အိုင်အက်စ် အကြမ်းဖက်အဖွဲ့အစည်းနှိမ်နင်းရေး ပူးပေါင်းလှုပ်ရှားမှုတွင် တက်ကြွစွာပါဝင်ခဲ့ကြောင်း၊ အီရန်နိုင်ငံ တပ်ဖွဲ့ဝင်များသည် အီရန်နှင့် ဆီးရီးယားနိုင်ငံ ပြည်သူလူထုနှင့် အတူတကွ တိုက်ပွဲဝင်ခဲ့ရာ အဘူခါမေးကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြောင်း၊ ယင်းသည် ဆီးရီးယားရှိ အိုင်အက်စ်တို့၏ နောက်ဆုံးခံတပ်နယ်မြေဖြစ်ကြောင်း ပြောခဲ့သည်။ နောက်ဆုံးတွင် အိုင်အက်စ်တပ်ဖွဲ့ကို အလုံးစုံချေမှုန်းနိုင်ခဲ့ကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

အီရန်ဝန်ကြီးချုပ် အယ်လ်ဘာဒီကလည်း မကြာသေးမီက ရာဝါမြို့ကို သိမ်းပိုက်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ဆင်ဟွာ

### တက္ကဆက်ပြည်နယ် စစ်စခန်းတစ်ခုအနီး အသံထက်မြန်သော ဂျက်လေယာဉ်ပျက်ကျ

**တက္ကဆက် နိုဝင်ဘာ ၂၃**

တက္ကဆက်ပြည်နယ် စစ်စခန်းတစ်ခု အပြင်ဘက်တွင် မကြာသေးမီက လေတပ်ပိုင် လေယာဉ်တစ်စင်းပျက်ကျမှုဖြစ် ပွားခဲ့ရာ လေယာဉ်မှူးတစ်ဦးသေဆုံးခဲ့ပြီး အကူလေယာဉ်မှူးတစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အင်ဂျင်နှစ်လုံးတွဲဆက်တပ်ဆင်ထားသော တီ-၃၈ တာလွန်အမျိုးအစား အသံ ထက်မြန်သည့် ဂျက်လေယာဉ်ကို မောင်းနှင်ပျံသန်းလာစဉ် ဒယ်ရီယိုမြို့အနီး လက်ဖ်လင်လေတပ်စခန်းပိုင် စစ်စခန်း အနောက်မြောက်ဘက် ၂၃ ကီလိုမီတာ အကွာခန့်တွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာ လေတပ်က သတင်းထုတ်ပြန်ခဲ့သည်။

လေယာဉ်မှူးတစ်ဦးမှာ လေယာဉ်ပျက်ကျစဉ် သေဆုံးခြင်းဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သော အကူလေယာဉ်မှူးကို နီးစပ်ရာ ဆေးကုသစင်တာသို့ ပို့ဆောင်ခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သော်လည်း လေယာဉ်ပျက်ကျမှုနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို ထုတ်ပြန်ခြင်းမရှိကြောင်း သိရသည်။ သက်ဆိုင်ရာအာဏာပိုင်များက လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းလျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

# ဥရောပကိုပါ အကျပ်အတည်းထဲ ရောက်သွားစေနိုင်တဲ့ အိန်ဂျလာမာကယ်ရဲ့ နိုင်ငံရေးအခက်အခဲ

**ဖြိုးစန္ဒီမွေး**



ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းမှာ ဂျာမနီဝန်ကြီးချုပ်အိန်ဂျလာမာကယ်ဟာ ညွန့်ပေါင်းအစိုးရဖွဲ့ဖို့အတွက် ကြိုးစားခဲ့ရာမှာ မအောင်မြင်ခဲ့ပါဘူး။ ဂျာမနီနိုင်ငံရဲ့နိုင်ငံရေးပြဿနာဟာ ဥရောပရဲ့ ဦးဆောင်မှုအပိုင်းမှာလည်း ရိုက်ခတ်လာနိုင်ပါတယ်။ လွန်ခဲ့တဲ့နှစ်တွေအတွင်းက ဥရောပမှာ ဒုက္ခသည်ပြဿနာ၊ ရွှေ့ပြောင်းအခြေချနေထိုင်သူတွေအရေးနဲ့ ကာကွယ်ရေးကိစ္စတွေ ဒါတွေအပြင် ဗြိတိန်က ဥရောပသမဂ္ဂကနေ နုတ်ထွက်သွားတာတွေ စတဲ့ ပြဿနာပေါင်းများစွာနဲ့ လုံးချာလိုက်နေပါတယ်။ ဒီပြဿနာတွေနဲ့ ရှုပ်ထွေးနေစဉ်မှာပဲ ပြင်သစ်နဲ့ ဂျာမနီတို့ရဲ့ရွေးကောက်ပွဲဟာလည်း ကျင်းပပြီးစီးခဲ့ပါတယ်။ ဂျာမနီနိုင်ငံမှာလည်း နိုင်ငံရေး မတည်မငြိမ်ဖြစ်မှုတွေနဲ့ ရှိနေတော့ ရှေ့ကိုထင်သလောက်မလှမ်းနိုင်ဘဲဖြစ်နေပါတယ်။ အိန်ဂျလာမာကယ်ဟာ နိုင်ငံကို ၁၂ နှစ်ကြာဦးဆောင်နိုင်ခဲ့သူပီပီ သူ့ရဲ့ဂုဏ်သတင်းဟာလည်း ကြီးမားပါတယ်။ သူ့နိုင်ငံအတွင်းမှာ ဘယ်လိုပဲ ဝေဖန်မှုတွေ ကြုံနေရ ကြုံနေရ သူဟာဥရောပရဲ့ မရှိမဖြစ်ခေါင်းဆောင်တစ်ဦးဆိုတာကတော့ ငြင်းလို့မရပါဘူး။

ဒါပေမယ့်လည်း အခုချိန်မှာတော့ မာကယ်ဟာ သူ့နိုင်ငံအတွင်းမှာပဲ နိုင်ငံရေး မရေရာမှုတွေနဲ့ ကြုံတွေ့နေရပါတယ်။ မာကယ်ရဲ့ အကျပ်အတည်းဟာ ဥရောပသမဂ္ဂအဖွဲ့ရဲ့အနာဂတ်ကိုရောရိုက်ခတ်လာမှာလား။ ပြင်သစ်သမ္မတ မက်ခရွန်ကတော့ ဂျာမနီက အိန်ဂျလာမာကယ်နဲ့အတူ ဥရောပကိုပြုပြင်ပြောင်းလဲမှုတွေ လုပ်မယ်ဆိုပြီး ကြွေးကြော်ထားသူတစ်ဦးပါ။ မက်ခရွန်ရဲ့အစီအစဉ်တွေဟာ အမြဲလိုလို ဂျာမနီကိုမှီခိုထားလေ့ရှိပါတယ်။ မာကယ်ရဲ့အနာဂတ်ဟာ ဝေဝါးနေတဲ့အချိန် မက်ခရွန်အတွက်လည်း အလားအလာ မကောင်းပါဘူး။ ပြင်သစ်သမ္မတမက်ခရွန်ဟာ ရဲတင်းတဲ့ ခေါင်းဆောင်တစ်ယောက်ဖြစ်ပြီး အခြားသော ခေါင်းဆောင်တွေကိုလည်း အလွယ်တကူ မယုံကြည်တတ်ပါဘူး။

ဒါပေမယ့် သူဟာ အိန်ဂျလာမာကယ်နဲ့အတူတွဲပြီး ပြုပြင်ပြောင်းလဲရေးတွေ လုပ်ကိုင်မယ်လို့ စီစဉ်ခဲ့ဖူးပါတယ်။ အိန်ဂျလာမာကယ်ဟာ ပြည်တွင်းမှာ ထောက်ခံမှုတွေလျော့ကျပေမယ့် ပြည်ပမှာတော့ သူ့ရဲ့သြဇာအာဏာဟာ မသေးပါဘူးလို့ ဥရောပနိုင်ငံတကာ ဆက်ဆံရေးကောင်စီမှ ညွှန်ကြားရေးမှူး မာ့ခ်လီယွန်နတ်က ပြောပါတယ်။ မာကယ်ဟာ တခြားနိုင်ငံတွေနဲ့အရေးကိစ္စတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ လက်တွဲခေါ်နိုင်တဲ့ အရည်အချင်းရှိတယ်။ မက်ခရွန်ကတော့ ဒီလိုမဟုတ်ဘူး။ ဒီလိုမျိုးအရေးကိစ္စတွေကို သူတစ်ယောက်တည်းလုပ်ဆောင်နိုင်စွမ်းမရှိဘူးလို့ မာ့ခ်လီယွန်နတ်က ပြောပါတယ်။

ဂျာမနီမှာ နောက်ထပ်ရွေးကောက်ပွဲအသစ်မစတင်မီ အိန်ဂျလာမာကယ်ဟာလည်း အားနည်းမှုတွေနဲ့ ရင်ဆိုင်နေရတဲ့အတွက် ဥရောပသမဂ္ဂရဲ့ပြုပြင်ပြောင်းလဲရေးဟာလည်း ဒီထက်ပိုပြီး နှောင့်နှေးလာနိုင်ပါတယ်။ လက်ရှိအချိန်မှာ ဂျာမနီနိုင်ငံရဲ့ နိုင်ငံရေးဟာ ပိုကာဂိမ်းပွဲတစ်ခုလိုဖြစ်နေတယ်။ အဓိကဇာတ်ဆောင်တွေအဖြစ်ပါဝင်ကြသူတွေဟာ နောက်ထပ်ရွေးကောက်ပွဲဆိုတာကြီးကို လက်နက်အဖြစ်ကိုင်သုံးနေကြတယ်။ အခွန်နဲ့ ရွှေ့ပြောင်းနေထိုင်သူအရေးကိစ္စတွေအပါအဝင် ပြည်တွင်းက နိုင်ငံရေးကိစ္စတွေအကြောင်း ဆွေးနွေးခဲ့ကြတဲ့ ပူးပေါင်းဆွေးနွေးမှုဟာလည်း မအောင်မြင်ဘဲအဆုံးသတ်ခဲ့ရတယ်လို့ ခေတ်ပြိုင်ဂျာမန်လေ့လာရေးဆိုင်ရာ အမေရိကန်အင်စတီကျူမှ ဥက္ကဋ္ဌဖြစ်သူ ဂျက်ဆင်ဂျိန်းမ်က ပြောပါတယ်။ ဂျာမနီနိုင်ငံရဲ့ နိုင်ငံရေး မသေမချာဖြစ်မှုတွေကနေ တစ်ဆင့်အနာဂတ်မှာ ဥရောပရဲ့နိုင်ငံခြားရေးမူဝါဒကိုလှိုင်း ရိုက်ခတ်လာစေနိုင်တယ်လို့လည်း မစ္စတာဂျိန်းမ်က ဆက်ပြောပါတယ်။

ဥရောပကောင်စီ နိုင်ငံတကာဆက်ဆံရေး ဘာလင်ရုံးက အကြီးအကဲဖြစ်သူ ဂျိုးဇက်ဂျန်နင်က ပြင်သစ်သမ္မတမက်ခရွန်ဟာ လူကြိုက်နည်းနေတယ်။ သူ့ရဲ့ပြည်တွင်းမှာပြုလုပ်နေတဲ့ အငြင်းပွားဖွယ် ပြုပြင်ပြောင်းလဲမှုတွေကို ပြည်တွင်းမှာပဲ မှန်ကန်အောင် ပြုလုပ်သင့်တယ်လို့ဆိုပါတယ်။ မာကယ်ရဲ့အင်အားလျော့နည်းလာမှုဟာ မက်ခရွန်အတွက် တကယ့်ကို အခက်အခဲတစ်ခုဖြစ်လာစေမှာပါ။ အခုအချိန်မှာ ဥရောပဟာ စုစည်းညီညာမှု လျော့နည်းနေပါတယ်။ မာကယ်တစ်ယောက်ကသာ တစ်စိတ်တစ်ဝမ်းတည်းဖြစ်အောင် စုစည်းပေးနိုင်တယ်လို့ မစ္စတာ လီယွန်နတ်က ပြောပါတယ်။ ဥရောပသမဂ္ဂရဲ့ထိပ်သီးအစည်းအဝေးပွဲကို လာမယ့်လအတွင်းမှာ ကျင်းပဖို့ရှိပြီး အဲဒီမှာ သဘောတူညီမှုအသစ်တွေထပ်မံချမှတ်နိုင်လိမ့်မယ်လို့ မက်ခရွန်က မျှော်လင့်ထားပါတယ်။

မက်ခရွန်ရဲ့ မျှော်လင့်ချက်ကတော့ ပြင်သစ်နဲ့ ဂျာမနီအတူပူးပေါင်းပြီး အားအင်သစ်အပြည့်နဲ့ ဥရောပသမဂ္ဂကို ဦးဆောင်ချင်တာပါပဲ။ လတ်တလော ဂျာမနီမှာ ဖြေရှင်းစရာကိစ္စလေးတွေရှိနေသေးလို့ ဒီကိစ္စကို အကောင်အထည်မဖော်နိုင်သေးဘဲ စောင့်ဆိုင်းနေရတာဖြစ်တယ်။ Brexit ကိစ္စနဲ့ပတ်သက်လို့ကတော့ ဥရောပသမဂ္ဂအဖွဲ့ရဲ့ သဘောထားကတော့ မပြောင်းလဲပါဘူး။ ဒီအချိန်လောက်အတွင်းမှာ Brexit ဟာ ဘာမှမပြောင်းလဲနိုင်သေးဘူးလို့ ဥရောပပြုပြင်ပြောင်းလဲရေးစင်တာမှ ညွှန်ကြားရေးမှူးကပြောတယ်။ ဒီကိစ္စဟာ ရေရှည်စဉ်းစားရမယ့်ကိစ္စဖြစ်တယ်လို့လည်း ပြောပါတယ်။

မာကယ်ပျောက်ကွယ်သွားဖို့ဆိုတာ မဖြစ်နိုင်သေးပါဘူး။ ဂျာမနီဟာ ဥရောပမှာလွှမ်းမိုးမှုအတော်လေးရှိပါတယ်။ သူ့ရဲ့ ၁၂ နှစ်ကြာ အုပ်စိုးထားနိုင်မှုဟာလည်း အသိမှတ်ပြုဖို့ကောင်းပါတယ်။ တကယ်တမ်းကျတော့ မာကယ်ဟာ အရည်အချင်းအတွေ့အကြုံ ပြည့်ဝတဲ့ ဥရောပခေါင်းဆောင်တစ်ဦးဖြစ်ပါတယ်။ ဥရောပသမဂ္ဂမှာ သူ့ရဲ့အရေးပါမှုက တကယ့်ကို အံ့မခန်းပါပဲ။ သမ္မတပူတင်နဲ့ တူရကီသမ္မတတို့နဲ့ ဆက်ဆံရေးမှာလည်း ချိန်ခွင်ညီမျှအောင် ထိန်းညှိထားနိုင်ပါတယ်။ အာဖရိကကနေ ဥရောပကိုဝင်ရောက်ဖို့ကြိုးစားလာတဲ့ ရွှေ့ပြောင်းနေထိုင်သူတွေကို ကန့်သတ်နိုင်ဖို့မှာတော့ သူဟာမတတ်နိုင်ခဲ့ပါဘူး။ ဒ့ါအပြင် ဟန်ဂေရီနဲ့ ပိုလန်တို့ဟာ ဒုက္ခသည်ခွဲဝေလက်ခံမှုအတွက် လက်မခံဘဲ တင်းခံနေကြတယ်။ ဒါကို ဆွေးနွေးညှိနှိုင်းဖို့ရာ သူ့အတွက် ခက်ခဲခဲ့ပါတယ်။ ဥရောပဟာ နိုင်ငံရေးသက်ရောက်မှုတွေနဲ့သာမက ရွှေ့ပြောင်းအခြေချနေထိုင်သူအရေးကိစ္စတွေနဲ့ပါ ကိုင်တွယ်ဖြေရှင်း နေရတဲ့အချိန်လည်းဖြစ်ပါတယ်။

ဥရောပရဲ့ တချို့တချို့သော နိုင်ငံတွေမှာ ပြောင်းလဲမှုတွေနဲ့ကြုံတွေ့နေရသလို ဂျာမနီမှာလည်း အပြောင်းအလဲတွေနဲ့ ရင်ဆိုင်နေရပါတယ်။ မာကယ်ဟာ ပြန်လည်ရွေးကောက်ခံရပေမယ့် အရင်ကလောက်တော့ အင်အားမကြီးနိုင်တော့ပါဘူး။ ဒီတော့ ရှေ့ဆက်ပြီး ဘာတွေဆက်ဖြစ်လာမှာလဲ။ မာကယ်ရဲ့အနာဂတ်မသေချာမှုကနေတစ်ဆင့် ဥရောပကိုရော ရိုက်ခတ်လာတော့မှာလား။ ဒါတွေကတော့ စိတ်ဝင်စားဖွယ် မေးခွန်းတွေပါပဲ။ အိန်ဂျလာမာကယ်သာ သူ့ရဲ့စတုတ္ထသက်တမ်းအတွက် ကြိုးစားမှုမှာ မအောင်မြင်ခဲ့ဘူးဆိုရင်တော့ ပြင်သစ်သမ္မတမက်ခရွန်အတွက်လည်း မလွယ်တော့ပါဘူး။ ချမ်းသာကြွယ်ဝပြီး နိုင်ငံရေးအရ လွှမ်းမိုးမှုကောင်းတဲ့ ဂျာမနီရဲ့ အင်အားက သူ့ဘေးမှာမရှိဘဲနဲ့တော့ သူမျှော်လင့်ထားတဲ့ ပြုပြင်ပြောင်းလဲရေးကို အကောင်အထည်ဖော်ဖို့ဆိုတာ စိတ်ကူးသက်သက်ပဲဖြစ်နေဦးမှာပါပဲ။ ။

**ကိုးကား-နယူးယောက်တိုင်းမ်**

> “မာကယ်ဟာ ပြန်လည်ရွေးကောက်ခံရပေမယ့် အရင်ကလောက်တော့ အင်အားမကြီးနိုင်တော့ပါဘူး။ ဒီတော့ ရှေ့ဆက်ပြီး ဘာတွေဆက်ဖြစ်လာမှာလဲ။ မာကယ်ရဲ့ အနာဂတ် မသေချာမှုကနေတစ်ဆင့် ဥရောပကိုရော ရိုက်ခတ်လာတော့မှာလား”

# ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှ အဆက်*

(ဃ) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သည် ယမ်းဘီလူး ဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေးဆပ်ကော်မတီ၏ စိစစ်တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို စိစစ်၍ သတ်မှတ်ချက်နှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရပါက သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရန်သက်ဆိုင်ရာ လျှောက်ထားသူကို ညွှန်ကြားနိုင်ရေးအတွက် ဝန်ကြီးဌာနသို့ အကြောင်း ကြားရမည်။

၇။ ဝန်ကြီးဌာနကပုဒ်မ ၄၊ပုဒ်မခွဲ(ဂ)၊ပုဒ်မခွဲငယ်(၁)အရ ပေးပို့သော ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ယိုယွင်းပျက်စီး၍ ဖျက်ဆီးရန် ကိစ္စနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့က တာဝန်ပေးဖွဲ့စည်းထားသည့် ယမ်းဘီလူး ဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေး ဆပ်ကော်မတီမှ ကိုယ်စားလှယ်တစ်ဦးကို အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ ဝန်ကြီးဌာနနှင့် လျှောက်ထားသူ၏ ကိုယ်စားလှယ်များကို အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်သည့်အဖွဲ့ဖြင့် ဖျက်ဆီးရန် သင့်၊ မသင့် စစ်ဆေးပြီး ဖျက်ဆီးသင့်သည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ကာကွယ်ရေးဌာန ကောင်စီအမှုဆောင်အဖွဲ့၏ အတည်ပြုချက်ဖြင့် ဖျက်ဆီးရမည်။

၈။ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ တင်သွင်းလိုသူသည် ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ)အရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ခွင့်ပြုချက်ကို လက်ခံရရှိလျှင် ဥပဒေနှင့်အညီ တင်သွင်းခြင်းပြုနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း (၃)
## လိုင်စင်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၉။ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ) အရ စစ်ဆေးရေးအရာရှိချုပ်၏ အကြောင်းကြားချက်နှင့်အညီ ယမ်းတိုက် ဆောက်လုပ်သူသည် သတ်မှတ်သည့် အင်္ဂါရပ်များ ပြည့်စုံစွာပါဝင်သည့် ယမ်းတိုက်ကို ဆောက်လုပ်ပြီးလျှင် လိုင်စင်ရရှိရေးအတွက် စစ်ဆေးရေး အရာရှိချုပ်ထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၁၀။ စစ်ဆေးရေးအရာရှိချုပ်သည် ပုဒ်မ ၉ အရ လိုင်စင်လျှောက်ထားချက်ကို လက်ခံရရှိလျှင် ဆောက်လုပ်ထားသည့် ယမ်းတိုက်ကို သတ်မှတ်သော ယမ်းတိုက် အင်္ဂါရပ်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စစ်ဆေးပြီး -

(က) သတ်မှတ်သော ယမ်းတိုက်အင်္ဂါရပ်များနှင့် ညီညွတ်ခြင်း မရှိကြောင်း တွေ့ရှိလျှင် လိုအပ်ချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ဆောင်ရွက်ခြင်းပြုရန် ညွှန်ကြားရမည်။

(ခ) သတ်မှတ်သော ယမ်းတိုက်အင်္ဂါရပ်များနှင့် ညီညွတ်ကြောင်း တွေ့ရှိလျှင် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လျှောက်ထားသူအား လိုင်စင် ထုတ်ပေးရမည်။

၁၁။ လိုင်စင်သက်တမ်းသည် စတင်ထုတ်ပေးသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။

၁၂။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ သိုလှောင်ခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်လိုပါက သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ သက်တမ်းတိုးပေးရန် စစ်ဆေး ရေး အရာရှိချုပ်ထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားနိုင်သည်။

၁၃။ စစ်ဆေးရေးအရာရှိချုပ်သည် ပုဒ်မ ၁၂ အရ သက်တမ်းတိုးလျှောက်ထားချက်ကို ရရှိလျှင် လျှောက်ထားသူ၏ ယမ်းတိုက်ကို စစ်ဆေးပြီး -

(က) သတ်မှတ်သည့်အင်္ဂါရပ်များနှင့် ညီညွတ်ခြင်းမရှိတော့ကြောင်း တွေ့ရှိလျှင် လိုအပ်ချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ဆောင်ရွက်ခြင်းပြုရန် လမ်းညွှန်ရမည်။

(ခ) သတ်မှတ်သည့် အင်္ဂါရပ်များနှင့် ညီညွတ်ကြောင်း တွေ့ရှိလျှင် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လျှောက်ထားသူအား လိုင်စင်သက်တမ်း တိုးမြှင့်ပေးနိုင်သည်။

## အခန်း (၄)
## လိုင်စင်ရရှိသူနှင့် ခွင့်ပြုချက်ရရှိသူတို့၏ တာဝန်များ

၁၄။ လိုင်စင်ရရှိသူသည် -

(က) ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို သတ်မှတ်ချက်နှင့်အညီ ခွင့်ပြုသည့် ပမာဏထက် မပိုစေဘဲ စနစ်တကျ သိုလှောင်သိမ်းဆည်း ရမည်။

(ခ) စစ်ဆေးရေးအရာရှိချုပ်ကဖြစ်စေ၊ စစ်ဆေးရေးအရာရှိကဖြစ်စေ အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

(ဂ) ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ပျောက်ဆုံးခြင်း၊ မီးလောင်ခြင်း၊ ပေါက်ကွဲခြင်းကြောင့် ဆုံးရှုံးပျက်စီးခြင်း၊ လူများထိခိုက်ဒဏ်ရာရခြင်း၊ သို့မဟုတ် သေဆုံးခြင်းများ ဖြစ်ပေါ်ပါက အနီးဆုံးရဲစခန်းသို့ ချက်ချင်း အကြောင်းကြားရမည့်ပြင် စစ်ဆေးရေး အရာရှိချုပ်ထံ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ရမည်။

(ဃ) လိုင်စင်အတွက် ဝန်ကြီးဌာနက သတ်မှတ်သော နှုန်းထားအတိုင်း အခကြေးငွေကို ဦးစီးဌာနသို့ ပေးဆောင်ရမည်။

၁၅။ ခွင့်ပြုချက်ရရှိသူသည် -

(က) ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို လိုင်စင်ရယမ်းတိုက်များ တွင်သာ သိုလှောင်ရမည်။

(ခ) ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ ပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း ပြုရာတွင် အန္တရာယ် မဖြစ်စေရေးအတွက် လိုအပ်သော ကာကွယ်မှုများကို ကြိုတင် ဆောင်ရွက်ရမည်။

## အခန်း (၅)
## စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များ

၁၆။ စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) လိုင်စင်ရရှိသူနှင့် ခွင့်ပြုချက်ရရှိသူတို့သည် ဤဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာခြင်း ရှိ မရှိစိစစ်၍ လိုက်နာမှု မရှိပါက လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(ခ) ပုဒ်မ ၃ အရ လျှောက်ထားချက်ကို စိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ဝန်ကြီးဌာနသို့ ထောက်ခံတင်ပြခြင်းနှင့် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း မရှိပါက မိမိသဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ဂ) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)က စိစစ်အတည်ပြုသော မြေနေရာတွင် ယမ်းတိုက် ဆောက်လုပ်ရန် အကြောင်းကြားခြင်း၊ ယမ်းတိုက်၏ အင်္ဂါရပ်များ ပြည့်စုံခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ဃ) လိုင်စင်ထုတ်ပေးခြင်းနှင့်လိုင်စင်သက်တမ်းတိုးမြှင့်ပေးခြင်း၊

(င) လိုင်စင်ရရှိသူနှင့် ခွင့်ပြုချက်ရရှိသူတို့နှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် နှုန်းထားအတိုင်း အခကြေးငွေ ကောက်ခံခြင်း၊

(စ) ဤဥပဒေပါ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အတွက် ဦးစီးဌာနမှ သင့်လျော်သောအရာရှိများကို စစ်ဆေးရေးအရာရှိ အဖြစ် တာဝန်ပေးအပ်ခြင်း၊

(ဆ) မိမိလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် စစ်ဆေးရေးအရာရှိအား လွှဲအပ်ဆောင်ရွက်စေခြင်း၊

(ဇ) ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများနှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း။

## အခန်း (၆)
## တားမြစ်ချက်များ

၁၇။ လိုင်စင်ရရှိသူနှင့် ခွင့်ပြုချက်ရရှိသူ မည်သူမျှ စစ်ဆေးရေးအရာရှိချုပ်၊ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သော စစ်ဆေးရေးအရာရှိ၏ စစ်ဆေးခြင်းကို ခံယူရန် ငြင်းပယ်ခြင်း မပြုရ။

၁၈။ မည်သူမျှ -

(က) ဤဥပဒေနှင့်အညီ ခွင့်ပြုချက်မရရှိဘဲ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ လွှဲပြောင်းခြင်း၊ ဖျက်ဆီးခြင်းများ မပြုရ။

(ခ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ။

၁၉။ မည်သူမျှလိုင်စင်မရှိသည့် ယမ်းတိုက်တွင် -

(က) ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို လက်ခံသိုလှောင်ခြင်း မပြုရ။

(ခ) ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို အပ်နှံသိုလှောင်ခြင်း မပြုရ။

၂၀။ လိုင်စင်ရရှိသူ မည်သူမျှ-

(က) ဝန်ကြီးဌာနက ထုတ်ပေးသော လိုင်စင်ပါခွင့်ပြုပမာဏထက် ပိုမိုသော ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို လက်ခံသိုလှောင်ခြင်း မပြုရ။

(ခ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဂ) ပါ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကြောင့် တစ်ခုခု ဖြစ်ပွားပါက အနီးဆုံးရဲစခန်းသို့ ချက်ချင်းအကြောင်းကြားခြင်း နှင့် စစ်ဆေးရေး အရာရှိချုပ်ထံ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ခြင်းပြုရန် ပျက်ကွက်ခြင်း မရှိစေရ။

(ဂ) လိုင်စင်သက်တမ်း ကုန်ဆုံးသည့်အချိန်တွင် သက်တမ်းတိုးမြှင့်ခြင်းမရှိဘဲ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ဆက်လက်သိုလှောင်ခြင်း မပြုရ။

## အခန်း (၇)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၁။ မည်သူမဆို ပုဒ်မ ၁၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၂။ မည်သူမဆို ပုဒ်မ ၁၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်ပြင် ကျပ်သိန်း ၃၀ ထက်မပိုသော ငွေဒဏ်ကိုလည်း ချမှတ်နိုင်သည်။

၂၃။ မည်သူမဆို ပုဒ်မ ၁၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်ပြင် ကျပ်သိန်း၃၀ ထက်မပိုသော ငွေဒဏ်ကိုလည်း ချမှတ်နိုင်သည်။

၂၄။ မည်သူမဆို ပုဒ်မ ၂၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်ပြင် ကျပ်သိန်း၃၀ ထက်မပိုသော ငွေဒဏ်ကိုလည်း ချမှတ်နိုင်သည်။

၂၅။ မည်သူမဆို တားမြစ်ချက် တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထပ်မံကျူးလွန်သော ပြစ်မှုတွင် ပြဋ္ဌာန်းထားသော အမြင့်ဆုံး ပြစ်ဒဏ်ကို ချမှတ်ရမည်။

၂၆။ မည်သူမဆို တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရန် အားပေး ကူညီခြင်း၊ လှုံ့ဆော်ခြင်း၊ သို့မဟုတ် သွေးဆောင်ခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ပြစ်မှုရင်းအတွက် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်ကို ချမှတ်ရမည်။

## အခန်း (၈)
## အထွေထွေ

၂၇။ စစ်ဆေးရေးအရာရှိချုပ်သည် ဤဥပဒေအရ ကောက်ခံရန်ရှိသော အခကြေးငွေကိုပေးဆောင်ရန် ပျက်ကွက်သူအား ဝင်ငွေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

၂၈။ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်များသည် ကာကွယ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲလုပ်ကိုင်ဆောင်ရွက်နေသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ၊ ယမ်းတိုက်များ၊ အဆောက်အအုံများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၀။ The Explosives Act, 1884 အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၁။ The Explosives Act, 1884 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

## ကမာရွတ်မြို့နယ်အတွင်း စားသုံးသူအခွန်ကောက်ခံမှုစနစ် ကျင့်သုံးလျက်ရှိ

**ကမာရွတ် နိုဝင်ဘာ ၂၃**

ကမာရွတ်မြို့နယ်အတွင်းရှိ စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များတွင် စားသုံးသူအခွန်ကောက်ခံမှုစနစ် စတင်ကျင့်သုံးလျက်ရှိကြောင်း သိရသည်။

"လာစားတဲ့သူတွေကို ဒီနေ့မှ စကောက်တာပါ။ ငွေကျပ်တစ်ထောင်ကျော်ရင် စကောက်ပါမယ်၊ အခွန်က ငါးရာခိုင်နှုန်းပါ"ဟု ကမာရွတ်မြို့နယ် ၁ ရပ်ကွက် အင်းစိန်လမ်းမပေါ်တွင် ဖွင့်လှစ်ထားသော it လက်ဖက်ရည်မှ စားပွဲထိုးတစ်ဦးက ပြောသည်။

အခွန်ကောက်ခံမှုမရှိပါက ပထမအကြိမ်တွင် ငွေကျပ်သိန်း ၂၀၊ ဒုတိယအကြိမ်တွင် ငွေကျပ်သိန်း ၂၀ နှင့် တတိယအကြိမ်စစ်ဆေးတွေ့ရှိပါက ဆိုင်ပိတ်သိမ်းသည်အထိ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သိရသည်။ ၂၀၁၅-၂၀၁၆ ခုနှစ်ကပင် ယင်းကဲ့သို့ အခွန်ကောက်ခံမှု စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ လိုက်နာမှုအားနည်းသည့်အတွက် နှိုးဆော်မှုများ ပြုလုပ်ထားခြင်းဖြစ်ကြောင်း မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကဖုန်းဖြင့် ဆက်သွယ်မေးမြန်းမှုကို ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## ဥပဒေအတွေးရေးပါရစေ၊ အပိုင်း (၉၆)

# ဥပဒေဆိုင်ရာ အထောက်အကူပေးရေး



ဦးဟန်ညွန့် (ဥပဒေ)

**ပြည်ထောင်စုအဆင့်ဖွဲ့စည်း**

"ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းတဲ့ သတင်းတွေ ဖတ်ရတယ်၊ ဘယ်လို အထောက်အကူပြုမှာလဲ၊ ဘာတွေလုပ်ပေးမှာလဲ၊ ဥပဒေပြဋ္ဌာန်းချက် ရှိသလား၊ ဘယ်တုန်းက ပြဋ္ဌာန်းလိုက်တာလဲ၊ ရည်ရွယ်ချက်က ဘာလဲ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်တွေကရော၊ အများပြည်သူ နားလည်တဲ့ စကားလုံးနဲ့ ရိုးရိုးရှင်းရှင်း ရေးပြပါဦးဆရာ" ဟု အလုပ်သင်ရှေ့နေတစ်ဦးက ဆိုလာပါသည်။ ထို့ကြောင့် ကျွန်တော်၏ ဥပဒေအတွေးကို ဤသို့ ရေးလိုက်ပါသည်။

**တရားလွှတ်တော်ချုပ်**

ကျွန်တော်တို့နိုင်ငံတွင် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ အမိန့်ကြော်ငြာစာအမှတ် ၆၅/၂၀၁၇၊ ၁၅-၁၁-၂၀၁၇ ရက်စွဲဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ ဤသို့ အဖွဲ့အစည်းမျိုး ယခင်က မရှိသလောက် ရှားပါးပါသည်။ ဥပဒေပြဋ္ဌာန်းချက်ကလည်း အသစ်ဖြစ်နေသောကြောင့် အလုပ်သင်ရှေ့နေကလေးတွေ မေးချင်စရာဖြစ်နေပါသည်။ သူတို့သိချင်တာလေးတွေ မေးဖော်ရသည်ကိုပင် ကျွန်တော် ကျေးဇူးတင်နေမိပါသည်။ သိချင်စိတ်၊ လေ့လာချင်စိတ်ဆိုတာ ရှေ့နေတစ်ဦးအတွက် အဓိကလိုအပ်ချက် မဟုတ်ပါလားခင်ဗျာ။

**ဥပဒေပြဋ္ဌာန်းခြင်း**

"ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေ" ကို ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၀ ဖြင့် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့သည်။ ပြဋ္ဌာန်းရက်စွဲမှာ ၁၈-၁-၂၀၁၆ ပါ။ အကျယ်ကို ဆက်လက်လေ့လာစေချင်ပါသည်။

**ဥပဒေဆိုင်ရာ အထောက်အကူဆိုသည်မှာ**

"ဥပဒေဆိုင်ရာ အထောက်အကူဆိုသည်မှာ ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံရှိသူများအား ဥပဒေနှင့်အညီ ရှေ့နေငှားရမ်းပေးခြင်း၊ ဥပဒေဆိုင်ရာ အသိပညာပေးခြင်း၊ အကြံပေးခြင်း၊ အကူအညီပေးခြင်းနှင့် သတင်းအချက်အလက် ပေးခြင်းတို့ကို ဆိုသည်။"

**[ပုဒ်မ ၂ (က) ]**

**တောင်းခံခွင့်ရှိသူများ**

"ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများ ဆိုသည်မှာ ပြစ်မှုတစ်ခုခုဖြင့် စွပ်စွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ အကျဉ်းချခံရသည့် ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ အထူးပြုစုစောင့်ရှောက်မှု လိုအပ်နေသူများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ခုခံအားကျဆင်းမှုရောဂါ၊ သို့မဟုတ် အခြားကူးစက်မြန်ရောဂါ ခံစားနေရသူများ၊ နိုင်ငံမဲ့များ၊ နိုင်ငံရေးခိုလှုံခွင့် တောင်းခံသူများ၊ နိုင်ငံခြားသားများ၊ ရွှေ့ပြောင်းနေထိုင်သူများ၊ ရွှေ့ပြောင်းလုပ်သားများ ဒုက္ခသည်များကိုလည်းကောင်း၊ ပြစ်မှုကျူးလွန်ခံရခြင်းကြောင့် နစ်နာသူများကိုလည်းကောင်း၊ ထူးခြားသည့် အကြောင်းအရာ တစ်ခုခုကြောင့် အကူအညီတောင်းခံလာသည့် ပြစ်မှုနှင့် ဆိုင်သော သက်သေများကို လည်းကောင်း ဆိုသည်။"

**[ပုဒ်မ ၂ (ခ) ]**

**အဖွဲ့**

"ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်သော ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ်



မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို ဆိုသည်။"

**[ပုဒ်မ ၂ (ဂ) ]**

**အထောက်အကူပေးသူ**

"ဥပဒေဆိုင်ရာ အထောက်အကူပေးသူဆိုသည်မှာ ဥပဒေဆိုင်ရာ အထောက်အကူပေးသည့်ရှေ့နေ သို့မဟုတ် ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာ အထောက်အကူပေးသူကို ဆိုသည်"

**[ ပုဒ်မ ၂ (စ) ]**

**အခြေခံမူများ**

ဤဥပဒေ၏ အခြေခံမူများမှာ-

(က) ပြစ်မှုဆိုင်ရာ တရားစီရင်ရေးတွင် အများပြည်သူက ယုံကြည်စိတ်ချရပြီး စဉ်ဆက်မပြတ် ထိရောက်စွာ အသုံးပြုနိုင်သော ဥပဒေဆိုင်ရာ အထောက်အကူပေးသည့် စနစ်ဖြစ်ပေါ်စေရေး

(ခ) ပြစ်မှုကျူးလွန်ခြင်းများကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အများပြည်သူအား ဥပဒေဆိုင်ရာ ဗဟုသုတတိုးပွားစေရန် ပညာပေးရေး

(ဂ) ပြစ်မှုဖြင့် စွပ်စွဲခံရသူများ၊ တရားစွဲဆိုခံရသူများနှင့် ပြစ်ဒဏ်ချမှတ်ခြင်းခံနေရသူများကို ဥပဒေဆိုင်ရာ အထောက်အကူပေးရေး

(ဃ) ပြစ်မှုကျူးလွန်ခံရခြင်းကြောင့် နစ်နာသူများကို ဥပဒေဆိုင်ရာ အထောက်အကူပေးရေး

(င) ထူးခြားသည့် အကြောင်းအရာတစ်ခုခုကြောင့် အကူအညီတောင်းခံလာသည့် ပြစ်မှုနှင့်ဆိုင်သော သက်သေများကို ဥပဒေဆိုင်ရာ အထောက်အကူပေးရေး

(စ) ဥပဒေဆိုင်ရာ အထောက်အကူ တောင်းခံခွင့်ရှိသူများကို လူမျိုး၊ ကိုးကွယ်ရာ ဘာသာ၊ ကိုးကွယ်ယုံကြည်မှု၊ အသက်အရွယ်၊ ကျား/မ၊ နိုင်ငံသား မခွဲခြားဘဲ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး

(ဆ) ပြစ်မှုဆိုင်ရာ တရားစီရင်ရေးလုပ်ငန်းအဆင့်ဆင့်တွင် မှန်ကန်မျှတ၍ ထိရောက်သော ဥပဒေဆိုင်ရာ အထောက်အကူပေးခြင်းကို ဆောလျင်စွာ ရရှိစေရေး

(ဇ) ဥပဒေဆိုင်ရာ အထောက်အကူပေးသည့် စနစ်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို အများပြည်သူ သိရှိစေရေး

(ဈ) ဥပဒေဆိုင်ရာ အထောက်အကူပေးသူများအား ဥပဒေနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့် ပေးရေးနှင့် ယင်းတို့အား အကာအကွယ်ပေးရေးတို့ ဖြစ်ပါသည်။

**[ ပုဒ်မ-၄ ]**

**တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

ဥပဒေပုဒ်မ ၆ တွင် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဖော်ပြ ပြဋ္ဌာန်းထားသည်။ ဥပဒေအထောက်အကူပြုအဖွဲ့အဆင့်ဆင့်ကို ကြီးကြပ်ကွပ်ကဲခြင်း၊ မူဝါဒချမှတ်ခြင်း၊ အထောက်အကူ တောင်းခံခွင့်ရှိသည်။ ပြစ်မှုများကို သတ်မှတ်ခြင်း၊ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း၊ ဥပဒေနှင့်ညီညွတ်စေရန် ကြီးကြပ်ခြင်း၊ အသိပညာပေးမှုများကို အများပြည်သူသို့ ပြန့်ပွားစေခြင်း၊ နည်းလမ်းများသတ်မှတ်ခြင်း၊ ပြင်ဆင်မှု၊ အယူခံမှု၊ အထွေထွေလျှောက်ထားမှုများတွင် ကူညီခြင်း၊ အကူအညီပေးလိုသောအဖွဲ့များအား ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊ ဥပဒေနှင့်အညီ လွတ်လပ်စွာဆောင်ရွက်ရန်ကူညီခြင်း၊ ထူးခြားသော အခြေအနေကို ပြည်ထောင်စု တရားသူကြီးချုပ်သို့ တင်ပြခြင်းများ ဖြစ်ကြသည်။ ထို့အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ မြို့နယ်အဖွဲ့များ စသည်ဖြင့် ဖွဲ့စည်းတာဝန်ထမ်းဆောင်စေပါသည်။

**အထောက်အကူပေးရေးလုပ်ငန်း (အချို့)**

ဥပဒေဆိုင်ရာ အထောက်အကူပေးသူသည် ထိန်းသိမ်းခြင်း၊ သို့မဟုတ် ဖမ်းဆီးခြင်းခံရသူနှင့် ပတ်သက်၍-

"(က) ရဲစခန်း သို့မဟုတ် အခြားတစ်နေရာ၌ ထိန်းသိမ်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်းခံရသူ၏ မိသားစုများကို အသိပေး အကြောင်းကြားခြင်းနှင့် လိုအပ်ပါက ဤဥပဒေနှင့်အညီ ဥပဒေဆိုင်ရာ အထောက်အကူပေးနိုင်ရန် ဆောင်ရွက်ရမည်။

(ခ) တရားရုံးတွင် ချုပ်မိန့်တောင်းခံသည့်အခါတွင်ဖြစ်စေ၊ ချုပ်မိန့်ဖြင့် ဆက်လက်ချုပ်နှောင်ခံရသည့်အခါတွင်ဖြစ်စေ ခုခံချေပနိုင်ရေးအတွက် ဥပဒေဆိုင်ရာ အထောက်အကူပေးရမည်။

(ဂ) တရားစွဲတင်မည့် ရဲတပ်ဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ အဖွဲ့အစည်းက စုံစမ်းစစ်ဆေးရာတွင်ဖြစ်စေ၊ စိစစ်ဆောင်ရွက်ရာတွင်ဖြစ်စေ ခုခံချေပနိုင်ရေးအတွက် ဥပဒေဆိုင်ရာ အထောက်အကူပေးရမည်။

(ဃ) တရားရုံးတွင် အမှုစစ်ဆေးဆဲကာလအတွင်း လိုအပ်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရမည်" ဟု ဖော်ပြပြဋ္ဌာန်းသည်။

**[ပုဒ်မ-၂၅ ]**

**အထောက်အကူအဖွဲ့များ**

ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့တွင် တရားလွှတ်တော်ရှေ့နေ (စဉ်/၁၂၀၃) ဦးညဏ်ဝင်းက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တရားလွှတ်တော်ရှေ့နေ (စဉ်/၁၄၇၅) ဦးခင်ဇော်က အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ ကျန်အဖွဲ့ဝင်များမှာ တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာနမှ ကျွမ်းကျင်သူ ပညာရှင်များ၊ ဥပဒေအတွေ့အကြုံ ကြွယ်ဝသည့် တရားလွှတ်တော်ရှေ့နေကြီးများဖြင့်လည်းကောင်း ဖွဲ့စည်းထားခြင်း ဖြစ်ပေသည်။ လေးစားစွာ ကြိုဆိုပါသည်။

**လက်တွေ့ဘဝ**

တရားရေးနယ်ပယ်၊ ဥပဒေနယ်ပယ်တွင် အများပြည်သူ၏ ရုန်းကန်လှုပ်ရှားနေကြရသော အခက်အခဲများကို စာဖွဲ့စရာ မလိုတော့ပါ။ နေ့စဉ် ကြုံတွေ့နေကြရပေသည်။ ဥပဒေပညာရှင် ပီသစွာ ပြည်သူ့ဘဝကို တိတိကျကျ၊ ပီပီပြင်ပြင် မြင်တွေ့ကြမည် ဟု ကျွန်တော် ယုံကြည်မိပါသည်။ **ကျွန်တော်တို့အားလုံး ပြည်သူနှင့်အတူ ရှိနေကြသည်မဟုတ်လား။** ဥပဒေဘောင် အတွင်းက မည်သို့ ကူညီကြမည်လဲ။ အထောက်အကူ ပေးကြမည်လဲ။ ကြန့်ကြာမည်စိုး၍ အစည်းအဝေးထိုင်ကြသည်။ ကူညီလို၍ တိုင်ပင်ကြသည်။ အထောက်အကူပြုလို၍ ဖွဲ့စည်းကြသည်။ **စေတနာအမှန်ပါတည်း။** လက်တွေ့ဘဝမှာ မကြန့်ကြာစေလိုပါ။ အစည်းအဝေးတွေများပြီး လက်တွေ့နှင့် မဝေးကြဖို့ မျှော်လင့်နေကြပါပြီ။ ဥပဒေစာအုပ်ထူထူကြီး တွေထဲက အိပ်ပျော်နေသူတွေကို နိုးကြပါစို့။ နစ်နာသူတွေကို ကူညီကြပါစို့။ ပြည်သူ့အသံ နာခံကြပါစို့။ ဥပဒေအထောက်အကူအဖွဲ့များ၏ စေတနာဝေဆာပါပြီ။ **ပြည်သူယုံသည်။**

**စေတနာ**

အလုပ်သင်ရှေ့နေကလေးမေး၍ ကျွန်တော့်အတွေးကို ရေးခဲ့တာပါ။ မိမိကိုယ်တိုင် တရားလွှတ်တော်ရှေ့နေတာဝန် ကျေပွန်ပြီလား။ နိုတီပဗ္ဗလစ်တာဝန် ရှင်သန်ပြီလား။ **အပြော** များ၍ **လက်တွေ့**နည်းလျှင် သမိုင်းတွင် ပါမည်လားဟု တွေးမိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ။ ။

**"ဥပဒေဘောင်အတွင်းက မည်သို့ ကူညီကြမည်လဲ၊ အထောက်အကူ ပေးကြမည်လဲ၊ ကြန့်ကြာမည်စိုး၍ အစည်းအဝေးထိုင်ကြသည်၊ ကူညီလို၍ တိုင်ပင်ကြသည်၊ အထောက်အကူပြုလို၍ ဖွဲ့စည်းကြသည်၊ စေတနာအမှန်ပါတည်း၊ လက်တွေ့ဘဝမှာ မကြန့်ကြာစေလိုပါ၊ အစည်းအဝေးတွေများပြီး လက်တွေ့နှင့် မဝေးကြဖို့ မျှော်လင့်နေကြပါပြီ"**



ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သံတံတားကျေးရွာအတွင်းရှိ ပြည်သူများအား သက်ငယ်မုဒိမ်းမှုကျဆင်းရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေးနှင့် မှုခင်းကျဆင်းရေး အတွက် နိုဝင်ဘာလ တတိယပတ်က ကျေးရွာဓမ္မာရုံ၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ဒုတိယရဲမှူး သောင်းထိုက်က အသိပညာ ပေးဟောပြောစဉ်။ တင်စိုး (မြန်မာ့အလင်း)

## ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၂၃**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်အခြေခံပညာအထက်တန်းကျောင်း၌ အသက်ငါးနှစ်မှ ဆယ့်ငါးနှစ်အထိ ကလေးများအား နိုဝင်ဘာ ၂၁ ရက်က နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (တိုးချဲ့ကာကွယ်ဆေး) ဒေါက်တာအေးအေးမာ၊ ပုဗ္ဗသီရိမြို့နယ် ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံမှ ဒေါက်တာနန်းကျော့ခိုင်တို့က ကျန်းမာရေးအဖွဲ့ ခုနစ်ဖွဲ့ခွဲကာ ကလေးငယ်များအား ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်းများကို နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်းနှင့် တာဝန်ရှိသူတို့က ကာကွယ်ဆေးထိုးနှံခြင်း အသိပညာပေး ဗာတ်လမ်းခွေ ပြသနေမှုအား ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



# ဇန်နဝါရီအရွှေ့နဲ့မန်စီးတီးရဲ့ ဖြစ်တည်လာနိုင်ဖွယ် ခံစစ်တံတိုင်းများ

● အောင်က

ဒီနှစ်ရာသီမှာ မန်စီးတီးအသင်းရဲ့အောင်မြင်မှုတွေက ဆက်တိုက်လို့ ဆိုရမယ်။ ပရီမီယာလိဂ်နိုင်ပွဲတွေ ဆက်နေသလို ချန်ပီယံလိဂ်မှာလည်း နိုင်ပွဲတွေက မရပ်တန့်နိုင်သေးဘူး။ ဒါပေမယ့် ဒီနှစ်ရာသီမှာအသင်းအတွက် အားကိုးရတဲ့ ဂျွန်စတုန်းက တံကောက်ကြောဒဏ်ရာကြောင့် အသင်းမှာအနည်းဆုံး တစ်လလောက်တော့နားရတော့မယ်။ ကံကောင်းတာက ကွန်ပါနေး ပြန်ကစားနိုင်ပြီဖြစ်သလို အော်တာမန်ဒီကလည်း ပွဲပယ်ပြစ်ဒဏ်ပြည့်သွားလို့အသင်းမှာ ကစားလို့ရတဲ့ အခြေအနေရှိနေပြီဆိုတာပါပဲ။ ဒါပေမယ့် ကွန်ပါနေးနဲ့ မန်ဂါလာတို့ရဲ့ကြံ့ခိုင်မှုတွေက မေးခွန်းထုတ်စရာရှိနေသေးတယ်။ ဒါကြောင့် မန်စီးတီးအသင်းအတွက်တော့ ဇန်နဝါရီအရွှေ့မှာ အသင်းရဲ့ခံစစ်တံတိုင်းအတွက် ကစားသမားသစ်တွေ အားဖြည့်ရဖို့ရှိနေတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဇန်နဝါရီဈေးကွက်မှာ မန်စီးတီးအသင်းအနေနဲ့ ခေါ်ယူဖို့ရှိနေတဲ့ ခံစစ်ကစားသမားတွေကို လေ့လာမိသလောက် တင်ပြလိုက်ရပါတယ်။

**ဗန်ဒစ်(ဆောက်သမ်တန်)**

ပရီမီယာလိဂ်မှာတော့ ဗန်ဒစ်နဲ့ပတ်သက်ပြီး ထွက်ပေါ်နေတဲ့သတင်းတွေကတော့ မကြားချင်မှအဆုံးလို့ ပြောရမယ်။ အသက် ၂၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဗန်ဒစ်ဟာ ဇန်နဝါရီမှာ အသင်းကနေထွက်ဖို့အတွက် သူငယ်ချင်းတွေကိုတောင် နှုတ်ဆက်ပွဲလုပ်ဖို့ပြင်နေတဲ့ ကစားသမားလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ဆောက်သမ်တန်အသင်း မန်နေဂျာပယ်လီဂရီနိုကိုယ်တိုင်က ခံစစ်မှူး ဗန်ဒစ်ဟာ အသင်းကနေထွက်ခွာဖို့ ရှိနိုင်တယ်လို့ ဆိုထားတာ ဖြစ်ပါတယ်။ ဗန်ဒစ်ကို ပြီးခဲ့တဲ့ နွေရာသီကတည်းက လီဗာပူးအသင်းကနေ ပစ်မှတ်ထားနေတာ မှန်ပေမယ့် မန်စီးတီးအသင်းကနေ ကြားဖြတ်ပြီးအရခေါ်ယူဖို့ ကြိုးစားလာမယ်ဆိုရင်တော့ ဘယ်အသင်းကမှ တားနိုင်ဖို့မလွယ်ပါဘူး။ ဒါပေမယ့် လီဗာပူးအသင်းကလည်း သူ့တို့အနေနဲ့ အရခေါ်ယူနိုင်ဖို့အတွက်လည်း ယုံကြည်မှုတော့ ရှိနေပါတယ်။ ဟော်လန်ခံစစ်မှူး ဗန်ဒစ်ဟာ ဂရိုနင်ဂျန်အကယ်ဒမီကျောင်းထွက် ကစားသမားတစ်ဦးဖြစ်ပြီး ဆဲလ်တစ်အသင်းမှာ သုံးနှစ်ကြာကစားခဲ့ပြီး ဆောက်သမ်တန်အသင်းကို ရော်နယ်ကိုးမန်း ကိုင်တွယ်ခဲ့စဉ် ၂၀၁၅ ခုနှစ်က ပြောင်းရွှေ့လာခဲ့တာ ဖြစ်ပါတယ်။ ဂွာဒီယိုလာဟာ ဂျွန်စတုန်း ဒဏ်ရာမရခင်ကတည်းကလည်း အသင်းရဲ့ခံစစ်အင်အားကို ထပ်မံဖြည့်တင်းဖို့ ဆန္ဒရှိနေခဲ့တာ ဖြစ်ပါတယ်။ ဆောက်သမ်တန်အသင်းအနေနဲ့ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၇၀ လောက်အထိ တောင်းဆိုဖို့တောင်ရှိနိုင်တယ်လို့ ဆိုပါတယ်။ ပေါင်သန်း ၇၀ ဟာ ခံစစ်ကစားသမားတစ်ဦးအဖြစ် ပြင်းထန်လွန်းတဲ့ပြောင်းရွှေ့ကြေးလို့ ပြောလို့ရပေမယ့် မန်စီးတီးအသင်းကသာ ခေါ်ယူချင်တယ်ဆိုရင် ဘယ်အရာမဆိုဖြစ်လာနိုင်တယ်လို့ ပြောရမှာပါ။

**စတီဖန်ဒီဗီဂျီ (လာဇီယို)**

ပရီမီယာလိဂ်ကမဟုတ်တဲ့ဇန်နဝါရီမှာ မန်စီးတီးအသင်းအနေနဲ့ ခေါ်ယူဖို့ရှိနိုင်တဲ့ ခံစစ်မှူးကတော့ လာဇီယိုအသင်းခံစစ်မှူး စတီဖန်ဒီဗီဂျီ ဖြစ်ပါတယ်။ စတီဖန်ဒီဗီဂျီဟာ ၂၀၁၃ ခုနှစ်က ဖီယင်နော့အသင်းကနေ လာဇီယိုအသင်းကို ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။ စတီဖန်ဒီဗီဂျီဟာ ဖီယင်နော့ လူငယ်အကယ်ဒမီကျောင်းထွက်ကစားသမားတစ်ဦးဖြစ်ပြီး အသင်းကြီးမှာ ၂၀၁၃ ခုနှစ်က စတင်ကစားခွင့် ရရှိခဲ့တာဖြစ်ပြီးအသင်းနဲ့အတူ ၃၁ ပွဲပါဝင် ကစားခဲ့သူဖြစ်ပါတယ်။ စတီဖန်ဒီဗီဂျီဟာ လာမယ့်နွေရာသီမှာ အလွတ်ပြောင်းရွှေ့ကြေးနဲ့အသင်းကနေ ထွက်ခွာမယ့်သူဖြစ်တာကြောင့် မန်စီးတီးအသင်းအနေနဲ့ ဇန်နဝါရီဈေးကွက်မှာ အရခေါ်ယူနိုင်ဖို့ရှိတဲ့ကစားသမားတစ်ဦးလို့လည်း ပြောရမှာဖြစ်ပါတယ်။ ဒါပေမယ့် သူဟာအသင်းနဲ့လည်း စာချုပ်သစ် ထပ်မံချုပ်ဆိုဖို့ရှိနေတဲ့သူလည်းဖြစ်ပါတယ်။ စတီဖန်ဒီဗီဂျီဟာ အမြင့်ဘောတွေကို ကောင်းမွန်စွာကစားနိုင်စွမ်းရှိသူဖြစ်ပြီး အီတလီရဲ့အကောင်းဆုံးခံစစ်မှူးတစ်ဦးအဖြစ် ရပ်တည်နေနိုင်သူလည်း ဖြစ်ပါတယ်။ စတီဖန်ဒီဗီဂျီကို မန်စီးတီးအသင်းသာမက လီဗာပူးနဲ့ မန်ယူအသင်းတို့ကပါခေါ်ယူဖို့ စိတ်ဝင်စားနေကြပါတယ်။

**လာပေါ်တီ(ဘီဘာအို)**

ဘီဘာအိုအသင်းခံစစ်မှူး လာပေါ်တီဟာ ၂၀၁၆ခုနှစ်နွေရာသီကတည်းက ဂွာဒီယိုလာရဲ့လက်အောက်မှာ ကစားခွင့်ရဖို့အခွင့်အရေးရှိခဲ့ပေမယ့် မန်စီးတီးအသင်းကို ပြောင်းရွှေ့ကစားဖို့ ငြင်းဆန်ခဲ့သူဖြစ်ပါတယ်။ သူဟာအသင်းကနေ ထွက်ခွာဖို့ငြင်းဆန်ခဲ့ပြီး အသင်းနဲ့ ၂၀၂၀ပြည့်နှစ်အထိ စာချုပ်သစ်ထပ်မံချုပ်ဆိုခဲ့သူလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း အဲ့ဒီနှစ်က မန်စီးတီးအသင်းဟာ အဲဗာတန်အသင်းကနေ ဂျွန်စတုန်းကို ပေါင်သန်း ၅၀နဲ့ခေါ်ယူပြီး အသင်းရဲ့ခံစစ်အင်အားကို ဖြည့်တင်းခဲ့တာ ဖြစ်ပါတယ်။ မကြာခဏဆိုသလို ဘာစီလိုနာအသင်းကလည်း လာပေါ်တီကိုခေါ်ယူဖို့ ကမ်းလှမ်းမှုတွေရှိခဲ့ပါတယ်။ လာပေါ်တီဟာ စပိန်လီဗာ ဗဟိုခံစစ်မှူးတွေ အကောင်းဆုံးခံစစ်မှူးတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ သူဟာဘီဘာအိုအသင်းမှာ ၂၀၁၂ခုနှစ်က စတင်ပွဲထွက်ခဲ့ခြင်းဖြစ်ပြီး ဘီဘာအိုအသင်းနဲ့အတူပွဲ ၂၀၀ ကျော် ကစားထားသူလည်းဖြစ်ပါတယ်။ ခံစစ်ပိုင်းနဲ့ပတ်သက်ပြီးစွယ်စုံရ ကစားသမားတစ်ဦးအဖြစ်သာမက တိုက်စစ်ပိုင်းနဲ့ ပတ်သက်ပြီးလည်း အရည်အချင်းပြည့်ဝတဲ့ကစားသမားတစ်ဦးအဖြစ် ရှိပါတယ်။ ဘီဘာအိုအသင်းအနေနဲ့ တော်ရုံတန်ရုံပြောင်းရွှေ့ကြေးလောက်နဲ့ ရောင်းထုတ်ဖို့ စိတ်ဝင်စားခြင်း မရှိနိုင်ပါဘူး။ ဒါပေမယ့် မန်စီးတီးအသင်းလို ငွေကြေးအင်အားတောင့်တင်းတဲ့အသင်းက ပြောင်းရွှေ့ကြေးအတွက် အလွန်အမင်း အသုံးပြုမယ်ဆိုရင်တော့ ဇန်နဝါရီဈေးကွက်မှာ လာပေါ်တီကို ပရီမီယာလိဂ်မှာ တွေ့မြင်ရဖို့ရှိလာနိုင်ပါတယ်။ ။








**ဂွာဒီယိုလာဟာ ဂျွန်စတုန်း ဒဏ်ရာမရခင်ကတည်းကလည်း အသင်းရဲ့ခံစစ်အင်အားကို ထပ်မံဖြည့်တင်းဖို့ ဆန္ဒရှိနေခဲ့တာ ဖြစ်ပါတယ်။ ဆောက်သမ်တန်အသင်းအနေနဲ့ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၇၀ လောက်အထိ တောင်းဆိုဖို့တောင် ရှိနိုင်တယ်လို့ ဆိုပါတယ်။ ပေါင်သန်း ၇၀ ဟာ ခံစစ်ကစားသမားတစ်ဦးအဖြစ် ပြင်းထန်လွန်းတဲ့ ပြောင်းရွှေ့ကြေးလို့ ပြောလို့ရပေမယ့် မန်စီးတီးအသင်းကသာ ခေါ်ယူချင်တယ်ဆိုရင် ဘယ်အရာမဆိုဖြစ်လာနိုင်တယ်လို့ ပြောရမှာပါ။**

## ဘင်ဇီမာ၏နေရာတွင် တိုက်စစ်မှူး အိုင်ကာဒီအား အစားထိုးလိမ့်မည်ဟု တိုက်စစ်မှူးဟောင်း မာဆာရိုသုံးသပ်



စပိန်ကလပ် ရီးရဲမက်ဒရစ်အသင်းသည် လာမည့် နွေရာသီဈေးကွက်ကာလအတွင်းတွင် အင်တာမီလန်တိုက်စစ်မှူး အိုင်ကာဒီအား ခေါ်ယူရန် ရည်မှန်းထားကြောင်း၊ ရီးရဲအသင်းတာဝန်ရှိသူများသည် တိုက်စစ်မှူး ဘင်ဇီမာ၏ နေရာတွင် အိုင်ကာဒီအား အစားထိုးရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း အေစီမီလန် ကစားသမားဟောင်း ဒန်နီယယ် မာဆာရိုက မှတ်ချက်ပြုပြောဆိုလိုက်သည်။

ပြင်သစ်တိုက်စစ်မှူး အိုင်ကာဒီသည် ယခုနှစ်ဘောလုံးရာသီတွင် ပုံမှန်ခြေစွမ်းရရှိရန် ရုန်းကန်နေရပြီး စပိန်လာလီဂါပြိုင်ပွဲတွင် ရှစ်ပွဲ ပါဝင်ကစားထားသော်လည်း တစ်ဂိုးသာ သွင်းယူထားနိုင်သေးသူ ဖြစ်သည်။

အာဂျင်တီးနားတိုက်စစ်မှူး အိုင်ကာဒီ (၂၄နှစ်)သည် ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူးများအနက်မှ တစ်ဦးအဖြစ် သတ်မှတ်ခံထားရသူဖြစ်ပြီး ၂၀၁၇-၁၈ ခုနှစ် စီးရီးအေပြိုင်ပွဲ၌ ၁၃ ပွဲ ပါဝင်ကစားပြီးချိန်တွင် ၁၃ ဂိုးအထိ သွင်းထားနိုင်သူဖြစ်သည်။ တိုက်စစ်မှူး အိုင်ကာဒီနှင့် အင်တာမီလန်အသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ လာမည့် ၂၀၂၁ ခုနှစ်မှ ကုန်ဆုံးမည်ဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းအနေဖြင့် တိုက်စစ်မှူး အိုင်ကာဒီအား ခေါ်ယူမည်ဆိုပါက ပြောင်းရွှေ့ကြေး အများအပြား အသုံးပြုရဖွယ်ရှိသည်ဟုဆိုသည်။ လေ့လာမှုမှတ်တမ်းတစ်ခုအရ တိုက်စစ်မှူး အိုင်ကာဒီ၏ ပြောင်းရွှေ့ကြေးတန်ဖိုးမှာ ယူရိုသန်း ၁၀၀ (ပေါင် ၈၈ ဒသမ၇) သန်းဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ "ကျွန်တော် ပြောနိုင်တာကတော့ တိုက်စစ်မှူး အိုင်ကာဒီဟာ လာမယ့် ရာသီမှာ ဘင်ဇီမာရဲ့နေရာကို အစားဝင်ဖို့အတွက် ရီးရဲမက်ဒရစ်အသင်းကို ရောက်ရှိနေလိမ့်မယ်ဆိုတာပါပဲ"ဟု အီတလီတိုက်စစ်မှူးဟောင်း မာဆာရိုက အီတလီ မီဒီယာတစ်ခုနှင့် တွေ့ဆုံရာတွင် ပြောဆိုခဲ့သည်။

ရီးရဲအသင်းဥက္ကဋ္ဌ ဖလော်ရင်တီနို ပီရက်ဇ်သည် လာမည့် ဇန်နဝါရီဈေးကွက်ကာလအတွင်းတွင် တိုက်စစ်မှူး ဘင်ဇီမာအား ရောင်းချရန် ခွင့်ပြုချက်ပေးထားကြောင်း စပိန်မီဒီယာများတွင် ရေးသားဖော်ပြထားသည်။ ရီးရဲအသင်းနည်းပြ ဇီဒန်းသည်လည်း ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရသူ တိုက်စစ်မှူး ဘင်ဇီမာအပေါ် စိတ်ရှည်သည်းခံမှု ကုန်ဆုံးနေပြီဖြစ်သည်ဟုဆိုသည်။

တိုက်စစ်မှူး ဘင်ဇီမာသည် ပြီးခဲ့သည့် စက်တင်ဘာလ ၂၀ ရက်နေ့တွင် ရီးရဲမက်ဒရစ်အသင်းနှင့် ၂၀၂၁ ခုနှစ်အထိ သက်တမ်းရှိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့သူဖြစ်သည်။

## ဂိုးသမား ကော့တွိုက်အား ပြန်လည်ခေါ်ယူရန် အက်သလက်တီကိုအသင်း ရည်ရွယ်ထား

လာမည့် နွေရာသီဈေးကွက်ကာလအတွင်းတွင် အက်သလက်တီကို အသင်းမှ ဂိုးသမား ဂျန်အော့ဘလက် ထွက်ခွာသွားပါက အက်သလက်တီကို အသင်း တာဝန်ရှိသူများအနေဖြင့် ချယ်လ်ဆီးအသင်း ဂိုးသမား ကော့တွိုက်အား ပြန်လည်ခေါ်ယူရန် ကြိုးစားလာမည်ဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဘယ်လ်ဂျီယံဂိုးသမား ကော့တွိုက် (၂၅နှစ်) သည် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ အက်သလက်တီကိုအသင်းတွင် အငှားဖြင့် ပါဝင်ကစားခဲ့ဖူးသူဖြစ်ပြီး အက်သလက်တီကိုအသင်းနှင့်အတူ စပိန်လာလီဂါ၊ စပိန်ဘုရင့်ဖလား၊ ယူရိုပါလိဂ် ချန်ပီယံဆုဖလားများ တစ်ကြိမ်စီ ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ ဂိုးသမား ကော့တွိုက်နှင့် ချယ်လ်ဆီးအသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ လာမည့် ၂၀၁၉ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သော်လည်း ယခုအချိန်အထိ စာချုပ်သစ် ထပ်မံချုပ်



ဆိုနိုင်ခြင်းမရှိသေးပေ။ ချယ်လ်ဆီးအသင်းနှင့် ဂိုးသမား ကော့တွိုက်တို့ ချုပ်ဆိုထားသည့် စာချုပ်အရ ကော့တွိုက်သည် တစ်ပတ်လုပ်ခငွေ ပေါင် ၁၀၀၀၀၀ ရရှိနေပြီး စာချုပ်သစ် ချုပ်ဆိုဖြစ်ပါက လက်ရှိ လုပ်ခငွေ၏ နှစ်ဆဖြစ်သော ပေါင် ၂၀၀၀၀၀ ရရှိရန် ဆန္ဒရှိနေကြောင်း သတင်းများ ထွက်ပေါ်နေသည်။ ဂိုးသမား ကော့တွိုက်သည် ယခုနှစ် ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းအတွက် စုစုပေါင်း ၁၇ ပွဲ ပါဝင်ကစားထားသူဖြစ်သည်။

ဆလိုဗေးနီးယားဂိုးသမား အော့ဘလက်(၂၄နှစ်)သည် ၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်းတွင် ဘင်ဖီကာအသင်းမှ အက်သလက်တီကိုအသင်းသို့ ပြောင်းရွှေ့လာသူဖြစ်သည်။ အက်သလက်တီကို အသင်းသည် ဂိုးသမား အော့ဘလက်၏ ပြောင်းရွှေ့ကြေးအဖြစ် ယူရို ၁၆ သန်း ပေးချေခဲ့ရပြီး ဂိုးသမား အော့ဘလက်သည် စပိန်လာလီဂါပြိုင်ပွဲသမိုင်းတစ်လျှောက် ပြောင်းရွှေ့ကြေးအများဆုံး ဂိုးသမားအဖြစ် စံချိန်တင်ခဲ့သူဖြစ်သည်။

ပရီမီယာလိဂ်ထိပ်တန်းကလပ် တစ်သင်းဖြစ်သည့် မန်ယူအသင်းသည် လာမည့် နွေရာသီဈေးကွက်ကာလအတွင်းတွင် အသင်း၏ အဓိက ဂိုးသမားဖြစ်သူ ဒေးဗစ်ဒီဂီယာအား ဆုံးရှုံးခဲ့ရပါက ဂိုးသမား အော့ဘလက်အား အစားထိုးခေါ်ယူရန် ရည်မှန်းထားသည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိသည်။

ထက်အောင်

## ပရီမီယာလိဂ်ပွဲစဉ်(၁၃)

| | | |
|---|---|---|
| ၂၄-၁၁-၁၇ | | သောကြာနေ့ |
| ဝက်စ်ဟမ်း | - လက်စတာ | နံနက် ၂း၃၀ |
| ၂၅-၁၁-၁၇ | | စနေနေ့ |
| ပဲလေ့စ် | - စတုတ် | ည ၉း၃၀ |
| မန်ယူ | - ဘရိုက်တန် | ည ၉း၃၀ |
| နယူးကာဆယ် | - ဝက်ဖို့ဒ် | ည ၉း၃၀ |
| ဆွမ်ဆီး | - ဘုန်းမောက် | ည ၉း၃၀ |
| စပါးစ် | - ဝက်စ်ဘရွန်း | ည ၉း၃၀ |
| လီဗာပူး | - ချယ်လ်ဆီး | နံနက် ၀၀း၀၀ |
| ၂၆-၁၁-၁၇ | | တနင်္ဂနွေနေ့ |
| ဆောက်သမ်တန် | - အဲဗာတန် | ည ၈း၀၀ |
| ဘန်လေ | - အာဆင်နယ် | ည ၈း၃၀ |
| ဟက်ဒါဖီးလ် | - မန်စီးတီး | ည ၁၀း၃၀ |

## စပိန်လာလီဂါပွဲစဉ်(၁၃)

| | | |
|---|---|---|
| ၂၄-၁၁-၁၇ | | သောကြာနေ့ |
| ဆဲလ်တာဗီဂို | - လီဂါနက်စ် | နံနက် ၂း၃၀ |
| ၂၅-၁၁-၁၇ | | စနေနေ့ |
| အလာဗက်စ် | - အီဘာ | ည ၆း၃၀ |
| ရီးရဲ | - မာလာဂါ | ည ၉း၄၅ |
| ဘက်တစ် | - ဂျီရိုနာ | နံနက် ၀၀း၀၀ |
| လီဗန်တေး | - အက်သလက် | နံနက် ၂း၁၅ |
| ၂၆-၁၁-၁၇ | | တနင်္ဂနွေနေ့ |
| ဒီပို့တီဗို | - ဘီဘာအို | ည ၅း၃၀ |
| ဆိုစီဒက်စ် | - လက်ပါးမက်စ် | ည ၉း၄၅ |
| ဗီလာရီးရဲ | - ဆီဗီလာ | နံနက် ၀၀း၀၀ |
| ဗလန်စီယာ | - ဘာစီလိုနာ | နံနက် ၂း၁၅ |
| ၂၇-၁၁-၁၇ | | တနင်္လာနေ့ |
| အက်စ်ပန်ညို | - ဂီတာဖေး | နံနက် ၂း၃၀ |

## ပြင်သစ်ပထမတန်းပွဲစဉ်(၁၄)

| | | |
|---|---|---|
| ၂၄-၁၁-၁၇ | | သောကြာနေ့ |
| စိန့်အက်တီယန် | - စထရက်ဘော့ဂ် | နံနက် ၂း၁၅ |
| ၂၅-၁၁-၁၇ | | စနေနေ့ |
| ရိန်းစ် | - နန့်စ် | ည ၁၀း၃၀ |
| ကိန်း | - ဘော်ဒိုး | နံနက် ၁း၃၀ |
| ဒီဂျွန် | - တူးလောက်စ် | နံနက် ၁း၃၀ |
| မက်ဇ် | - အာမီယံ | နံနက် ၁း၃၀ |
| မောင့်ပယ်လီယာ | - လိုင်လီ | နံနက် ၁း၃၀ |
| ထရွိုင်းယက်စ် | - အန်ဂျာစ် | နံနက် ၁း၃၀ |
| ၂၆-၁၁-၁၇ | | တနင်္ဂနွေနေ့ |
| နိုက်စ် | - လိုင်ယွန် | ည ၈း၃၀ |
| မာဆေး | - ဂူအင်ဂမ့် | ည ၁၀း၃၀ |
| မိုနာကို | - ပီအက်စ်ဂျီ | နံနက် ၂း၃၀ |

## စီးရီးအေပွဲစဉ်(၁၄)

| | | |
|---|---|---|
| ၂၅-၁၀-၁၇ | | စနေနေ့ |
| ဘိုလော့ဂ်နာ | - ဆမ့်ဒိုးရီးယား | ည ၈း၃၀ |
| ချီယေဗို | - SPAL | ည ၁၁း၃၀ |
| ဆက်ဆူအိုလို | - ဗီရိုနာ | ည ၁၁း၃၀ |
| ကယ်ဂလီယာရီ | - အင်တာ | နံနက် ၂း၁၅ |
| ၂၆-၁၁-၁၇ | | တနင်္ဂနွေနေ့ |
| ဂျီနိုအာ | - ရိုးမား | ည ၈း၃၀ |
| မီလန် | - တိုရီနို | ည ၈း၃၀ |
| အူဒီးနိစ် | - နာပိုလီ | ည ၈း၃၀ |
| လာဇီယို | - ဖီအိုရင်တီးနား | ည ၁၁း၃၀ |
| ဂျူဗင်တပ်စ် | - ခရိုတိုနီ | နံနက် ၂း၁၅ |
| ၂၇-၁၁-၁၇ | | တနင်္လာနေ့ |
| အတ္တလန္တာ | - ဘီနီဗန်တို | နံနက် ၂း၁၅ |

## ဘွန်ဒက်စ်လီဂါပွဲစဉ်(၁၃)

| | | |
|---|---|---|
| ၂၄-၁၁-၁၇ | | သောကြာနေ့ |
| ဟန်နိုဗာ | - စတုဂတ် | နံနက် ၂း၀၀ |
| ၂၅-၁၀-၁၇ | | စနေနေ့ |
| ဒေါ့မွန် | - ရှော်လ်ကေး | ည ၉း၀၀ |
| လိုက်ပဇစ် | - ဝါဒါဘရီမင် | ည ၉း၀၀ |
| ဖရိုင်းဘတ် | - မိန့်ဇ် | ည ၉း၀၀ |
| ဖရန့်ဖွတ် | - လေဗာကူဆင် | ည ၉း၀၀ |
| အော့ဘတ် | - ဝုဖ်ဘတ် | ည ၉း၀၀ |
| ဂလာဘတ်ချ် | - ဘိုင်ယန် | နံနက် ၀၀း၀၀ |
| ၂၆-၁၀-၁၇ | | တနင်္ဂနွေနေ့ |
| ဟမ်းဘတ် | - ဟော့ဖန်ဟိမ်း | ည ၉း၀၀ |
| ကိုလုံး | - ဟာသာဘာလင် | ည ၁၁း၃၀ |



# အန်ဖီးလ်မှာ လီဗာပူးကို ခက်ခဲစွာ ရင်ဆိုင်ရမယ့် ချယ်လ်ဆီး

— ဝေမိုးဆက် —

ပရီမီယာလိဂ်ပွဲစဉ် ၁၃ ကို နိုဝင်ဘာ ၂၅ရက်၊ ၂၆ရက်တွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ အင်္ဂလန်ဘောလုံးလောကရဲ့အသင်းကောင်းနှစ်သင်းဖြစ်ကြတဲ့ လီဗာပူးနဲ့ ချယ်လ်ဆီးတို့ဆုံတွေ့တဲ့ပွဲစဉ် ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပြီး ပွဲစဉ် ၁၂ မှာ နိုင်ပွဲပျောက်ဆုံးခဲ့ရတဲ့ စပါးအနေနဲ့လည်း နိုင်ပွဲပြန်လည်ရယူသွားနိုင်မှာလားဆိုတာကို စောင့်ကြည့်ရမှာဖြစ်ပြီး မန်စီးတီးကတော့ နိုင်ပွဲဆက်နိုင်ဖို့ရှိတယ်။

### လီဗာပူး vs ချယ်လ်ဆီး

| ယမန်နှစ် | လီဗာပူး | ၁ | ၁ | ချယ်လ်ဆီး |
|---|---|---|---|---|

အခုနောက်ပိုင်းမှာ လီဗာပူးတိုက်စစ်ပိုင်းက ဂိုးသွင်းခြေကောင်းမွန်လာသလို ခံစစ်ပိုင်းလည်း ကျစ်လျစ်လာတာတွေ့ရတယ်။ ချယ်လ်ဆီးတို့ဝက်စ်ဘရွန်းကို ဂိုးပြတ်နိုင်ခဲ့ပေမယ့် တိုက်စစ်ပိုင်းက တစ်ပွဲနဲ့တစ်ပွဲ ဂိုးသွင်းခြေ မတည်ငြိမ်ပါဘူး။ ချန်ပီယံလိဂ်ကစားခဲ့ရပေမယ့် အရေးပါတဲ့တွေ့ဆုံမှုဖြစ်တာကြောင့် အားစိုက်ကစားကြမယ့် ဒီပွဲမှာ အိမ်ရှင်လီဗာပူး အနိမ့်ဆုံး သရေလောက်ကစားနိုင်မယ်။

### ဝက်စ်ဟမ်း vs လက်စတာ

| ယမန်နှစ် | ဝက်စ်ဟမ်း | ၂ | ၃ | လက်စတာ |
|---|---|---|---|---|

မိုယက်စ်ကို မန်နေဂျာအဖြစ် ခန့်အပ်ခဲ့ပေမယ့် ဝက်စ်ဟမ်းခြေကတိုးတက်မှုနည်းနေဆဲဖြစ်ပါတယ်။ အသင်းလိုက်ခြေစွမ်းပိုင်း အားနည်းမှုတွေရှိနေသလို ခံစစ်ပိုင်းကလည်း ကျစ်လျစ်မှုမရှိပါဘူး။ ဒီပွဲကို အိမ်ကွင်းမှာကစားရမှာ ဖြစ်ပေမယ့်လည်း လက်စတာကအသင်းလိုက် ကစားပုံအရ ဝက်စ်ဟမ်းထက်ပိုမိုပြီး ကောင်းမွန်ပါတယ်။ ထိုးစစ်ပိုင်းကလည်း အဆုံးသတ်ကောင်းတာကြောင့် လက်စတာအနေနဲ့ ဝက်စ်ဟမ်းကို တုံ့ပြန်နိုင်ဖို့ရှိနေပါတယ်။ ဒီပွဲမှာလည်း ဝက်စ်ဟမ်းနိုင်ပွဲရဖို့ခက်မယ်။

### မန်ယူ vs ဘရိုက်တန်

| ယမန်နှစ် | - | - | - | - |
|---|---|---|---|---|

ဘရိုက်တန်က အသင်းလိုက်ကစားပုံမဆိုးသလို မန်ယူက ချန်ပီယံလိဂ်ကြောင့် ပွဲပန်းလာနိုင်ပါတယ်။ ဒါပေမယ့် ဒီပွဲကိုမန်ယူတို့ အိမ်ကွင်းမှာကစားရမှာ ဖြစ်နေပါတယ်။ အထူးသဖြင့် မန်ယူတို့ လူပြန်စုံလာပြီဖြစ်တာကြောင့် အသင်းလိုက်ကစားပုံ ပိုမိုကောင်းမွန်လာပါတယ်။ အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း မန်ယူခြေက ပိုမိုကောင်းမွန်တတ်ပါတယ်။ မန်စီးတီးနဲ့အမှတ်ပိုမကွာအောင်လည်း တိုက်စစ်ဖွင့် ကစားနေလို့ မန်ယူဂိုးသွင်းအားကောင်းနေတာကြောင့် အနိုင်သေချာတယ်။

### ကာဆယ် vs ဝက်ဖို့ဒ်

| ယမန်နှစ် | - | - | - | - |
|---|---|---|---|---|

ကာဆယ်ကမန်ယူကို ဂိုးပြတ်အရေး နိမ့်ခဲ့ရတဲ့အပြင် နောက်ဆုံးသုံးပွဲဆက်ရှုံးပွဲကြုံခဲ့တာကြောင့် အားစိုက်ကစားလာဖို့ရှိနေပါတယ်။ အိမ်ကွင်းလည်း ဖြစ်နေပါတယ်။ ဝက်ဖို့ဒ်က အသင်းလိုက်ကစားပုံ ကောင်းမွန်ပေမယ့်လည်း ခံစစ်ပိုင်းက အားနည်းမှုတွေရှိပါတယ်။ အဲဗာတန်နဲ့ပွဲမှာ သုံးဂိုးပေးခဲ့ရသလို ဝက်စ်ဟမ်းနဲ့ပွဲမှာ ဂိုးမပေးခဲ့ရပေမယ့် ဝက်စ်ဟမ်းတို့ အဆုံးသတ်ပိုင်းအားနည်းမှုတွေကြောင့်သာ ဂိုးမပေးခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့်ဒီပွဲမှာတော့ အိမ်ရှင်ကာဆယ်တို့ နိုင်ပွဲပြန်ရဖို့ရှိနေပါတယ်။

### ဘန်လေ vs အာဆင်နယ်

| ယမန်နှစ် | ဘန်လေ | ၀ | ၁ | အာဆင်နယ် |
|---|---|---|---|---|

ဘန်လေခြေက ကောင်းမွန်နေတယ်။ တိုက်စစ်ခံစစ်မျှတအောင်ကစားနိုင်တယ်။ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်နေတာကြောင့် အမှတ်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ အာဆင်နယ်က လက်ရှိခြေစွမ်းပိုင်း ကောင်းမွန်မှုရှိသလို တိုက်စစ်ပိုင်းကလည်း တိုးတက်မှုတွေရှိနေပေမယ့် ချန်ပီယံလိဂ်ကစားခဲ့ရလို့ ပွဲပန်းလာနိုင်တယ်။ အာဆင်နယ် အနိုင်ရမှာဖြစ်ပေမယ့် ဂိုးပြတ်ဖို့ခက်မယ်။

### စပါး vs ဝက်စ်ဘရွန်း

| ယမန်နှစ် | စပါး | ၄ | ၀ | ဝက်စ်ဘရွန်း |
|---|---|---|---|---|

စပါးဂိုးသွင်းခြေ ကျဆင်းနေတယ်။ ဟယ်ရီကိန်းလည်း ခြေစွမ်းကျဆင်းနေလို့ နောက်ဆုံးသုံးပွဲမှာ တစ်ဂိုးသာသွင်းနိုင်ခဲ့တယ်။ ချန်ပီယံလိဂ်လည်းကစားခဲ့ရမှာဖြစ်တာကြောင့် စပါးပွဲပန်းလာနိုင်တယ်။ ဝက်စ်ဘရွန်းက အဝေးကွင်းဆိုရင် ခံစစ်အားပြုကစားတတ်တာကြောင့် စပါးတို့ မထင်မှတ်ဘဲ ကစားရခက်ခဲနိုင်ပါတယ်။ မနှစ်က ဂိုးပြတ်နိုင်ခဲ့ပေမယ့် ဒီပွဲစပါးကပ်ပြီးသာနိုင်ခြေရှိတယ်။

### ဆောက်သမ်တန် vs အဲဗာတန်

| ယမန်နှစ် | ဆောက်သမ်တန် | ၁ | ၀ | အဲဗာတန် |
|---|---|---|---|---|

အဲဗာတန်က နောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေပေမယ့် ခံစစ်ပိုင်းအားနည်းမှုတွေကြောင့် နိုင်ပွဲရဖို့တော့ ရုန်းကန်နေရဆဲဖြစ်တယ်။ ဆောက်သမ်တန်က လီဗာပူးကို ဂိုးပြတ်အရေးနိမ့်ခဲ့တာကြောင့် အခုအိမ်ကွင်းပွဲမှာ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်သလို ထိုးစစ်ပိုင်းကလည်း ကစားပုံကောင်းမွန်မှုရှိနေတာကြောင့် အဲဗာတန်ခံစစ်ကိုဖိအားပေးနိုင်မှာပါ။ ဆောက်သမ်တန်ပဲအနိုင်ရမယ်။

### ဆွမ်ဆီး vs ဘုန်းမောက်

| ယမန်နှစ် | ဆွမ်ဆီး | ၀ | ၃ | ဘုန်းမောက် |
|---|---|---|---|---|

နောက်ဆုံးပွဲစဉ်မှာ ဆွမ်ဆီးတို့ဘန်လေကို အရေးနိမ့်ခဲ့ရတာကြောင့် ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်းဆွမ်ဆီးခြေက အားနည်းမှုတွေ ရှိနေကာဘုန်းမောက်ကတော့ တိုက်စစ်ကစားပုံတည်ငြိမ်လာသလို ခံစစ်ပိုင်းလည်းကျစ်လျစ်မှု ရှိနေပါတယ်။ ဒါကြောင့်လည်း ဆွမ်ဆီးတို့ကစားရခက်ခဲနိုင်ကာ ဒီပွဲမှာလည်း အမြင့်ဆုံးသရေလောက်ပဲရမယ်။

### ပဲလေ့စ် vs စတုတ်

| ယမန်နှစ် | ပဲလေ့စ် | ၄ | ၁ | စတုတ် |
|---|---|---|---|---|

ပဲလေ့စ်ရဲ့ ခြေစွမ်းပိုင်းတိုးတက်လာတယ်လို့ ဆိုနိုင်ပါတယ်။ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေရှိသလို အသင်းလိုက်ကစားအားလည်း မာကျောမှုရှိလာပါတယ်။ ဒါပေမယ့် စတုတ်ကလည်း အခုနောက်ပိုင်းအသင်းလိုက်ခြေစွမ်းပိုင်း တိုးတက်မှုတွေရှိနေပါတယ်။ ဒါကြောင့် ပဲလေ့စ်တို့ ကစားရခက်ခဲနိုင်ပြီး ဒီပွဲမှာလည်း သရေလောက်ပဲရမယ်။

### ဟက်ဒါဖီးလ် vs မန်စီးတီး

| ယမန်နှစ် | - | - | - | - |
|---|---|---|---|---|

ဟက်ဒါဖီးလ်က ဘုန်းမောက်ကို ဂိုးပြတ်အရေးနိမ့်ခဲ့ရတယ် ဆိုပေမယ့် အိမ်ကွင်းပွဲတွေမှာ ကစားပုံကောင်းမွန်တတ်ပါတယ်။ မန်စီးတီးကတော့ ချန်ပီယံလိဂ်ကစားခဲ့ရမှာ ဖြစ်လို့ ပွဲပန်းလာနိုင်တာကို သတိပြုရမယ်။ ဒါပေမယ့်လည်း လက်ရှိမန်စီးတီးခြေက အကောင်းဆုံးပုံစံမှာရှိနေသလို တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေ ကောင်းမွန်နေတာကြောင့် မန်စီးတီးအနိမ့်ဆုံးနှစ်ဂိုးပြတ်လောက်နဲ့အနိုင်ရဖို့ရှိနေပါတယ်။

# ပုသိမ်-ချောင်းသာကမ်းခြေ ကားလမ်းဘေးတွင် ချောင်းသာဆင်စခန်း ဖွင့်လှစ်ထား

**ပုသိမ် နိုဝင်ဘာ ၂၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း ဧရာဝတီတိုင်းဒေသကြီး ပုသိမ်သစ်ထုတ်ရေးဒေသနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အကျိုးတူပူးပေါင်းဆောင်ရွက်မှုဖြင့် ပုသိမ်-ချောင်းသာ ကားလမ်း မိုင်တိုင်အမှတ် (၂၆/၆)တွင် ချောင်းသာ အပန်းဖြေဆင်စခန်းကို နိုဝင်ဘာလဆန်းပိုင်းမှစတင်၍ ဖွင့်လှစ်ထားပြီးဖြစ်ရာ ချောင်းသာကမ်းခြေသို့ လာရောက်ကြမည့် ခရီးသွားဧည့်သည်များအနေဖြင့် ဝင်ရောက်လေ့လာနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ချောင်းသာဆင်စခန်းကို သစ်တောသိပ္ပံဘွဲ့ရ ဇနီးမောင်နှံနှစ်ဦးက ပိုင်ဆိုင်ပြီး ၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြကြောင်း၊ ဆင်စခန်းတွင် ဌာနပိုင်ဆင် ငါးကောင်ရှိပြီး ဆင်များ၏သဘာဝကိုလေ့လာနိုင်ရန်၊ အစာကျွေးရန်၊ ဆင်စီး၍ စခန်းပတ်ဝန်းကျင် သဘာဝတောတောင်ရေမြေကို ခံစားကြည့်ရှုနိုင်ရန်၊ စခန်းအတွင်းမွေးမြူထားသော တောတိရစ္ဆာန်များကို လေ့လာနိုင်ရန်၊ စခန်း၏ အထိမ်းအမှတ် ကြိုးတံတားတွင် အမှတ်တရ ဓာတ်ပုံမှတ်တမ်းရိုက်နိုင်ရန်၊ စခန်းတွင် အပန်းဖြေရင်း ဆင်အကြောင်း ဗဟုသုတရဖွယ် မှတ်တမ်းများ လေ့လာနိုင်ရန် စသည်တို့ကို ဆောင်ရွက်ပေးထားကြောင်း၊ ဆင်စခန်းကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား၍ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြပြီဖြစ်ကြောင်းနှင့် ဆင်နှင့်ဧည့်သည်များ ဘေးအန္တရာယ်မရှိစေရေးအတွက် စီစဉ်ထားရှိကြောင်း ဆင်စခန်းပိုင်ရှင် ဦးရဲမြင့်လွင်က ပြောကြားသည်။



ချောင်းသာဆင်စခန်းသည် ချောင်းသာအသွား ကားလမ်းဘေး လက်ဝဲဘက်တွင် တည်ရှိပြီး ပုသိမ်မြို့မှ ၂၆ မိုင် ၆ ဖာလုံ ကွာဝေးသဖြင့် ကားဖြင့် တစ်နာရီခန့်မောင်းပြီး ရောက်နိုင်သလို ချောင်းသာကမ်းခြေဘက်မှ လာပါက ရှစ်မိုင်ခန့်သာ ကွာဝေးသဖြင့် ကား၊ ဆိုင်ကယ်များဖြင့် ၂၅ မိနစ်ခန့်မောင်းလာရုံဖြင့် လွယ်လင့်တကူ ရောက်ရှိလေ့လာနိုင်မည်ဖြစ်သည်။ အားသာချက်အနေဖြင့် ချောင်းသာကမ်းခြေအသွားနှင့် ပုသိမ်အပြန်လမ်းခရီးတွင် လမ်းဘေးကပ်လျက် တည်ရှိနေသဖြင့် သီးခြားအချိန်တစ်ခုပေး၍ ခရီးသွားရန်မလိုအပ်ဘဲ မိနစ် ၂၀ ခန့် ကားရပ်၍ ချက်ချင်းဝင်ရောက်လေ့လာနိုင်ပြီး လိုရာခရီးဆက်နိုင်ခြင်းဖြစ်သည်။

ချောင်းသာကမ်းခြေသို့ လာရောက်သည့် ပြည်တွင်း ပြည်ပဧည့်သည်များအနေဖြင့် ဆင်များ၏သဘာဝနှင့် ဆင်စခန်းသို့ ဝင်ရောက်လေ့လာလိုပါက စခန်းကို ပိတ်ရက်မရှိ နေ့စဉ်ဖွင့်လှစ်ထားရှိပြီး ဝင်ကြေးမှာ ပြည်တွင်းဧည့်သည် တစ်ဦးလျှင် ၁၀၀၀ ကျပ်နှင့် နိုင်ငံခြားသားများအတွက် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ငါးဒေါ်လာဖြစ်ကြောင်း သိရသည်။ **မောင်မောင်မြင့် (ပြန်/ဆက် )**

## ရွှေထည်ပစ္စည်းကောက်ရသူက ပိုင်ရှင်ထံ ပြန်လည်ပေးအပ်

**ဆင်ဖြူကျွန်း နိုဝင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့၌ တန်ဖိုးကျပ်သိန်း ၂၀ ခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံးကို ကောက်ရသူမိသားစုက မူလပိုင်ရှင်ကို ရှာဖွေ၍ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆင်ဖြူကျွန်းမြို့အမှတ် ၃ရပ်ကွက် ပိုးအရှေ့ရပ်နေ ဦးတင်မောင်ဝင်းသည် ၎င်းပိုင်ရွှေတောင်တန်းစတိုးဆိုင်အနီးတွင် ရွှေဆွဲကြိုးတစ်ကုံးကို နိုဝင်ဘာလ ဒုတိယပတ်က ကောက်ယူရရှိ၍ စိစစ်ခဲ့ရာ အလေးချိန် နှစ်ကျပ်သားရှိသည့် ရွှေအစစ်ဆွဲကြိုးဖြစ်ကြောင်းသိရသဖြင့် ဆင်ဖြူကျွန်းမြို့အထကကျောင်းတွင် ကျင်းပနေသော အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ သွားရောက်ကာ ကောက်ရထားကြောင်းနှင့် မှန်ကန်စွာပြောဆိုနိုင်သော မူလပိုင်ရှင်အား ပြန်ပေးလိုကြောင်း အသံချဲ့စက်ဖြင့် ကြေညာအသိပေးခဲ့သည်။

နောက်တစ်ရက်တွင် ပျောက်ဆုံးနေသူ နှစ်ဦးက လာရောက်မေးမြန်းသော်လည်း ဆွဲကြိုးနှင့်ပတ်သက်၍ မှန်ကန်စွာပြောဆိုနိုင်ခြင်းမရှိခဲ့ကြောင်း၊ နိုဝင်ဘာ ၁၄ ရက်တွင်မှ ချောက်မြို့နယ် ပုခန်းငယ်ကျေးရွာနှင့် စလင်းမြို့နယ် ရေနားကျေးရွာနေ မခင်ပြုံးရင်နှင့် ဒေါ်ခင်တုတ်တို့က ဆက်သွယ်လာပြီး ရွှေဆွဲကြိုး၏ အရှည်၊ ဆွဲပြားအမျိုးအစားစသည်တို့ကို အသေးစိတ်မှန်ကန်စွာ ပြောဆိုနိုင်သည့်အပြင် ရွှေထည်ပြုလုပ်စဉ်က ဘောက်ချာကိုပါ ပြသနိုင်သဖြင့် နိုဝင်ဘာ ၁၆ ရက်တွင် ဆင်ဖြူကျွန်းမြို့ အုပ်ချုပ်ရေးမှူး ဦးမြင့်စိုး၏ရှေ့မှောက်၌ မူလပိုင်ရှင်များထံသို့ ဦးတင်မောင်ဝင်းမိသားစုက ကောက်ရထားသော ရွှေဆွဲကြိုးကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**



## ဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းဖွင့်ပွဲကျင်းပ

**ကျောင်းကုန်း နိုဝင်ဘာ ၂၃**

အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP)အရ ကျောင်းကုန်းမြို့နယ် ရွာသာကုန်းကျေးရွာ၌ ဆောင်ရွက်ခဲ့သော တစ်အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်း ဖွင့်ပွဲကို နိုဝင်ဘာ ဒုတိယပတ်အတွင်းက ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုးသန်းက ဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆောင်ရွက်ခဲ့သည့် ဆိုလာမီးလင်းရေးလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားကာ အမြဲတမ်းအတွင်းဝန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများက မီးလင်းရေးလုပ်ငန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ရွာသာကုန်းကျေးရွာ၌ ဆောင်ရွက်သည့် တစ်အိမ်သုံးဆိုလာစနစ် ကျေးလက်မီးလင်းရေးလုပ်ငန်းအရ အိမ်ခြေ ၂၀၅ လုံးတွင် အိမ်ခြေ ၁၀၀ ၌ ဆိုလာများ တပ်ဆင်နိုင်ခဲ့ကြောင်း၊ ကျောင်းကုန်းတစ်မြို့နယ်လုံးအနေဖြင့် ဆိုလာစနစ်ဖြင့် မီးလင်းရေး ဆောင်ရွက်ပြီးစီးမှုမှာ ကျေးရွာအုပ်စု ရှစ်စု၊ ကျေးရွာ ၁၄ ရွာမှ အိမ်ခြေ ၆၆၂ အိမ်ဖြစ်ကာ အဆိုပါ လူနေအိမ်များအပြင် မူလတန်းကျောင်း ငါးကျောင်း၊ အလယ်တန်းကျောင်း တစ်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း ရှစ်ကျောင်းနှင့် ခရစ်ယာန်ဘုရားကျောင်း ငါးကျောင်းတို့တွင်လည်း ဆိုလာစနစ်ဖြင့် မီးလင်းနေပြီဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ဒလမြို့နယ်၌ လာမည့်နွေရာသီတွင် ပြည်သူများ သောက်သုံးရေ လုံလောက်စွာ သုံးစွဲနိုင်တော့မည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ လာမည့် ၂၀၁၈ ခုနှစ် နွေရာသီကာလအတွင်း သောက်သုံးရေပြတ်လပ်မှု မရှိစေရန်အတွက် ရေရရှိရေးလုပ်ငန်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသဖြင့် ဒေသခံပြည်သူများအနေဖြင့် လာမည့် နွေရာသီတွင် ရေလုံလောက်စွာ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ဒလမြို့နယ်၌ မြို့ပေါ်ရပ်ကွက် ၂၄ ခုတွင် လူဦးရေ ၁၁၀၂၀၉ ဦးနှင့် ကျေးရွာအုပ်စု ၂၃ အုပ်စုတွင် လူဦးရေ ၄၇၃၅၀ ဦး စုစုပေါင်း ၁၅၇၅၅၉ ဦး နေထိုင်လျက်ရှိရာ မြို့ပေါ်ရှိ လူဦးရေ၏ ၂၀ ရာခိုင်နှုန်းဖြစ်သော လူဦးရေ ၂၂၀၀၀ ခန့်အတွက် သောက်သုံးရေများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ ဖြန့်ဝေပေးလျက်ရှိပြီး ကျန်ဒေသခံပြည်သူများသည် သောက်သုံးရေကန် ၃၂၂ ကန်ကို မိုးရာသီတွင် ရေဖြည့်တင်းလျက် နှစ်ပတ်လည် ရယူသုံးစွဲလျက်ရှိသည်။

လာမည့်နွေရာသီ၌ ဒလမြို့နယ်အတွင်း ရေလုံလောက်စွာသုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်မှုတစ်ရပ်အဖြစ် AG Resources ကုမ္ပဏီက ဒလမြို့နယ် တာကြီးရပ်ကွက် သင်္ချိုင်းမြေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ ငှားရမ်းပြီး တစ်ရက်လျှင် ရေလီတာ သုံးသန်းခန့် ဖြန့်ဝေပေးနိုင်သော ရေသန့်စက် တည်ဆောက်၍ ရေဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ဆာပါချောင်ရပ်ကွက် အမက(၁၁) စာသင်ကျောင်းအရှေ့ အစိုးရမြေလွတ်တွင် တစ်ရက်လျှင် ရေလီတာနှစ်သိန်းခန့် ဖြန့်ဝေနိုင်သော ယာယီရေသန့်စက်ကို တည်ဆောက်၍ ကွန်တိန်နာလေးလုံးဖြင့် မြို့နယ်အတွင်း ပြည်သူများအား အခမဲ့ ရေဖြန့်ဝေလှူဒါန်းပေးမည်ဖြစ်ပြီး ယခုအခါ စက်များရောက်ရှိ တပ်ဆင်လျက်ရှိကြောင်း၊ သောက်သုံးရေသန့်စင်ရန်နှင့် ရေကုန်ကြမ်းထုတ်လုပ်မည့် တွံတေးတူးမြောင်း ရေမိုင် ၂ ဒသမ ၁ မိုင်အထိ ခေတ္တာသွယ်တန်းခွင့်ပြုရန်လည်း တင်ပြထားပြီး ယခု ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်းမှ စတင်၍ သောက်သုံးရေသန့်များကို အခမဲ့ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ဒလမြို့ပေါ် ရပ်ကွက်/ကျေးရွာများအားလုံးရှိ သောက်သုံးရေကန်များတွင် မိုးရေသိုလှောင်နိုင်မှု ကောင်းမွန်စေရန်အတွက်လည်း မိုးရာသီအတွင်းကပင် ဆောင်ရွက်ခဲ့ကြောင်း၊ ရေကန်ခြံစည်းရိုး ကာရံထားပေးခြင်းနှင့် ရေကန်အတွင်း ဒိုက်နှင့် မြက်ပင်များ စုပေါင်းရှင်းလင်းခြင်းတို့ကိုလည်း ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် ယခုနှစ်တွင် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ဒေသခံပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေများဖြင့် မြို့နယ်အတွင်း ကျန်စစ်သားရပ်ကွက်ရှိ အလျားပေ ၄၅၀၊ အနံ ၄၃၈ ပေခန့်ရှိသော မင်္ဂလာ(၃/၇) သောက်သုံးရေကန်၊ ရာဇသင်္ကြန်ရပ်ကွက်ရှိ အလျားပေ ၂၈၀၊ အနံပေ ၂၇၀ ခန့်ရှိ သောက်သုံးရေကန်၊ တာကြီးရပ်ကွက်ရှိ ဒေါ်ဖီသောက်သုံးရေကန်၊ မှော်စက်ရပ်ကွက် အမက(၁၀)အနီးရှိ သောက်သုံးရေကန်နှင့် ဗညားဒလရပ်ကွက်အတွင်းရှိ ရေကန်အမှတ်-၁ သောက်သုံးရေကန်တို့ကိုလည်း ရေကန်ကျောက်တိုင်စိုက်ခြင်း၊ ချိန်းလိပ်ကာရံခြင်းတို့ကို ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဒလမြို့နယ်တွင် အိမ်ခြေနှင့် လူဦးရေအများဆုံး နေထိုင်ကြသည့် ကျန်စစ်သားရပ်ကွက်မှ အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးက "ခုလို သောက်သုံးရေကန်များကို လုံခြုံစွာနဲ့ ခြံစည်းရိုးကာရံထားပေးခြင်းကြောင့် စည်းနဲ့ကမ်းနဲ့ရေကို ချွေတာသုံးစွဲရာ ရောက်ပါတယ်၊ ကျွဲ၊ နွားတိရစ္ဆာန်များ ဝင်ရောက်ခြင်းမှလည်း အတားအဆီးအဖြစ်နဲ့ ကာကွယ်နိုင်မှာပါ၊ ရေကန်အနီးမှာ နေထိုင်ကြတဲ့ ဒေသခံပြည်သူများနဲ့ ကလေးတွေလည်း ရေကန်ထဲ အလွယ်တကူပြုတ်ကျမှုက ကင်းဝေးသွားမှာပါ၊ ဒီရပ်ကွက်အတွင်းမှာက သောက်သုံးရေကန် စုစုပေါင်း ခုနစ်ကန်ရှိတယ်၊ ရေကန်ခြံစည်းရိုး ကာရံခြင်းမရှိသေးတဲ့ ရေကန်သုံးကန် ကျန်ရှိနေပြီး ရေကန် လေးကန်ကတော့ ခြံစည်းရိုးကာရံပြီးသွားပါပြီ၊ အိမ်ခြေ ၃၉၈၇ အိမ်၊ လူဦးရေစုစုပေါင်း ၁၅၆၀၀ ကျော် ရှိပါတယ်၊ ဒီနှစ်နွေရာသီမှာတော့ သောက်သုံးရေအတွက် လုံလောက်မှုရှိပါတယ်"ဟု နိုဝင်ဘာ ၂၁ ရက်က ပြောသည်။

ဒလမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများရှိပြည်သူများ၏ သောက်သုံးရေအတွက် အားထားနေရသော ရေကန်များမှာ မြို့ပေါ်ရပ်ကွက် ၂၄ ခု၌ မြေသားရေကန် ၁၁၃ ကန်ရှိပြီး ကျေးရွာများ၌ မြေသားရေကန် ၁၈၉ ကန် စုစုပေါင်း ၃၂၂ ကန် ရှိသည်။ ဒလမြို့နယ်သို့ နေ့စဉ်ရေဖြန့်ဖြူးလျက်ရှိသော တွံတေးမြို့နယ် ရေပေးဝေရေးစခန်းမှ တစ်နေ့လျှင် ရေဂါလန် ၁ ဒသမ ၂သန်း ရရှိပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီ ရေသန့်ဌာနက မြို့ပေါ်ရှိ ရပ်ကွက်များအား ရေဖြန့်ဝေပေးလျက်ရှိကာ ကျေးရွာများ၌မူ မြေသားရေကန်များကိုသာ အဓိကအားထားသောက်သုံးနေကြသည်။

ဒလမြို့နယ်သည် ရေတွင်းတူးလျှင် ရေချိုမထွက်ဘဲ ရေငန်များသာထွက်ရှိသော မြို့နယ်ဖြစ်၍ မိုးရာသီတွင် ရေကန်များ၌သာ သိုလှောင်ပြီး နွေရာသီအတွက် သောက်သုံးနေကြရကာ ယခင်နှစ်များက နှစ်စဉ် တပေါင်း၊ တန်ခူး နွေရာသီကာလရောက်တိုင်း သောက်သုံးရေကန်များ ခမ်းခြောက်မှုနှင့် ရေပြတ်လပ်မှုကို ကြုံတွေ့ခဲ့ရသည်။ ယခုနှစ်တွင်မူ ရေပြတ်လပ်မှုမရှိစေရေး ကြိုတင်ဆောင်ရွက်မှုများကြောင့် နွေရာသီရောက်တိုင်းဒေသခံပြည်သူများစွာတို့ ကြုံတွေ့နေရသော သောက်သုံးရေမလုံလောက်မှု အခက်အခဲများကို ဖြေလျှော့ဆောင်ရွက်ပေးနိုင်လိမ့်မည်ဖြစ်ပေသည်။

**သတင်းနှင့်ဓာတ်ပုံ-နိုင်လင်းကျော်(ဒလ)**




## ရမည်းသင်းတွင် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

**ရမည်းသင်း နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ အမှတ် ၂၈ စက်မှုလယ်ယာဦးစီးဌာနက ကြီးမှူး၍ တောင်သူပညာပေး လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းအမှတ်စဉ်(၁/၂၀၁၇)ဖွင့်ပွဲကို နိုဝင်ဘာ ၁၁ ရက်က ကတင်အုပ်စု ကတင်ကျေးရွာ ကွင်းအမှတ် ၁၀၈၆ သပြေပင်ကွင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ရမည်းသင်းခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မင်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်သန်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် သင်တန်းစည်းကမ်းများကို ပြောကြားကာ လယ်ယာသုံးစက်ကိရိယာများ၏ စွမ်းဆောင်ရည်များအပေါ် တက်ရောက်သူများက မေးမြန်းမှုကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ အဆိုပါသင်တန်းတွင် ကတင်ရွာ၊ လက်ပံတောရွာ၊ အုံးသီးကွဲရွာ၊ သက်ငယ်ခြံ ကျေးရွာတို့မှ သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၂ ရက်ဖြစ်ကာ စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အတ်ကလေး(ရမည်းသင်း)**

# မဟာဗောဓိတစ်ထောင် ထိုင်တော်မူရုပ်ပွားတော်ကြီး၏ မျက်နှာတော်ကို အနုစိတ် တပ်ဆင်ခြယ်မှုန်းနေ

**မုံရွာ နိုဝင်ဘာ ၂၃**

မုံရွာမြို့နယ် မဟာဗောဓိတစ်ထောင် သာသနာ့နယ်မြေ ဗန္ဓုဝတောင်ကုန်းပေါ်တွင် တည်ထားလျက်ရှိသည့် ဉာဏ်တော် ၂၃၄ ပေရှိ လေးကျွန်းစကြာ ထိုင်တော်မူရုပ်ပွားတော်ကြီး၏ မျက်နှာတော်ကို အနုစိတ် တပ်ဆင်ခြယ်မှုန်းမှုများ ဆောင်ရွက်လျက်ရှိကာ ဘုရားကြီးတည်ထားမှု အားလုံးပြီးစီးရန် နောက်ထပ် တစ်နှစ်ကျော်ကြာ အချိန်ယူ တည်ဆောက်သွားရမည်ဖြစ်ကြောင်း သိရသည်။

"ရုပ်တော်မူတည်တုန်းက တက်ရတာမြင့်တဲ့အတွက် လေတိုက်လာပြီဆိုရင် လုပ်ပိုင်ခွင့်မရှိတော့ဘူး၊ ဆင်းလာရတာတွေရှိတယ်၊ အခု ထိုင်တော်မူကတော့ ရပ်တော်မူလောက်မမြင့်တော့ လေမိတာမရှိသေးပါဘူး၊ မျက်နှာတော်ကတော့ ရပ်တော်မူမျက်နှာနဲ့ အားလုံးအတူတူပါပဲ၊ မျက်နှာတော်က ပေ ၄၀ ရှိပါတယ်၊ ထိုင်တော်မူကိုယ်လုံးတော်က ၁၁ ထပ်ရှိပါတယ်၊ ဦးခေါင်းတော်ထဲက ငါးထပ်ကတော့ တက်လို့မရဘူးပေါ့၊ အလုံးစုံအပြီးထိဆိုရင်တော့ နောက်ထပ် တစ်နှစ်ကျော်ကတော့ လုပ်ရဦးမှာပါ၊ လုပ်ရတာအခက်အခဲတော့ မရှိပါဘူး၊ ပုံမှန်ကတော့ နေ့စဉ် တည်ဆောက်ရေးတွေ လုပ်နေပါတယ်၊ ဆရာတော်တွေကလည်း အလှူရှင်ပေါ်ရင်ပေါ်သလို တောက်လျှောက်လုပ်နေပါတယ်"ဟု ဦးစီးပန်းရံဆရာကြီး ဦးမြင့်လေးက ပြောသည်။

ထိုင်တော်မူဘုရားကြီးတည်ထားမည့် ဗန္ဓုဝတောင်ကုန်း မြေနေရာကို မဟာဗောဓိတထောင် ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်ကတည်းက နေရာသတ်မှတ်ပေးတော်မူခဲ့ခြင်းဖြစ်ကာ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၆ ရက်က မြေသန့်ပရိတ်ရွတ်ပြီး ဇန်နဝါရီ ၂၄ ရက်တွင် ပန္နက်တော်တင်ခဲ့သည်။ ထို့နောက် ဘုရားကြီးတွင်းတော်ဝန်းမင်္ဂလာကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြုလုပ်ခဲ့ပြီး အုတ်မြစ်ကျင်းကို ၂၀၁၄ မေ ၁၇ ရက်တွင် စတင် တူးဖော်ခဲ့သည်။

ထိုင်တော်မူဘုရားကြီးတွင် ၂၀၁၅ ခုနှစ် မတ် ၂၂ ရက်က ပထမအကြိမ်ဌာပနာနှင့် ၂၀၁၆ ဖေဖော်ဝါရီ ၂၂ ရက်က ဒုတိယအကြိမ်ဌာပနာတို့ကို ထည့်သွင်းခဲ့ပြီးဖြစ်သလို ယခု ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်ကလည်း ဘုရားကြီးဦးခေါင်းတော်အတွင်း အထက်ဌာပနာတော်သွင်းခဲ့ကြောင်း ထိုင်တော်မူဘုရားကြီး မှတ်တမ်းများအရ သိရသည်။

"ထိုင်တော်မူရုပ်ပွားတော်ကြီး တည်နေတာ အနုစိတ်အပိုင်း ရောက်နေပါပြီ၊ အနုစိတ်က ပိုကြာတာ၊ အကြမ်းထည်ကမကြာဘူး၊ အလှူငွေရမှ ဖြည်းဖြည်းချင်း လုပ်နေရတာပါ၊ လက်ရှိမှာ ဦးခေါင်းတော်မှာ ဖိုက်ဘာတွေတပ်နေပါတယ်၊ ဦးခေါင်းတော်က ဆံလုံးတော်တွေ မကြာခင် တပ်တော့မှာပါ၊ ခေါင်းတော်ကို ငြမ်းဆင်ပြီးတော့ ခေါင်းတော်ကို နှစ်လှ္ဘလောက် အနုစိတ် ကိုင်ရဦးမှာပါ၊ အခုက ဖိုက်ဘာအပြားတွေဆက်ပြီး ဆက်ကြောင်းတွေဖြတ်ထုတ်တာ ဖာတာတွေလုပ်ပြီး အချောကိုင်နေပါတယ်" ဟု ဗောဓိတထောင် ဆရာတော်တစ်ပါးဖြစ်သည့် ဦးဝိစိတ္တက မိန့်ကြားသည်။



**မျိုးဝင်းထွန်း(မုံရွာ)**



## မြင်းခြံမြို့နယ်မှ ကျေးရွာသုံးရွာ မီးလင်းပြီ

**မြင်းခြံ နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်းရှိ ဥဒယကျေးရွာ ၊ သရက္ကန်ကျေးရွာနှင့် ဂင့်ဂဲကျေးရွာများတွင် ဆောင်ရွက်ခဲ့သော မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို နိုဝင်ဘာ ၂၁ ရက်က ကျင်းပခဲ့ပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဖွင့်လှစ်ပေးခဲ့သည်။

ဥဒယကျေးရွာ မီးလင်းရေးလုပ်ငန်း ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ်နှင့် အလှူရှင် စာရေးဆရာမ ဒေါ်ခင်ခင်ထူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ခရိုင်လျှပ်စစ်မန်နေဂျာ ဦးမြသောင်းက ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ခဲ့ပုံအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်လွင်က လျှပ်စစ်အန္တရာယ်အကြောင်း သိကောင်းစရာများကို ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားပြီး ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်သည် သရက္ကန်ကျေးရွာသို့ ဆက်လက်သွားရောက်ပြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ်တို့က မီးလင်းရေးလုပ်ငန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဂင့်ဂဲကျေးရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို သွားရောက်ဖွင့်လှစ်ပေးခဲ့ပြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက ကျေးရွာမီးလင်းရေးလုပ်ငန်း ဆောင်ရွက်ခဲ့ပုံကို ရှင်းလင်းတင်ပြခဲ့သည်။

ကျေးရွာများတွင် မီးလင်းရေးလုပ်ငန်းဆောင်ရွက်ရာ၌ ဥဒယကျေးရွာတွင် ၁၁/၀.၄ ကေဗွီ ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးဖြင့် အိမ်ခြေ ၁၃၄ အိမ်၊ သရက္ကန်ကျေးရွာတွင် အိမ်ခြေ ၄၉ အိမ်၊ ဂင့်ဂဲကျေးရွာတွင် ၁၁/၀.၄ကေဗွီ ၊ ၃၁၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံးဖြင့် အိမ်ခြေ ၂၁၀ အိမ်တို့ကို မီးပေးနိုင်ပြီဖြစ်ကာ မြင်းခြံမြို့နယ်တစ်ခုလုံးတွင် အဆိုပါ ရွာသုံးရွာအပါအဝင် နိုင်ငံတော်ဓာတ်အားလိုင်းဖြင့် ချိတ်ဆက်၍ လျှပ်စစ်မီးရရှိနေသော ကျေးရွာပေါင်း ၆၃ ရွာ ရှိပြီဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း ၈၅ ရာခိုင်နှုန်းပြီးစီး

**ပုလဲ နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအခြေပြု ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက် ထိုးနှံခြင်းလုပ်ငန်းကို ကျန်းမာရေးဝန်ထမ်းများက နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းမှစတင်၍ စာသင်ကျောင်းများသို့ကွင်းဆင်းပြီး ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၀ ရက်အထိ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မိုးနိုင်၏ ပြောကြားချက်အရ သိရသည်။

ပုလဲမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၁၉၂ ကျောင်း၌ အသက်ငါးနှစ်မှ ၁၅နှစ်အထိ ကျောင်းသား ကျောင်းသူ ၂၅၇၄၂ ဦး ရှိသည့်အနက် အခြေခံပညာကျောင်း ၁၇၅ ကျောင်းသို့ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကာကွယ်ဆေးထိုးအဖွဲ့ ၄၂ ဖွဲ့က နိုဝင်ဘာ ၁၅ ရက်မှစ၍ ကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံပေးလျက်ရှိရာ ၂၀ ရက်အထိ ကျောင်းသား ကျောင်းသူ ၂၁၈၈၈ ဦးအား ကျောင်းအခြေပြု ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်၍ တစ်မြို့နယ်လုံး လွှမ်းခြုံမှုအနေဖြင့် ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်းနှင့် ကျန်ရှိနေသည့် ကျောင်းများသို့လည်း ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို အရှိန်တိုးမြှင့်ကာ အချိန်မီ ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပုလဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မိုးနိုင်က "ဂျပန်ဦးနှောက်ရောင်ရောဂါဟာ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်သော်လည်း အဓိကအားဖြင့် ကလေးတွေမှာ ဖြစ်ပွားလေ့ရှိပါတယ်၊ မြန်မာနိုင်ငံမှာတော့ အသက် ၁၅ နှစ်အောက် ကလေးတွေမှာ အများဆုံးဖြစ်တာ တွေ့ရှိရပြီး ဂျပန်ဦးနှောက်ရောင်ရောဂါ ဗိုင်းရပ်စ်ပိုးသယ်ဆောင်လာတဲ့ ခြင်ကနေ တစ်ဆင့်ကူးစက်ပါတယ်၊ ခြင်ကိုက်ခံရပြီး ဂျပန်ဦးနှောက်ရောဂါဗိုင်းရပ်စ်ပိုး ကူးစက်ခံရရင် ဦးနှောင်ရောင်ရမ်းပြီး ဦးနှောက်နှင့် ကျောရိုးနာဗ်ကြောမ အပါအဝင် ဗဟိုအာရုံကြောစနစ် အစိတ်အပိုင်းများကို ထိခိုက်စေနိုင်ပါတယ်၊ ရောဂါအခြေအနေ ဆိုးရွားလာတဲ့အခါ စိတ်ရှုပ်ထွေး တွေဝေခြင်း၊ တက်ခြင်း၊ အကြောဆွဲခြင်းများ ဖြစ်ပွားနိုင်ပြီး တချို့လူနာတွေကတော့ သတိလစ်မေ့မြောခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါတယ်"ဟု ပြောကြားသည်။

**မင်းခန့်စိုး (ဇေယျာမြေ)**



**နိုဝင်ဘာ ၁၉ ရက်က ဝန်းသိုမြို့နယ် နမ်းခမ်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ မူခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲပြုလုပ်ခဲ့ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခင်မောင်သန်းက ကျန်းမာရေးဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဦးက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် အသိပညာပေး ရှင်းလင်းစဉ်။**
မြို့နယ် (ပြန်/ဆက်)

## စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ ပညာပေးဆွေးနွေး

**ပြည် နိုဝင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်တွင် တောင်သူများစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ပညာပေးစာစောင် ဖြန့်ဝေခြင်းနှင့် ပညာပေးဟောပြောဆွေးနွေးပွဲကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ နိုဝင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်မင်းဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ငွေ၊ မြို့နယ်ကျေးလက်ဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တောင်သူများ တက်ရောက်ကြပြီး စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ ပညာပေးစာစောင်များဖြန့်ဝေကာ ပညာပေးဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်နေ့ အခမ်းအနားကျင်းပ

**ချောင်းဆုံ နိုဝင်ဘာ ၂၃**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကျွန်းသာယာခန်းမ၌ (၂၈)ကြိမ်မြောက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် အထိမ်းအမှတ်နေ့ အခမ်းအနားကို နိုဝင်ဘာ ၂၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ ချောင်းဆုံမြို့နယ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဝင်များ၊ CBO အဖွဲ့ဝင်များ၊ ကလေးအဖွဲ့များ၊ ရွှေကျွန်းသာကွန်ရက်အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ပြီး မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်က အမှာစကားပြောကြားကာ မြို့နယ်ပညာရေးမှူး ဦးခင်လှက ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် (Convention on the rights of the child) ပေါ်ပေါက်လာပုံနှင့် လုပ်ဆောင်ချက်များ၊ မြန်မာနိုင်ငံအတွင်း ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကလေးအဖွဲ့များက တေးသီချင်းများ၊ တပင်တိုင်အငြိမ့်၊ မွန်ရိုးရာ ယိမ်းအက၊ ကရင်ဒုံးအက၊ တေးသရုပ်ဖော် ပြဇာတ်များဖြင့် ဖျော်ဖြေခဲ့ပြီး ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ (Level 3) အဆင့်ကို ဆက်လက်ယှဉ်ပြိုင်ခဲ့ကာ ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူလေးများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# နေရောင်ပြအင်း ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီး ထီးတော်တင်ပွဲကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၂၃**

နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်အတွင်း ပျဉ်းမနားမြို့နှင့် သုံးမိုင်ခန့်အကွာရှိ နေရောင်ပြအင်းထဲတွင် တည်ထားကိုးကွယ်သော ဘဏ်တော် ၁၀၈ တောင်အမြင့်ဆောင်သည့် နေရောင်ပြအင်း ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီးအား ရွှေထီးတော်အထွဋ်တင်လှူပွဲကို ဇန်နဝါရီ ၄ ရက်နှင့် ၅ရက်(ပြာသိုလပြည့်ကျော် ၃ ရက်နှင့် ၄ ရက်)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေထီးတော်အထွဋ်တင်လှူမည့် နံနက်ပိုင်းတွင် ဘုရားအနေကဇာတင် အခမ်းအနားနှင့် မွန်းလွဲပိုင်းတွင် သံဃာတော်အရှင်သူမြတ်တို့အား စေတနာရှင်အလှူရှင်များနှင့် ဒေသခံပြည်သူများက ဆွမ်းဆန်စိမ်းလောင်းလှူပွဲတို့ကို ကျင်းပသွားမည်ဖြစ်ပြီး ရွှေထီးတော်တင်လှူပွဲ အောင်ပွဲအထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၅ ရက်မှ ၇ ရက်အထိ ဇာတ်သဘင်အဖွဲ့များဖြင့် ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ နေရောင်ပြအင်း ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီးအား ဆက်ကပ်တင်လှူပူဇော်မည့် ရွှေထီးတော်မြတ်ကြီးမှာ အချင်း ၉ ပေ၊ အမြင့် ၂၇ ပေရှိကြောင်း သိရသည်။ **ထွန်းထွန်းဝင်း**



# ကချင်ပြည်နယ်အစိုးရက စီစဉ်ဖွင့်လှစ်သည့် ICT & Cyber Security သင်တန်းဆင်း

**မြစ်ကြီးနား နိုဝင်ဘာ ၂၃**

ကချင်ပြည်နယ်အတွင်းရှိ ပြည်သူ့ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများနှင့် အစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် အင်တာနက်အသုံးပြု၍ လုံခြုံထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးနှင့် ICT နည်းပညာရပ်များတွင် အခြေခံကောင်းများ ရရှိစေရန် ရည်ရွယ်၍ ပြည်နယ်အစိုးရအဖွဲ့မှ စီစဉ်ဖွင့်လှစ်ပေးခဲ့သည့် ICT & Cyber Security Training သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၁ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆင်ဝါးနောင်ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က သင်တန်းသားများအား သင်တန်းတွင် လေ့လာသိရှိခဲ့သည့် နည်းပညာ အသိပညာရပ်များနှင့် ဗဟုသုတများကို ပြန်လည်အသုံးချတတ်အောင် မကြာခဏ လေ့ကျင့်သွားကြရန်၊ သိရှိထားသည့်အရာများကို ပိုမိုသိအောင် လေ့ကျင့်သွားကြရန် တိုက်တွန်းမှာကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် The Door Institute မှ သင်တန်းဆရာများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြကာ သင်တန်းဆရာ အောင်ကိုကိုစောက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ သင်တန်းသို့ ကချင်ပြည်နယ်အတွင်းရှိ ဦးစီးဌာနများနှင့် တပ်ရင်းတပ်ဖွဲ့များမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် The Door Institute သင်တန်းဆရာများက နိုဝင်ဘာ ၁၄ ရက်မှ ၂၁ ရက်အထိ တစ်ပတ်ကြာ သင်ကြားပို့ချခဲ့ကာ ဘာသာရပ်များအနေဖြင့် ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် အရေးပါသည့် သတင်းအချက်အလက်များ မပေါက်ကြားစေရန် လုံခြုံရေးနည်းလမ်းများ၊ စာရွက်စာတမ်းများကို သိမ်းဆည်းကာကွယ်ရန် နည်းလမ်းများ၊ အင်တာနက်၊ အီးမေးလ်အသုံးပြု၍ လုပ်ငန်းများကို လျင်မြန်ချောမွေ့လုံခြုံစွာ ဆောင်ရွက်နိုင်သည့် နည်းလမ်းများ စသည်တို့ ပါဝင်ခဲ့ကြောင်း သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**




# သထုံမြို့နယ်အတွင်း စပါးအထွက်နှုန်း ယခင်နှစ်ထက်တိုးလာနိုင်

**သုဝဏ္ဏဝတီ နိုဝင်ဘာ ၂၃**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ အနီးပတ်ဝန်းကျင် ဒေသများတွင် စပါးများ စတင်ရိတ်သိမ်းလျက်ရှိရာ ယခုနှစ်စပါးရိတ်သိမ်းချိန်ကာလ၌ စပါးအထွက်နှုန်းသည် ယခင်နှစ်ကထက် အထွက်နှုန်းတိုးလာနိုင်ကြောင်း စပါးစိုက်တောင်သူလယ်သမားများထံမှ သိရသည်။

"မနှစ်ကထက် ဒီနှစ် စပါးပိုမယ်လို့ထင်တယ်၊ အမြင့်ပိုင်း ကုန်းမြင့်မှာရှိတဲ့ စပါးစိုက်ခင်းတွေကကောင်းတယ်၊ အနိမ့်ပိုင်းစိုက်ခင်းတွေကလည်း ဒီနှစ်မှာ အရင်လို ရေခဏခဏမကြီးတော့ အထွက်နှုန်းပုံမှန်ပါပဲ၊ ကျွန်တော့်စိုက်ခင်းကို ပျိုးကြဲစိုက်နည်းနဲ့ စိုက်တယ်၊ အရင်ကတော့ တစ်ဧက တင်း ၆၀ လောက် ထွက်ပေမယ့် မနှစ်ကတင်း ၄၀ ရတယ်၊ ဒီနှစ်ကတော့ တင်း ၅၀ လောက် ရမယ်ထင်တယ်၊ လူအားနဲ့ပဲ ရိတ်သိမ်းတယ်၊ ဒီဘက်နယ်မှာတော့ ခြွေလှေ့စက်နဲ့ရိတ်သိမ်းတာနည်းတယ်၊ လုပ်သားရှားပါးပေမယ့် ဒီလိုပဲ စရိတ်အကုန်အကျခံ ရိတ်သိမ်းရတယ်" ဟု သိမ်ဆိပ်ရပ်ကွက်မှ လယ်မြေ ၁၀ ဧကလုပ်ကိုင်သူတစ်ဦးက ပြောသည်။



သထုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး စောခင်ကျော်မြင့်ကလည်း မြို့နယ်အတွင်း ယခုနှစ် စပါးစိုက်ပျိုးရာတွင် စိုက်ခင်းဧက အရေအတွက်များ၍ ကြဲခင်းဧကနည်းပြီး စုစုပေါင်းစပါး စိုက်ဧကမှာ ၁၃၁၄၁၆ ဧက ရှိကြောင်း၊ ယခင်နှစ်က စပါးအထွက်နှုန်းမှာ ပျမ်းမျှတစ်ဧကလျှင် ၆၇ ဒသမ ၆၅ တင်း ထွက်ရှိပြီး ယခုနှစ်အတွင်း ရိတ်သိမ်းချိန် မပြီးပြတ်သေးသည့်အတွက် အထွက်နှုန်းကိုအတိအကျမသိရသေးသော်လည်း ရေကြီးခြင်းနှင့် သဘာဝဘေးအန္တရာယ်ဒဏ် ခံရမှု၊ သီးနှံဖျက်ပိုးဒဏ် ခံရမှုမှာ ယခင်နှစ်ထက်နည်းသောကြောင့် ယခုနှစ်တွင် စပါးအထွက်တိုးမည်ဖြစ်ကြောင်း ပြောသည်။

သထုံမြို့နယ်အတွင်း သုဝဏ္ဏဝတီမြို့ ဝန်းကျင်မှ ပင်လယ်နှင့်နီးသော အောက်ကွင်းဒေသများဖြစ်သည့် ကတိုက်ကြီး၊ ကတိုက်လေး၊ ဆိပ်ကျွန်း၊ မရမ်းကုန်း၊ နူကတိုက် စသော အောက်ကွင်းကျေးရွာအုပ်စုအတွင်းရှိ စပါးစိုက်တောင်သူများအနေဖြင့်မူ ကုန်ကျစရိတ်သက်သာသော စပါးပျိုးကြဲစိုက်နည်းကိုသာ အသုံးပြုစိုက်ပျိုးသူများပြီး ကုန်ကျစားရိတ်များသော စိုက်ခင်းပြောင်းနည်းဖြင့် စိုက်သူအနည်းငယ်သာရှိကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

# လူထုအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲမှု သဘောသဘာဝနှင့် လုပ်ငန်းအစီအစဉ်များ အလုပ်ရုံဆွေးနွေး

**ထန်တလန် နိုဝင်ဘာ ၂၃**

ချင်းပြည်နယ် ထန်တလန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့(Network Activities Group-NAG) တို့ ပူးပေါင်းဆောင်ရွက်သော ချင်းပြည်နယ် အသက်မွေးဝမ်းကျောင်းပြန်လည်ထူထောင်ရေး အရေးပေါ်ကူညီထောက်ပံ့မှုစီမံကိန်း၏ လူထုအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲမှုသဘောသဘာဝနှင့် လုပ်ငန်းအစီအစဉ်များ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၁ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။




ဆွေးနွေးပွဲသို့မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးဦးစွမ်းထက်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးလျန်ကျင့်ခိုင်တို့က အမှာစကားပြောကြားကာ NAG မှ ဦးထောင်မုန်းက ချင်းပြည်နယ် အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေး အရေးပေါ်ထောက်ပံ့မှုစီမံကိန်း၏ လူထုအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲမှု သဘောသဘာဝနှင့် လုပ်ငန်းအစီအစဉ်များကို ချပြရှင်းလင်းခဲ့သည်။

၂၀၁၅ ခုနှစ် ဇွန်လက Komen ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုအနက် ၁၂ ခုတွင် ရေလွှမ်းမိုးမှုကြုံခဲ့ရပြီး ကြီးမားသော ထိခိုက်ပျက်စီးမှုများရှိခဲ့ရာ လူဦးရေပေါင်း ၁ ဒသမ ၆ သန်းမှာ နေရာရွှေ့ပြောင်းခဲ့ကြရပြီး ၁၃၂ ဦး အသက်ဆုံးရှုံးခဲ့ရသည်။ အဆိုပါ သဘာဝဘေးအန္တရာယ်ကြောင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်ခုမှ ကျေးရွာပေါင်း ၁၅၂ ရွာတွင် ထိခိုက်ပျက်စီးမှုများရှိခဲ့ပြီး လယ်ယာမြေများ၊ ငါးမွေးကန်များ၊ သစ်တောများအပြင် အသက်မွေးဝမ်းကျောင်းနှင့် ဆက်စပ်သော အခြားအဖိုးတန်အရာများလည်း ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# အခြေခံမော်တာစက်ချုပ် သင်တန်းတွင် ထူးချွန်သူများအား စက်တစ်လုံးစီ ပေးအပ်ချီးမြှင့်

**ဘားအံ နိုဝင်ဘာ ၂၃**

ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အခြေခံမော်တာစက်ချုပ်သင်တန်းဆင်းပွဲကို ဘားအံမြို့အဆိုပါရုံးတွင် နိုဝင်ဘာ ၂၁ ရက်က ကျင်းပခဲ့ပြီး သင်တန်းတွင် ထူးချွန်သူများအား အပ်ချုပ်စက်တစ်လုံးစီကို ဆုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ် စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုများရရှိသော သင်တန်းသူသုံးဦးအား အပ်ချုပ်စက်တစ်လုံးစီ ပေးအပ်ချီးမြှင့်ကာ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ချစ်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါသင်တန်းကို ဒေသတွင်းရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်နှင့် ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့ကာ သင်တန်းသို့ ကရင်ပြည်နယ်အတွင်းရှိ ကျေးရွာများမှ အမျိုးသမီးငယ် ၃၅ ဦး တက်ရောက်ခဲ့ပြီး ခြောက်ပတ်တာ သင်တန်းကာလအတွင်း အခြေခံစက်ချုပ်နည်းနှင့် အဝတ်အထည်များ ချုပ်နည်းအမျိုးမျိုးကို စာတွေ့လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၇ ခုနှစ်အတွင်း အဆင့်မြင့်စက်ချုပ်သင်တန်းကို ငါးကြိမ်ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယနေ့အချိန်ထိ သင်တန်းသူ ၂၀၀ ခန့်ကို အလုပ်အကိုင် အခွင့်အလမ်းများရရှိအောင် သင်ကြားပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ အဆိုပါသင်တန်းများတွင် ထူးချွန်သူများကိုလည်း လိုအပ်သော အပ်ချုပ်စက်နှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**



*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။*

*(စာတည်းအဖွဲ့)*

# နေပြည်တော်ရောက် တောင်ပေါ်သား၏ ရင်ခုန်သံ
# မြန်မာနိုင်ငံ လူမှုအဖွဲ့အစည်းနှင့် ပေါင်းဆုံခြင်း သီအိုရီ

**== လုံဂျုံဆန်မိုင် ==**

ပါလီမန်အမတ်ဖြစ်တာ၊ လွှတ်တော်ထဲရောက်တာ နှစ်နှစ်ပြည့်တော့မည်။ ဤ နှစ်နှစ်အတွင်း မိမိဘာလုပ်ခဲ့သလဲ၊ ဘယ်လောက်အရာရောက်ခဲ့သလဲ၊ ဘယ်လိုသရုပ်ဆောင်ခဲ့သလဲ ဆိုတာကို မေးခွန်းထုတ်မိသည်။ မိမိ၏ မဲဆန္ဒရှင်တွေအပေါ်၊ မိမိဒေသ လူထုအပေါ်၊ နိုင်ငံတော်အပေါ်၊ ပုထုဇဉ် လူသားသမိုင်းအပေါ် မည်ရွေ့မည်မျှ တာဝန်ကျေခဲ့သလဲဆိုတာကို မေးခွန်းထုတ်မိ၏။

ဤမေးခွန်း၏အဖြေကား မိမိသည် သာမန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ရောယောင်လိုက်ပါ သရုပ်ဆောင်နေရသည့် အဆင့်မှာပဲ ရှိသေးသည်ဟူ၍ ဖြစ်ပါ၏။

ရိုးရိုးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးပင် ဖြစ်စေကာမူ မိမိ၏မဲဆန္ဒနယ် မြို့နယ်တစ်ခုကို ကိုယ်စားပြုပြီး တစ်တိုင်းပြည်လုံး၏ ကံကြမ္မာကို စုပေါင်းစဉ်းစား ဆွေးနွေးအဖြေရှာဆုံးဖြတ်ကြရသော ပါလီမန်အမတ် ဖြစ်နေပါသဖြင့် ပါလီမန်၏လက္ခဏာ၊ ဖွဲ့စည်းပုံအနှစ်သာရ ဦးတည်ချက်များကိုတော့ ထိတွေ့သိရှိ တာဝန်ယူရမည်ဟု မှတ်ယူရပါ၏။

**ပေါင်းဆုံခြင်း သီအိုရီ**

မြန်မာနိုင်ငံ သမိုင်းအခြေအနေနှင့် တိုက်ဆိုင်နေသဖြင့် မှတ်မိသလောက်သော ပေါင်းဆုံခြင်းသီအိုရီကို တင်ပြလိုပါသည်။

၁၉၇၂ ခုနှစ် ရန်ကုန်တက္ကသိုလ် သုတေသနစာတမ်းဖတ်ပွဲတစ်ခုတွင် ဒေါက်တာသန်းနိုင်က ‘ပေါင်းဆုံခြင်းသီအိုရီ’ (Convergence Theory)ကို ဖတ်ခဲ့ပါသည်။ ဒေါက်တာသန်းနိုင်သည် ထိုစဉ်က ဆိုဗီယက်ယူနီယံမှ ဒဿနိကဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ယူခဲ့သော ရန်ကုန်တက္ကသိုလ် ဒဿနိကဌာနမှ နည်းပြဖြစ်ပါသည်။ ခပေါင်းအဆောင်မှူးလည်း ဖြစ်ပါသည်။ စာရေးသူသည် ထိုစဉ်က ခပေါင်းအဆောင်နေကျောင်းသား ဖြစ်ခဲ့ပါသည်။ ၄၅ နှစ်ဆိုသောကာလ ကြာခဲ့ပြီဖြစ်သဖြင့် ဒေါက်တာသန်းနိုင် ဖတ်ကြားရှင်းလင်းခဲ့သော (Convergence Theory)၏ အချက်အလက်အားလုံးကို မမှတ်မိတော့ပါ။ အခြေခံသဘောတရား အယူအဆလောက်ကိုကား ကောင်းစွာမှတ်မိပါ၏။

ဒေါက်တာသန်းနိုင်တင်ပြသော စာတမ်း၏ အနှစ်သာရမှာ-အမေရိကနှင့် ဥရောပတိုက်ရှိ နိုင်ငံရေး သုတေသီလောကတွင် Convergence Theory (ပေါင်းဆုံခြင်းသီအိုရီ) ဆိုတာ ခေတ်စားနေကြောင်း၊ ဤသီအိုရီ၏ တင်ပြချက်မှာ ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်သည် သမိုင်းခေတ်ကာလတစ်ခုတွင် အားပြိုင်ပြီး ခရီးသွားနေပေမယ့် သမိုင်းရေစီးကြောင်း၏ ဆုံချက်တစ်ခုတွင် ပေါင်းဆုံနိုင်ကြောင်း သို့တည်းမဟုတ် ပေါင်းဆုံဖို့အတွက် ဦးတည်နေကြောင်းဟူ၍ ဖြစ်ပါ၏။

ဥပမာအချက်အလက်အားဖြင့် အရင်းရှင်စနစ်လက်အောက်ရှိကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းများမှ မန်နေဂျာများ၊ ဝန်ထမ်းများ၊ အလုပ်သမားများအနေဖြင့် မိမိဝင်ငွေထဲမှ အစုရှယ်ယာများ ဝယ်ယူခြင်း၊ ပိုင်ဆိုင်မှုအခွင့်ရေးများ ရှိလာခြင်းတို့ကြောင့် အစုရှယ်ယာရှင်များ၊ လုပ်ငန်းရှင်များ ဖြစ်လာနိုင်သည့် အခွင့်အရေးများရှိလာခြင်းတို့ဖြစ်ကြောင်း စသည်တို့ ဖြစ်ပါ၏။

ဒေါက်တာသန်းနိုင်က Convergence Theory ကို မှားယွင်းကြောင်း - ငြင်းဆန်ကြောင်း တင်ပြထားပါသည်။ ဆိုရှယ်လစ်ဝါဒ၏ အရင်းခံ အချက်အလက်များ ဖြစ်သည့်
(၁) အလုပ်သမားလူတန်းစား၏ ခေါင်းဆောင်မှုနှင့် လူတန်းစားများ၏ အဆင့်နေရာများ
(၂) အရင်းအနှီးနှင့်လုပ်အား၏ ယူနစ်များ
(၃) လုပ်အားယူနစ်များ သတ်မှတ်မှုနှင့် လုပ်အားတန်ဖိုးများ
(၄) လုပ်အားတန်ဖိုးခွဲဝေမှုနှင့် အပိုတန်ဖိုး ရယူခွဲဝေမှုစနစ်များအကြောင်း ပါရှိခြင်း/မရှိခြင်းကိုကား မမှတ်မိတော့ပါ။

ဒေါက်တာသန်းနိုင်၏ အဆိုအရ ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်သည် ပေါင်းဆုံနိုင်မည်မဟုတ်ကြောင်း၊ ဆိုရှယ်လစ်စနစ်ကသာ အောင်ပွဲခံနိုင်မည်ဖြစ်ကြောင်းဟူ၍ ဖြစ်ပါ၏။

၁၉၇၂ ခုနှစ်ကာလသည် တရုတ်ပြည်တွင် မော်စီတုန်းနှင့် ချူအင်လိုင်း သက်ရှိထင်ရှားရှိနေတုန်း၊ ယဉ်ကျေးမှုတော်လှန်ရေး၏ အငွေ့အသက် တောက်လောင်နေတုန်းကာလ ဖြစ်ပါ၏။ ကမ္ဘာ့နိုင်ငံရေးလောကတွင် အရှေ့အုပ်စုနှင့် အနောက်အုပ်စု၏ အားပြိုင်မှု အားကောင်းနေတုန်းခေတ် ဖြစ်ပါ၏။ အမိရန်ကုန်တက္ကသိုလ်တွင် ငယ်ရွယ်နုပျိုခဲ့ဖူးသော ကျွန်တော်တို့ လက်ဝဲပေါက်စ ကျောင်းသားများက ဒေါက်တာသန်းနိုင်၏ အယူအဆကို အားရလက်ခံ ထောက်ခံခဲ့ဖူးပါ၏။

**မျက်မှောက်ကမ္ဘာနှင့် ဆိုရှယ်လစ်ဝါဒ**

၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့သော တရုတ်ကွန်မြူနစ်ပါတီ၏ (၁၉)ကြိမ်မြောက် ကွန်ဂရက်တွင် တရုတ်သမ္မတ ရှီကျင်းပင်က မာ့က်လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်နှင့် တရုတ်ပြည် လက်တွေ့ဘဝအခြေအနေနှင့် ပေါင်းစပ်သော ဆိုရှယ်လစ်တော်လှန်ရေး၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်ရေးကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အစီရင်ခံစာ တင်သွင်းခဲ့ပါသည်။

ရန်ကုန်တက္ကသိုလ်တွင် နိုင်ငံရေးအရ ငယ်ရွယ်နုပျိုခဲ့ဖူးသော ကျွန်တော်တို့ လက်ဝဲကျောင်းသားများသည် မာ့က်စ်လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်ကို စိတ်ဝင်စား လေ့လာခဲ့ပါသည်။ နားလည်အောင် ကြိုးစားခဲ့ပါသည်။ မြန်မာနိုင်ငံ၏ မော်စီတုန်းတွေဖြစ်အောင် စိတ်ကူးယဉ်ခဲ့ဖူးပါသည်။

> **“ယနေ့မြန်မာနိုင်ငံ လူမှုအဖွဲ့အစည်းတွင် သုံးနှုန်းနေသော ခေတ်စားနေသော စကားတစ်ခု ရှိပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေး သို့မဟုတ် အမျိုးသားရင်ကြားစေ့ရေး (National Conciliation) ဖြစ်ပါ၏။ မတူညီသည့် နိုင်ငံရေးအုပ်စု၊ မတူညီသည့် ကိုယ်စားပြုမှု၊ မတူညီသည့် နိုင်ငံရေးလမ်းကြောင်း ရှိနေ၍ ဖြစ်ပါ၏။ အမျိုးသားရင်ကြားစေ့ရေးသည် ပြည်သူတစ်ရပ်လုံးက လိုလားတောင့်တနေသည့် သက်ဆိုင်ရာ Stake-holder များကို တောင်းဆိုနေသည့်၊ မျှော်လင့်နေသည့်၊ ပန်ကြားနေသည့် မျှော်လင့်ချက်ဖြစ်ပါ၏”**

ငြိမ်းချမ်းသော လူမှုဘဝပေါ် အခြေခံပြီး ဆိုရှယ်လစ်စီးပွားရေးစနစ်တည်ဆောက်ရေး အတွေ့အကြုံကိုကား ကျွန်တော်တို့ မမီနိုင်ခဲ့ပါ၊ မမီသေးပါ။ ယနေ့ တရုတ်နိုင်ငံသည် ဆိုရှယ်လစ်စနစ် မည်ရွေ့မည်မျှ ‘စစ်’ သေးသည်ကိုလည်း စံချိန်စံညွှန်း သတ်မှတ်ဖို့ ဉာဏ်မမီပါ။

တိန့်ရှောင်ဖိန်က ကြောင်ဖြူဖြစ်စေ ကြောင်မည်းဖြစ်စေ ကြွက်ခုတ်တတ်ဖို့ အရေးကြီးသည်ဟု ဆိုခဲ့ဖူးသလို တရုတ်သမ္မတ ကျန်ဇီမင်းကလည်း ယနေ့ တရုတ်နိုင်ငံ ဆိုရှယ်လစ်စနစ်၏ အနေအထားအရ တိုင်းရင်းသား အရင်းရှင်တွေကို ကွန်မြူနစ်ပါတီဝင်အဖြစ် လက်ခံသင့်ကြောင်း ထုတ်ဖော်ပြောဆိုဖူးသည်ဟု မှတ်မိပါသည်။

ယနေ့ တရုတ်ပြည်ကွန်မြူနစ်ပါတီ၏ ပါတီစည်းကမ်းထိန်းသိမ်းရေးလုပ်ငန်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်း မည်၍မည်မျှ အောင်မြင်မှု ရှိ/မရှိ၊ တရုတ်ပြည် လူမှုအဖွဲ့အစည်းအတွင်းတွင် လူတန်းစားများ၏ ဦးဆောင်မှုအခန်းနှင့် အဆင့်နေရာများ မည်သို့မည်ပုံရှိခြင်းကိုလည်း လေ့လာ၍ အလျဉ်မမီတော့ပါ။

မြောက်ကိုရီးယားနိုင်ငံနှင့် ငယ်ရွယ်နုပျိုခဲ့စဉ်က ကျွန်တော်တို့၏ ဇာတ်လိုက်တွေဖြစ်ခဲ့ကြသော ဖီဒယ်ကက်စထရိုနှင့် ချေဂွေဗားရားတို့၏ နိုင်ငံရေးဇာတိမြေဖြစ်သော ကျူးဘားနိုင်ငံတို့ ဘယ်အတိုင်းအတာအထိ ဆိုရှယ်လစ် စစ်သေးသည်ကိုလည်း လေ့လာဆန်းစစ်ဖို့ မမီနိုင်တော့ပါ။

ရုရှားနှင့် အရှေ့ဥရောပနိုင်ငံတွေက နိုင်ငံရေးအသွေးအရောင် ပြောင်းခဲ့သည်မှာ ထင်ရှားခဲ့ပြီးဖြစ်ပါသည်။ ဆိုရှယ်လစ်နိုင်ငံတွေအဖြစ် မိမိကိုယ်ကို ခေါ်ဝေါ်သတ်မှတ်နေသေးသော တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့၏ စီးပွားရေးလမ်းညွှန်ချက်မှာ ဆိုရှယ်လစ် ဈေးကွက်စီးပွားရေးပင် ဖြစ်ပါ၏။

ဤနေရာ၌ ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးစနစ်သည် ဒေါက်တာသန်းနိုင် ထောက်ပြခဲ့သော Convergence Theory အရ ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်သည် သမိုင်းလမ်းကြောင်း၏ ဆုံချက်နေရာသို့ ရောက်ရှိပြီး ပေါင်းဆုံကြပြီလောဆိုသည့် မေးခွန်း ရှိလာပါ၏။

မာက့်စ်လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်သည်လည်းကောင်း၊ ကွန်မြူနစ်စနစ် ဆိုရှယ်လစ်စနစ် အတွေးအခေါ်သည်လည်းကောင်း ယနေ့ခေတ်ကမ္ဘာ၏ လူမှုဘဝအတွင်း၌ အယူဝါဒတစ်ခုအဖြစ် ရှိနေဆဲ၊ ရှင်သန်လှုပ်ရှားနေဆဲ ဖြစ်ပါ၏။ ငုပ်လျှိုးကျဆင်းနေသည်ဟု ဆိုရမည်လည်း မှချပင်ဖြစ်ပါ၏။

ဒီနေ့ခေတ်ကမ္ဘာသည် ကွန်မြူနစ်စနစ်၊ ဆိုရှယ်လစ်စနစ် အယူအဆများ သိပ်ခေတ်မစားတော့ဘဲ အရင်းရှင်စနစ်၏ ဈေးကွက်စီးပွားရေးစနစ် ခေတ်စားလွှမ်းမိုးနေသည့်ခေတ်ပင် ဖြစ်ပါ၏။ ဒီနေ့ခေတ် အရင်းရှင်ကမ္ဘာတစ်ခုလုံးကို လွှမ်းမိုးနေသော ဈေးကွက်လှုပ်ရှားမှုနှင့် သမ္မတရှီကျင်းပင် ကျင့်သုံးနေသော တရုတ်ပြည် ဆိုရှယ်လစ်ဈေးကွက်စီးပွားရေးစနစ် မည်သို့မည်ပုံ ကွာခြားပုံ၊ ဆက်စပ်ပုံ၊ ဆက်နွှယ်ပတ်သက်ပုံတွေကိုကား ပညာရှင်အဆင့် သုတေသီလောကက နှိုင်းယှဉ်ခွဲခြား သတ်မှတ်ရမည့်သဘော ရှိပါ၏။

မေးရမည့်မေးခွန်းနှင့် ထွက်ရှိလာမည့်အဖြေက ဒီနေ့စနစ်နှစ်ခု၏ ပင်မရေစီးကြောင်းကို ကိုယ်စားပြုသော၊ အမေရိကန်ကိုယ်စားပြုသော နိုင်ငံရေးစနစ်လမ်းကြောင်းနှင့် တရုတ်ပြည်ကိုယ်စားပြုသော နိုင်ငံရေးလမ်းကြောင်း နှစ်ခုသည် ‘ပေါင်းဆုံခြင်း’ သို့ ဦးတည်နေပြီလားဆိုသည့် မေးခွန်းဖြစ်ပါ၏။

ခရုးရှက်လက်ထက်တုန်းက ဆိုဗီယက်ယူနီယံ၏ အသွေးအရောင်ပြောင်းလဲခြင်းကို ရည်ညွှန်းပြီး မော်စီတုန်းက ပြန်လည်ပြင်ဆင်ရေးဝါဒ သို့တည်းမဟုတ် ဆိုရှယ်လစ်စနစ်လမ်းကြောင်းမှ သစ္စာဖောက်သွားခြင်းဟု မှတ်ချက်ချခဲ့ပါသည်။

ဤနေရာတွင် ထွက်ရှိလာသည့်အဖြေကား ရပ်တည်ချက်နှင့် အကျိုးစီးပွားကိုယ်စားပြုမှု မတူညီသည့် နိုင်ငံရေးစနစ်နှစ်ခု၊ လမ်းကြောင်းနှစ်ခုသည် ပေါင်းစည်း၍မဖြစ်နိုင်ကြောင်း၊ ပေါင်းဆုံ၍မဖြစ်နိုင်ကြောင်းပင် ဖြစ်ပါ၏။ နိုင်ငံရေးလမ်းကြောင်းတစ်ခုက အခြားလမ်းကြောင်းတစ်ခုအပေါ် အောင်ပွဲခံခြင်း သို့တည်းမဟုတ် ရှုံးနိမ့်ခြင်းသာ ရှိနိုင်သည်ဆိုသော အဖြေထွက်လာခြင်းသာလျှင် ဖြစ်ပါ၏။

လူသားသမိုင်း၌ ကာလတစ်ခု အောင်ပွဲခံနေပြီး အပေါ်စီးနေရာ၊ ပင်မလမ်းကြောင်းနေရာကို ယူထားသော နိုင်ငံရေးစနစ်လမ်းကြောင်း ကိုယ်တိုင်၌လည်း အမြဲတမ်းအဆက်မပြတ်ပြောင်းလဲနေခြင်းဖြစ်ပါ၏။ အဆုံးမရှိသော ကြောင်လိမ်လှေကားခရီးကို သွားနေခြင်းပင်ဖြစ်ပါ၏။ စီးဆင်းနေသော မြစ်ရေအလျဉ်သည် နောက်ကြောင်းပြန်မလှည့်ခြင်းသကဲ့သို့ ဖြစ်ပါ၏။

**မြန်မာနိုင်ငံ လူမှုအဖွဲ့အစည်း**

ယနေ့မြန်မာနိုင်ငံ လူမှုအဖွဲ့အစည်းတွင် သုံးနှုန်းနေသော ခေတ်စားနေသော စကားတစ်ခုရှိပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေး (သို့မဟုတ်) အမျိုးသားရင်ကြားစေ့ရေး (National Conciliation) ဖြစ်ပါ၏။ မတူညီသည့် နိုင်ငံရေးအုပ်စု၊ မတူညီသည့် ကိုယ်စားပြုမှု၊ မတူညီသည့် နိုင်ငံရေးလမ်းကြောင်း ရှိနေ၍ ဖြစ်ပါ၏။ အမျိုးသားရင်ကြားစေ့ရေးသည် ပြည်သူတစ်ရပ်လုံးက လိုလားတောင့်တနေသည့် သက်ဆိုင်ရာ Stakeholder များကို တောင်းဆိုနေသည့်၊ မျှော်လင့်နေသည့်၊ ပန်ကြားနေသည့် မျှော်လင့်ချက်ဖြစ်ပါ၏။

ဤမတူညီသည့် နိုင်ငံရေးလမ်းကြောင်းကို ဖြေရှင်းသည့်နည်း သင့်မြတ်စေသည့်နည်းလမ်းမှာ နစ်နာဆုံးရှုံးမှုနည်းသော နည်းလမ်းဖြစ်ပါသည်။ တစ်ဖက်ကတစ်ဖက်ကို အပြတ်ရှင်းသောနည်းလမ်း၊ စစ်အင်အားဖြင့် အနိုင်ယူသောနည်းလမ်း၊ လူထုအုံကြွမှုဖြင့် အရေးအခင်းကြီးတွေဖြင့် အဆုံးအဖြတ်ကို ရယူသောနည်းလမ်းတို့ကို ရွေးချယ်ကျင့်သုံးပါက ပေးဆပ်ရမည့် အရင်းအနှီးကား ကြီးမားမည်ဖြစ်ပါသည်။ နိုင်ငံတော်နှင့် ပြည်သူလူထု၏ နစ်နာဆုံးရှုံးမှုပမာဏ ကြီးမားမည်ဖြစ်ပါ၏။ ထို့ကြောင့် တဖက်ကတစ်ဖက်ကို နာခံစေသည့်၊ အနိုင်ယူသည့်၊ ပုံစံသွင်းသည့်၊ ဇာတ်သွင်းသည့်နည်း မဟုတ်ဘဲ -
(၁) လွတ်လပ်စွာ သဘောကွဲလွဲခွင့်ရှိပြီး မိမိအယူအဆကို လူထုအား လွတ်လပ်စွာရှင်းပြပြီး လူထု၏အဆုံးအဖြတ်ကို ခံယူသောနည်းလမ်း၊
(၂) နံပါတ်(၁)နည်းလမ်းကို အခြေခံပြီး သမိုင်းနောက်ခံမတူ၊ ယဉ်ကျေးမှုနှင့် စာပေ၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှုတွေ မတူကြသည့် လူမျိုးအုပ်စုများကို ကိုယ်စားပြုသော ဒေသနယ်ပယ်များ၏ ကိုယ်ပိုင်ရပ်တည်ဆုံးဖြတ်ခွင့်ကို အခြေခံသော တန်းတူအခွင့်အရေးရှိသော ဒေသယူနစ်များဖြင့် ဖွဲ့စည်းထားသော ချိတ်ဆက်ပေါင်းစည်းထားသော ခေတ်သစ်ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို တည်ဆောက်ခြင်းဖြင့်သာ မည်သူကမျှ မည်သူ့ကို အနိုင်ယူခြင်း၊ အရှုံးပေးရခြင်းမဟုတ်ဘဲ ပြည်သူလူထု၏ဆန္ဒအရ ဖွဲ့စည်းတည်ဆောက်ထားသော ဆန့်ကျင်ဘက်များ စနစ်တကျ ချိတ်ဆက်ညီညွတ်နေသော လုပနေသော လူမှုအဖွဲ့အစည်းတစ်ခု ဖြစ်လာမည်ဖြစ်ပါ၏။ စစ်မှန်သော အမျိုးသားရင်ကြားစေ့ရေး အဖြေထွက်လာမည်ဖြစ်ပါ၏။ ပြည်သူတွေ အောင်ပွဲခံမည်ဖြစ်ပါ၏။

လူသားသမိုင်းတွင် လူမျိုးနှင့်နိုင်ငံတော်ဟူ၍ ပေါ်ပေါက်လာခဲ့သည်မှာ ဘယ်လောက်မှ ကြာခဲ့သည်မဟုတ်ပါ။ ပီပြင်တိကျသော အခြေခံဥပဒေများဖြင့် နိုင်ငံတော်များ ပေါ်ထွန်းလာခဲ့သည်မှာ ရာစုနှစ်ပေါင်း အနည်းငယ်သာရှိသည်ဟု ဆိုရမည်ဖြစ်ပါသည်။

သဘာဝနိယာမတရား၊ သမိုင်း၏ နိယာမတရားက ယခုမြန်မာနိုင်ငံဟု သတ်မှတ်ထားသော နယ်မြေနယ်နိမိတ်အတွင်းတွင် ခေတ်သစ်ကမ္ဘာနှင့် လိုက်လျောညီထွေဖြစ်သော နိုင်ငံတော်တစ်ခုတည်ဆောက်ရန် အချိန်နှင့်ဟင်းလင်းပြင် အတိုင်းအတာတစ်ခု ခွင့်ပြုပေးထားပြီးဖြစ်ပါသည်။

အာဏာဖြင့်၊ လူဦးရေအင်အားဖြင့် ဇာတ်သွင်းခြင်းမဟုတ်ဘဲ မတူကွဲပြားစွာတည်ရှိမှု၊ ကိုယ်စားပြုမှုကို အသိအမှတ်ပြုပြီး ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်မှုအရ စုပေါင်းတည်ဆောက်ထားသော မျက်မှောက်ခေတ်ကမ္ဘာ၏ စံချိန်စံညွှန်းနှင့် လိုက်လျောညီထွေဖြစ်သော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်ရမည်ဖြစ်ပါသည်။ မိသားစုတိုင်းက မိမိ မိသားစု၏ ကံကြမ္မာကို မိမိဖန်တီးခွင့်ရှိ၍ စုပေါင်းနေထိုင်သော ရွာကြီးတစ်ရွာကို စုပေါင်းတည်ဆောက်ရမည်ဖြစ်ပါ၏။ ။

**ဦးလုံဂျုံဆန်မိုင်**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

## ကျေးရွာမီးလင်းရေးလုပ်ငန်း ဖွင့်ပွဲကျင်းပ

**ညောင်ဦး နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အောက်ညဥ့်ကျေးရွာအုပ်စု သူကောင်းတည်ကျေးရွာ၌ ဆောင်ရွက်ခဲ့သော လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို နိုဝင်ဘာ ၂၁ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် သူကောင်းတည်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော်၊ ညောင်ဦးမြို့နယ် မဲဆန္ဒနယ်မြေ(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်၊ မဲဆန္ဒနယ်မြေ(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိန်၊ လျှပ်စစ်မီးအလှူရှင် DENKO ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးနှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌတို့က ဖွင့်ပွဲဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်ခလုတ်နှိပ်၍ မီးလင်းရေးလုပ်ငန်းများကို ဖွင့်လှစ်ပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ညောင်ဦးခရိုင်လျှပ်စစ်မန်နေဂျာ ဦးကျော်မျိုးအောင်က ကျေးရွာမီးလင်းရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှုများနှင့် ကျေးလက်နေပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် သိရှိလိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန်များကို ပညာပေး ဆွေးနွေးပြောကြားခဲ့သည်။

သူကောင်းတည်ကျေးရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ကြီးမှူး၍ ညောင်ဦးမြို့နယ် လျှပ်စစ်မန်နေဂျာရုံးက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ မီးလင်းရေးလုပ်ငန်းများအတွက် ၁၁/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာနှစ်လုံး၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၀.၂ မိုင်နှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၇ မိုင်တို့ကို တည်ဆောက်ခဲ့ပြီး စုစုပေါင်းကုန်ကျငွေ ကျပ် ၇၁ ဒသမ ၇ သန်း ဖြစ်ကြောင်း သိရသည်။ ကုန်ကျစရိတ်များအတွက် ဆရာတော်နှစ်ပါးက အလှူငွေကျပ် ၁၃၅ သိန်း၊ DENKO ကုမ္ပဏီက ကျပ် ၂၆၆ သိန်း လှူဒါန်းပြီး အခြားအလှူရှင်များ ထည့်ဝင်လှူဒါန်းငွေ ကျပ် ၃၁ သိန်းနှင့် ကျေးရွာလူထုထည့်ဝင်ငွေ ကျပ် ၂၉၇ သိန်းတို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မီးလင်းရေးလုပ်ငန်းများမှာ အောက်တိုဘာလကုန်ပိုင်းက ပြီးစီးခဲ့ခြင်းဖြစ်ရာ ယခုအခါ သူကောင်းတည်ကျေးရွာမှ ဒေသခံပြည်သူများအနေဖြင့် ၂၄ နာရီ လျှပ်စစ်မီးရရှိ အသုံးပြုနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)
## ရွှေစာရံဘုရားလမ်း၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေး

# (၁၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၏ (၁၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

(က) **ကျင်းပမည့်ရက်** - ၂၃-၁၂-၂၀၁၇ရက် (စနေနေ့)မွန်းလွဲ ၁နာရီ
(ခ) **ကျင်းပမည့်နေရာ** - မန္တလေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ
(ဂ) **အစမ်းလေ့ကျင့်မည့်ရက်** - ၂၂-၁၂-၂၀၁၇ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီ
(ဃ) **ကျင်းပမည့်နေရာ** - မန္တလေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ
(င) **ဘွဲ့နှင်းသဘင်ကြေး** - ၁၅၀၀ ကျပ်
(စ) **အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး** - ၁၀၀၀ ကျပ်
(ဆ) **လျှောက်လွှာစတင်လက်ခံမည့်ရက်** - ၄-၁၂-၂၀၁၇ရက်
(ဇ) **လျှောက်လွှာနောက်ဆုံးတင်ရမည့်ရက်** - ၁၉-၁၂-၂၀၁၇ရက်

၂။ အဆိုပါ (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၏ အထူးပြုဘာသာရပ်များအလိုက်စတုတ္ထနှစ်အောင်မြင်ခဲ့သူများ၊ တတိယနှစ် (ဂုဏ်ထူးတန်း)အောင်မြင်ခဲ့သူများ၊ ဘွဲ့လွန်အနုပညာဒီပလိုမာ(၁)နှစ်သင်တန်း အောင်မြင်ခဲ့သူများနှင့် ဘွဲ့လွန်စာကြည့်တိုက်စီမံခန့်ခွဲမှုပညာဒီပလိုမာဘွဲ့ (နေပြည်တော်)အောင်မြင်ခဲ့သူများအား ဘွဲ့ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ပါသည်။

၃။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းသားဝတ်စုံ အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)၊ သင်တန်းရေးရာဌာနတွင်ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ပတ်စ်ပို့အရွယ် ၂လက်မ၊ ၁လက်မခွဲ ဓာတ်ပုံ (၂)ပုံပူးတွဲလျက် သတ်မှတ်ရက်အတွင်း တင်သွင်းကြရမည်ဖြစ်ပါသည်။

**မှတ်ချက် -** ဘွဲ့ဝတ်စုံငှားရန်လျှောက်လွှာပုံစံများကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်မှစ၍ သင်တန်းရေးရာဌာနမှ ထုတ်ပေးမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များသိလိုပါက သင်တန်းရေးရာဌာန ဖုန်း-၀၈၅-၄၀၁၈၄၊ ၀၉-၃၃၃၁၁၈၈၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**(မော်ကွန်းထိန်း)**
**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)**

# တပ်မတော်ရိက္ခာအတွက် စပါးဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ခုနှစ် တပ်မတော်ရိက္ခာအတွက် ဧည့်မထအမျိုးအစားစပါးကို ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါနေရာများ၌ ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်မှ စတင်ဝယ်ယူပါမည်။

**(က) မွန်ပြည်နယ်**
(၁) မော်လမြိုင်
(၂) သထုံ
(၃) ပေါင်
(၄) မုဒုံ
(၅) သံဖြူဇရပ်
(၆) ချောင်းဆုံ
(၇) ကျိုက်မရော
(၈) ရေး
(၉) ဘီးလင်း
(၁၀) ကျိုက်ထို

**(ခ) ရန်ကုန်တိုင်းဒေသကြီး**
(၁) သန်လျင်
(၂) ခရမ်း
(၃) လှည်းကူး
(၄) တိုက်ကြီး
(၅) ထန်းတပင်

**(ဂ) ရခိုင်ပြည်နယ်**
(၁) စစ်တွေ
(၂) ကျောက်တော်
(၃) မြောက်ဦး
(၄) မင်းပြား
(၅) ရသေ့တောင်
(၆) ကျောက်ဖြူ
(၇) တောင်ကုတ်

**(ဃ) စစ်ကိုင်းတိုင်းဒေသကြီး**
(၁) ကန့်ဘလူ
(၂) ကသာ
(၃) တန့်ဆည်
(၄) ကလေး
(၅) ရွှေဘို
(၆) ရေဦး
(၇) ခင်ဦး
(၈) ဒီပဲယင်း

**(င) ပဲခူးတိုင်းဒေသကြီး**
(၁) အုတ်တွင်း
(၂) ဖြူး
(၃) ကျောက်တံခါး
(၄) ညောင်လေးပင်
(၅) ဒိုက်ဦး
(၆) သနပ်ပင်
(၇) ရေတာရှည်
(၈) တောင်ငူ

၂။ ပေးသွင်းရမည့် စပါးအရေအတွက်၊ စပါးအရည်အသွေးသတ်မှတ်ချက်၊ ပေးသွင်းရမည့်နေရာ၊ ပေးသွင်းရမည့်ကာလစသည့် အသေးစိတ်အချက်အလက်များနှင့် တင်ဒါပုံစံတို့အား အထက်ပါနေရာများရှိ တိုင်းစစ်ဌာနချုပ်များ၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ရင်းများနှင့် တပ်ရင်း၊ တပ်ဖွဲ့များတွင် စုံစမ်းနိုင်ပါသည်။

၃။ ကိုယ်တိုင်စပါးစိုက်ပျိုးထုတ်လုပ်ပြီး တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း စပါးတင်း(၁၀၀)နှင့်အထက် ရောင်းချပေးသွင်းနိုင်သည့် တောင်သူများအနေဖြင့် အထက်ပါနေရာများနှင့် ဧည့်မထအမျိုးအစားစပါးကို ဒေသန္တရဈေးနှုန်းအရ လက်ငင်းငွေပေးချေသည့်စနစ်ဖြင့် ရောင်းချပေးသွင်းနိုင်ပါသည်။

**စစ်ထောက်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

### ဖခင်အမည်မှန်
ရမည်းသင်းမြို့နယ်၊ ရွာတန်း(အထက) နဝမတန်း (A)မှ မတင်ဇာဝင်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဝင်း ၉/ရမသ(နိုင်)၁၀၀၆၂၁ ဖြစ်ပါကြောင်း။ **ဦးမြင့်ဝင်း**

### ဖခင်အမည်မှန်
ရမည်းသင်းမြို့နယ်၊ မြိုင်သာယာ(အလက)ခွဲ သတ္တမတန်းမှ မောင်သက်ဝေစိုး၏ ဖခင်အမည်မှန်မှာ ဦးမြလွင် ၉/ရမသ(နိုင်)၁၂၁၁၆၈ ဖြစ်ပါကြောင်း။ **ဦးမြလွင်**

### မိခင်အမည်မှန်
ရမည်းသင်းမြို့နယ်၊ မြို့လှ(အထက)အဋ္ဌမတန်းမှ မောင်ဝေယံစိုး၏ မိခင်အမည်မှန်မှာ ဒေါ်အေးသန်း ၉/ရမသ(နိုင်)၀၆၄၇၀၇ ဖြစ်ပါကြောင်း။ **ဒေါ်အေးသန်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်တက္ကသိုလ်၊ ဒုတိယနှစ် Zoologyမှ မနီနီအောင်နှင့် လောင်းလုံးမြို့နယ်အထက(ခွဲ)ဝေဒီ အဋ္ဌမတန်းမှ မောင်ညီညီအောင်တို့၏ ဖခင်ဦးကျော်မြင့်ဦးနှင့် ဦးကျော်ဦး ၁၀/ရမန(နိုင်)၀၀၁၅၅၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကျော်မြင့်ဦး(ခ)ဦးကျော်ဦး**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ Japan ODA Loan မှကျခံပြီး Steel Plate & Accessories များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၆-၁၁-၂၀၁၇ ရက်မှ ၁၅-၁၂-၂၀၁၇ ရက်(ရုံးချိန်အတွင်း)
(ခ) **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၁၅-၁၂-၂၀၁၇ ရက် မွန်းတည့် ၁၂:၀၀ နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၅-၁၂-၂၀၁၇ ရက် မွန်းလွဲ ၁၃:၀၀ နာရီ
(ဃ) **အိတ်ဖွင့်တင်ဒါဝယ်ယူ/တင်သွင်းရမည့်နေရာ** - ရုံးအမှတ်(၄၃)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်

